# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ အင်္ဂါနေ့ အတွဲ (၆၀)၊ အမှတ် (၀၄၁)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း ပြောကြားစဉ်။ သတင်းစဉ်

ကိုဗစ် – ၁၉ရောဂါ ကြားထဲကနေ ရွေးကောက်ပွဲများ အောင်အောင်မြင်မြင်နဲ့ ဖြစ်မြောက်အောင်လုပ်ပေးကြတဲ့ ပြည်သူလူထုအားလုံးကို အင်မတန်မှ ကျေးဇူးတင်ပါတယ်။ အထူးပဲ ဂုဏ်ပြုပါတယ်လို့ ပြောရင်းနဲ့ စချင်ပါတယ်။ အခု ရွေးကောက်ပွဲမှာဆိုရင် ပြည်သူတွေ လုံလုံခြုံခြုံနဲ့၊ ကျန်းမာရေးဘက်က လုံလုံခြုံခြုံနဲ့ မဲပေးနိုင်ဖို့အတွက် ကျွန်မတို့အင်မတန်မှ ကြိုးစားခဲ့ပါတယ်။ ကြိုးစားခဲ့ရကျိုးလည်း နပ်တယ်လို့လည်း ကျွန်မတို့က မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေကလည်း တက်တက်ကြွကြွနဲ့ ပါဝင်တယ်၊ မဲပေးကြတယ်။ အစီအစဉ်တွေကလည်း အင်မတန်မှ စနစ်ကျတယ်၊ အင်မတန်မှ ကျေနပ်ဖွယ်ရာကောင်းတယ်ဆိုတဲ့ အသံတွေလည်း ကြားရလို့ ကျွန်မတို့အနေနဲ့ အင်မတန်မှလည်း အားရပါတယ်။ ဒီလိုဖြစ်မြောက်ရေးအတွက်ကို ကျေးဇူးတင်ရမှာကတော့ ပထမဦးဆုံးကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပေါ့။ နောက်ပြီးတော့ ရွေးကောက်ပွဲကော်မရှင်ကို ဝိုင်းဝန်းပံ့ပိုးပေးကြတဲ့ ဌာနအသီးသီးပေါ့။ ဒါပေမယ့် ပထမဦးဆုံးကတော့ ပြည်သူပေါ့။ အားလုံးအထက်ကတော့ ပြည်သူပဲ။ ပြည်သူသာလျှင် အဓိက၊ ပြည်သူမပါဘဲနဲ့ ဘာမှအောင်မြင်နိုင်မှာ မဟုတ်ပါဘူး။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

> “ပြည်သူတွေအနေနဲ့ ကြံ့ကြံ့ခိုင် ခံနိုင်ဖို့နဲ့ ကိုယ့်ရဲ့ ကျန်းမာရေးကို ဂရုစိုက်ကြပါ။ အခြေခံကျန်းမာရေးကောင်းရင် ကိုဗစ်ရောဂါကို အောင်အောင်မြင်မြင်နဲ့ ကျော်လွှားနိုင်မယ်ဆိုတာတော့ အများသိပြီးသားလို့ ထင်ပါတယ် ”

## ရန်ကုန်တက္ကသိုလ်က အပ်နှင်းချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ

စာ ၆၊ ၇

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး ၊ အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၉**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

နိုဝင်ဘာ ၁၀ ရက် ညနေတွင် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❁


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ပြည်သူ့ အဆုံးအဖြတ်မှ ပြည်သူ့ အစိုးရဆီသို့

မြန်မာနိုင်ငံ၏ ငါးနှစ်တစ်ကြိမ် ရွေးကောက်ပွဲများ ကျင်းပပြီးစီးခဲ့ပြီးနောက် မဲများစတင်ရေတွက်နေပြီ။ အချို့သော မဲဆန္ဒနယ်တို့ရှိ မဲအနည်းအများ၊ အနိုင်အရှုံး စာရင်းများကိုလည်း ရွေးကောက်ပွဲကော်မရှင်က စတင်ကြေညာနေပြီ ဖြစ်သည်။

အများပြည်သူတို့အကြား၌ နေရာအများစုတွင် မည်သူအနိုင်ရမလဲ၊ မည်သည့် နိုင်ငံရေးပါတီက လွှတ်တော်များကို ဦးဆောင်ဦးရွက်ပြုမလဲ၊ မည်သူတွေက ဒုတိယသမ္မတများ ဖြစ်လာကာ မည်သူက နိုင်ငံတော်သမ္မတ ဖြစ်လာမလဲ၊ မည်သည့်ဝန်ကြီးများဖြင့် အစိုးရအဖွဲ့ ဖွဲ့မလဲ၊ တိုင်းဒေသကြီးများတွင် မည်သူတွေက ဝန်ကြီးချုပ်များဖြစ်လာမလဲ အစရှိသည့် တွက်ဆမှုများ၊ ခန့်မှန်းမှုများ၊ သိလိုစိတ်များဖြင့် မေးခွန်းတို့ လှိုင်းထနေပြီ ဖြစ်ပေသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော နိုင်ငံရေးပါတီများထဲမှ အနိုင်ရရန်သေချာနေသည့် ပါတီများကလည်း ထိုမေးခွန်းများကို ဖြေဆိုရန် ပြင်ဆင်ရေးဆွဲ ညှိနှိုင်းနေကြပေမည်။ အနိုင်မရသည့် နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များသည်လည်း သိလိုနေကြပေမည်။

နိုင်ငံရေးခေါင်းဆောင်များသည် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ရွေးကောက်ပွဲရလဒ်များကို လက်ခံကြရန် အသင့်ဖြစ်နေလောက်ပြီ။ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ပြီဟု သေချာနေသည့် အချို့သော နိုင်ငံရေးခေါင်းဆောင်တို့က မဲပေးသည့် ပြည်သူလူထုကို ကျေးဇူးတင်ရင်း၊ အနိုင်ရသည့် ပြည်သူ့ကိုယ်စားလှယ်များကို ဂုဏ်ပြုခြင်းဖြင့် မိမိတို့၏ နိုင်ငံရေးယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို ဖော်ပြကြကုန်သည်။

အလွန် ယဉ်ကျေးဖွယ်ရာသော နိုင်ငံရေးသမားများအဖြစ် လူထု၏ အဆုံးအဖြတ်ကို ကျေကျေနပ်နပ်လက်ခံကြသည်မှာ အနာဂတ် နိုင်ငံရေးအတွက် အားတက်စရာအဖြစ် ပြည်သူတို့က ရှုမြင်နေကြသည်။ နိုင်ငံရေးသမားများအဖို့ ရွေးကောက်ပွဲသည် ပန်းတိုင်မဟုတ်။ ဆက်လက်လျှောက်လှမ်းရမည့် နိုင်ငံရေးခရီးလမ်းအတွက် အဆင့်တစ်ခုသာဖြစ်၏။ ပြည်သူ့အဆုံးအဖြတ်ကို လေးစားသည့် ပြည်သူလူထုကို ယုံကြည်သည့် နိုင်ငံရေးသမားတို့သည် မဲမရခဲ့သည့်တိုင် ပြည်သူလူထု၏ မေတ္တာကိုဖြင့် ရကြမည်သာ။

ဤသည်ပင် ဒီမိုကရေစီစနစ် နိုင်ငံရေး၏ ကျက်သရေရှိမှုဖြစ်ပါသည်။ ပြည်သူလူထုသည် မိမိတို့၏ ဘဝများကို ပုံပေးရမည့် အဆုံးအဖြတ်အဖြစ် ရွေးကောက်ပွဲကို သဘောထားပါသည်။ ရွေးကောက်ပွဲသည် ထီထိုးခြင်းမဟုတ်ဟု သဘောထား၏။ အထူးသဖြင့် ရှားရှားပါးပါး ခုမှရခါစ အခွင့်အရေးအဖြစ် ရွေးကောက်ပွဲများကို ရှုမြင်ကြ၏။

ဤ အခွင့်အရေးကို မဖြစ်မနေယူမည်၊ မဲရုံများဆီသို့ မရောက်ရောက်အောင်သွားမည်၊ မရရအောင် မဲပေးမည်၊ စိတ်ထားမွန်မြတ်စွာ မျှတသန့်ရှင်းသော ရွေးကောက်ပွဲဖြစ်အောင် ဝိုင်းဝန်းမည်၊ မိမိတို့ ယုံကြည်သူကို မဲပေးမည်၊ မမှားအောင်ပေးမည်။ လူမမှားစေရ။ ပါတီမမှားစေရ။ တံဆိပ်မမှားစေရ။

ယင်းသည် အသည်းနှလုံးထဲမှလာသည့် ခံစားချက်နှင့် မိမိဘဝအတွက် ဘာအကောင်းဆုံးဖြစ်မလဲဟူသော တွေးတောစဉ်းစားချက်တို့ကိုပေါင်းစပ်သည့် ယုံကြည်ချက်ကို အခြေခံကာ ရွေးချယ်မဲပေးခြင်းဖြစ်၏။

ပြည်သူလူထုသည် ဘဝနှင့်ရင်း၍ စဉ်းစားရွေးချယ်ကာ မဲပေးကြခြင်းဖြစ်သည်။ ပြည်သူလူထု၏ အဆုံးအဖြတ်ကို ဂုဏ်ပြုကျေးဇူးတင်ကာ အလေးအနက်ထားကြခြင်းဖြင့် နိုင်ငံရေးခေါင်းဆောင်တို့သည် မိမိတို့၏ နိုင်ငံရေးရေချိန်မြင့်ကြောင်း၊ နိုင်ငံရေးယဉ်ကျေးမှုမြင့်ကြောင်းကို ဖော်ပြနေကြသည်။

ပြည်သူလူထု၏ ရွေးကောက်ပွဲ အဆုံးအဖြတ်သည် အတည်ဖြစ်၏။ ပြည်သူလူထု၏ နိုင်ငံရေးအဆုံးအဖြတ်သည် ခမ်းနားကြီးကျယ်၏။ ပြည်သူလူထုသည် သမိုင်းကို ဖန်တီးရေးသားသူများဖြစ်၏။ ပြည်သူလူထုသည် နိုင်ငံ၏အနာဂတ်ကို အဆုံးအဖြတ်ပေးမည့်သူများဖြစ်၏။

ယခု ရွေးကောက်ပွဲ၏ ရလဒ်အတိုင်း လွှတ်တော်များနှင့် အစိုးရအဖွဲ့ ဖွဲ့စည်းတာဝန်ယူကာ ငြိမ်းချမ်းသာယာတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အမြန်ဆုံး တည်ဆောက်နိုင်ပါစေသတည်း။ ။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- ❖ COVID–19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသောလူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- ❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂) ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- ❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- ❖ အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- ❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉–၅၁၃၀၄၁၈
  - ၀၉–၅၄၀၂၀၉၈
  - ၀၉–၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## သုံးခွမြို့နယ် ၃၃ / ၁၁ ကေဗွီ ၅ အမ်ဗွီအေ ဒေါင့်ကြီးဓာတ်အားခွဲရုံနှင့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၉**

သုံးခွမြို့နယ် ၃၃ / ၁၁ ကေဗွီ ၅ အမ်ဗွီအေ (ဒေါင့်ကြီး ) ဓာတ်အားခွဲရုံနှင့် ဖရုံလမ်းခွဲ-အဇန်းတောစွန်း- ပင်လယ်ချောင် ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားတို့ကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါဓာတ်အားခွဲရုံနှင့် ကျေးလက်လမ်းတို့တွင် ကျင်းပသည်။

ရှေးဦးစွာ ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး (ယာပုံ) ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသမကျန် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း ကျေးရွာ ၃၅၅ ရွာသာ ကျန်ရှိတော့ကြောင်း၊ ယူနစ်များခြင်း၊ နည်းခြင်း၊ မီတာမှားယွင်းဖတ်ရှုခြင်း ပြဿနာများအပြင် မီတာခကိုလည်း ဖုန်းမှတစ်ဆင့် ပေးဆောင်သွားနိုင်ရန်နှင့် မီးပျက်သည့် အိမ်ကို Control Center ကနေ သိရှိပြီး လာရောက်ပြင်ဆင်ပေးနိုင်ရန် AMI ( Advanced Metering Infrastructure) နည်းပညာစနစ်ကို တပ်ဆင်ပြီးဖြစ်ကြောင်းနှင့် လျှပ်စစ်ဓာတ်အား ရရှိလာသည့်အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လမ်းအရှည် ၈ မိုင် ၆ ဖာလုံ ပေ (၄၆၂၀၀)၊ အကျယ် ၁၂ ပေရှိ ဖရုံလမ်းခွဲ – အဇန်းတောစွန်း– ပင်လယ်ချောင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ကမ္ပည်းကျောက်စာမော်ကွန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက ဓာတ်အားခွဲရုံနှင့် ကျေးလက်လမ်းဖွင့်လှစ်ပေးမှုအပေါ် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ဓာတ်အားခွဲရုံအား တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၉ –၂၀၂၀ ဘတ်ဂျက်ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအား ပြည်ထောင်စုအစိုးရနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဘဏ္ဍာငွေတို့ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန်/ဆက်)

## နေပြည်တော်၌ ၂၀၂၀ ပြည့်နှစ် ဆောင်းရာသီချေးငွေ စတင်ထုတ်ချေး



**နေပြည်တော် နိုဝင်ဘာ ၉**

နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပျဉ်းမနားမြို့နယ်ဘဏ်ခွဲတွင် ၂၀၂၀ ပြည့်နှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်အတွက် ကျေးရွာအုပ်စု ရှစ်အုပ်စုရှိ တောင်သူ ၁၁၈၃ ဦးသို့ စိုက်ပျိုးဧက ၅၂၅၇ အတွက် ငွေကျပ် သန်း ၅၂၅ ဒသမ ၇၀ အား နိုဝင်ဘာ ၉ ရက်မှ စတင်ထုတ်ချေးနေပြီဖြစ်ကြောင်းနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် Computerized System ကို အသုံးပြုပြီး ၂၀၂၀ ဆောင်းချေးငွေမှ စတင်၍ Saving Passbook အသစ်များဖြင့် လဲလှယ်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**❐ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပရေးနဲ့ ကိုဗစ် - ၁၉ ကို အောင်မြင်စွာကျော်လွှားရေး၊ ဒီနှစ်ခုကိုကြည့်တဲ့အခါ တစ်ခုကိုတော့ ကျော်လွှားခဲ့ပြီး နောက်တစ်ခုကိုတော့ အောင်မြင်စွာကျော်လွှားအောင်လို့ ဝိုင်းဝန်းပြီးတော့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲဒါကိုလည်း ပြည်သူတွေရဲ့စိတ်ဓာတ်နဲ့ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ အောင်မြင်မယ်လို့ ကျွန်မတို့ ယူဆပါတယ်။**

**❐ ကိုဗစ်နောက်ပိုင်းကာလမှာ စီးပွားရေးမကျဆင်းအောင်လို့ စီးပွားရေးပြန်ပြီးတော့ တက်လာအောင်လို့ လုပ်ရမယ့်အစီအစဉ်တွေကိုလည်း ပြည်သူတွေနဲ့ မျှဝေပြီးတော့ ပြည်သူတွေရဲ့ ပါဝင်ပူးပေါင်းမှုနဲ့ အောင်မြင်အောင်လုပ်ဖို့ ကျွန်မတို့ ရည်ရွယ်ထားပါတယ်။**

❍ *ရှေ့ဖုံးမှ*

ဒါကြောင့် အခုရွေးကောက်ပွဲမှာ အောင်အောင်မြင်မြင်ဖြစ်တာလည်း ပြည်သူကြောင့်ပါပဲ။

ရွေးကောက်ပွဲဆိုတော့ ရွေးကောက်ပွဲအကြောင်းပဲ အခုပြောချင်ကြတာပေါ့။ ဒါပေမယ့် ကျွန်မအနေနဲ့ ကိုဗစ် - ၁၉ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌအနေနဲ့ ပြောနေတယ်ဆိုတော့ ကိုဗစ် - ၁၉ အကြောင်းပဲ ပြောပါမယ်။ ရွေးကောက်ပွဲအကြောင်းကိုတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သင့်တော်တဲ့အချိန်မှာ ပြောမှာဖြစ်ပါတယ်။ ကျွန်မတို့အခုဆိုရင် စိန်ခေါ်မှုကြီး (၂)ခုပေါ့။ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပရေးနဲ့ ကိုဗစ် - ၁၉ ကို အောင်မြင်စွာ ကျော်လွှားရေး၊ ဒီနှစ်ခုကိုကြည့်တဲ့အခါ တစ်ခုကိုတော့ ကျော်လွှားခဲ့ပြီ၊ နောက်တစ်ခုကိုတော့ အောင်မြင်စွာကျော်လွှားအောင်လို့ ဝိုင်းဝန်းပြီးတော့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲဒါကိုလည်း ပြည်သူတွေရဲ့ စိတ်ဓာတ်နဲ့ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ အောင်မြင်မယ်လို့ ကျွန်မတို့ ယူဆပါတယ်။ သိတဲ့အတိုင်းပဲ တစ်ပတ်၊ နှစ်ပတ်အတွင်းမှာဆိုရင် ကိုဗစ် - ၁၉ ပြန့်ပွားမှုဟာ တန့်နေတဲ့ သဘောရှိပါတယ်။ ဒါပေမယ့် သေသေချာချာ ကျအောင်လို့လုပ်ဖို့ဟာ အများကြီးလိုပါသေးတယ်။ ဒါလည်း အားလုံးပူးပေါင်းပြီး ဆောင်ရွက်ကြမယ်လို့ ယုံကြည်ပါတယ်။ ဒီဟာနဲ့ ပတ်သက်ရင် ကိုဗစ် - ၁၉ ကြောင့် ရွေးကောက်ပွဲကာလမှာ ကန့်သတ်ချက်တွေထားရပါတယ်။ အဲ့ဒါကိုလည်း တချို့ပြည်သူတွေက မဝံ့မရဲဖြစ်ခဲ့တယ်ဆိုရင် ကျွန်မအနေနဲ့ တောင်းပန်ပါတယ်။ ရွေးကောက်ပွဲမှာဆိုတော့ အားလုံးက တက်တက်ကြွကြွနဲ့ ကိုယ်ရဲ့ဆန္ဒကို ထုတ်ဖော်ပြောချင်တယ်။ ရွေးကောက်ပွဲမတိုင်မီကာလမှာလည်း ဒီလိုပဲ ထုတ်ဖော်ပြောချင်ကြတယ်။ ရွေးကောက်ပွဲပြီးတဲ့အခါကျတော့လည်း လူစုလူဝေးနဲ့ ရလဒ်တွေကို နားထောင်ချင်ကြတယ်။ နောက်ပြီးတော့ ဆွေးနွေးချင်ကြတယ်။ ဒါတွေကတော့ အင်မတန်မှ သဘာဝကျပါတယ်။ သို့သော်ငြားလည်း ကျန်းမာရေးလိုအပ်ချက်အရ ကျွန်မတို့အနေနဲ့ ဒီလို လူစုလူဝေးလုပ်ခြင်းကို ရှောင်ကြဉ်ပါဆိုပြီးတော့ မေတ္တာရပ်ခံခဲ့ရပါတယ်။ အဲဒါကိုလည်း ပြည်သူလူထုအနေနဲ့ လိုက်လျောပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ လူစုလူဝေးတွေကတော့ ဖြစ်ခဲ့တာလေးတွေလည်း ရှိပါတယ်။ ဒါကတော့ မလွှဲမရှောင်သာဘူးလို့ပဲ ကျွန်မတို့ ဒီလိုပဲ ကြည့်ရပါတယ်။ ရွေးကောက်ပွဲကာလမှာ ဒီလောက်ဖြစ်တယ်ဆိုတာကတော့ သိပ်ပြီးတော့ အံ့အားသင့်စရာအကြောင်း မရှိပါဘူး။

နောက်တစ်ခုကလည်း ကိုဗစ် - ၁၉ ရောဂါနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေ၊ ကန့်သတ်ချက်တွေကြောင့် မဲမပေးနိုင်ခဲ့တဲ့ ပြည်သူတွေကိုလည်း ကျွန်မအနေနဲ့ တောင်းပန်ချင်ပါတယ်။ ဥပမာဆိုရင် ရွေးကောက်ပွဲနဲ့ အင်မတန်မှနီးတဲ့ ရွေးကောက်ပွဲမတိုင်မီ (၁)ရက်၊ (၂)ရက် မှာ Quarantine ဝင်ရတဲ့ သူတွေ၊ ဒါမှမဟုတ် ဆေးရုံတက်ရတဲ့သူတွေ အဲဒီလို ပြည်သူတွေအတွက် ကျွန်မတို့က မဲပေးဖို့စီစဉ်ပေးဖို့ အချိန်မရှိလို့ မစီစဉ်နိုင်ခဲ့ပါဘူး။ နောက်ပြီးတော့လည်း အသွားအလာကန့်သတ်ချက်တွေကြောင့် ဥပမာဆိုရင် ကျွန်မ နားလည်သလောက်တော့ မူဆယ်မှာပိတ်မိနေတဲ့ ယာဉ်မောင်းတွေဟာ ရွေးကောက်ပွဲမှာ မဲမပေးခဲ့ရလို့ စိတ်မကောင်းကြဘူးလို့ ကြားရပါတယ်။ ဒါလည်း ကျွန်မ စိတ်မကောင်းပါဘူး။ ဒါပေမယ့် ဒီအချိန်မှာတော့ ဒီလိုအသွားအလာအကန့်အသတ်တွေလုပ်ထားတဲ့ အခါကျတော့ အားလုံးအတွက် စီစဉ်ပေးဖို့ဆိုတာ နည်းနည်းခက်ခဲသွားပါတယ်။ ဒါပေမယ့် ကျွန်မပြောသလိုပဲ ရွေးကောက်ပွဲကိစ္စကတော့ ကျန်းမာရေးစည်းမျဉ်း စည်းကမ်းတွေနဲ့ ကိုက်ညီစွာ ကျော်လွှားခဲ့ပါပြီ။

နောက်လာမယ့်အပတ်တွေမှာ ကျွန်မတို့အနေနဲ့ ကိုဗစ်–၁၉ ရောဂါကို ကျော်လွှားရေး၊ အောင်နိုင်ရေးကို အထူးအလေးထားပြီးတော့ လုပ်သွားကြမှာ ဖြစ်ပါတယ်။ လုပ်ဖို့လည်း လိုပါတယ်။ ခဏခဏ ကျွန်မပြောတဲ့အတိုင်းပဲ ကာကွယ်ဆေးတစ်ခုကတော့ ပေါ်ဖို့ဆိုတာလည်း သိပ်မကြာတော့ဘူးလို့ မှန်းဆပါတယ်။ ဒါပေမယ့် ဒီကြားထဲမှာ သတိထားဖို့လိုပါတယ်။ သတိထားမှပဲ ကျော်လွှားနိုင်မှာပါ။ အခုကနေစပြီးတော့ ပြည်သူတွေအနေနဲ့လည်း ကိုဗစ်နောက်ပိုင်းကာလမှာ ဘယ်လိုစီးပွားရေး စိန်ခေါ်မှုတွေကို ရင်ဆိုင်မယ်ဆိုတာကို ပိုပြီးတော့ စိတ်ဝင်စားကြလိမ့်မယ်လို့ထင်ပါတယ်။ ဒီရက်သတ္တပတ်ကနေစပြီးတော့ ကျွန်မတို့ အခြေခံပြည်သူများအတွက် ပံ့ပိုးမှုအစီအစဉ်တွေကို စပြီး လုပ်ပါမယ်။ အရင်ရက်သတ္တပတ်တုန်းက လုပ်ဖို့အဆင်သင့်ရှိပေမယ့်လည်း ရွေးကောက်ပွဲကိစ္စတွေရှိနေလို့ ကျွန်မတို့ မလုပ်ဖြစ်တာဖြစ်ပါတယ်။ အဲဒီတော့ စတုတ္ထမြောက်ပံ့ပိုးခြင်း အစီအစဉ်ကို ဒီရက်သတ္တပတ်မှာ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ကိုဗစ် နောက်ပိုင်းကာလမှာ စီးပွားရေးမကျဆင်းအောင်လို့၊ စီးပွားရေးပြန်ပြီးတော့ တက်လာအောင်လို့ လုပ်ရမယ့်အစီအစဉ်တွေကိုလည်း ပြည်သူတွေနဲ့ မျှဝေပြီးတော့ ပြည်သူတွေရဲ့ ပါဝင်ပူးပေါင်းမှုနဲ့ အောင်မြင်အောင်လုပ်ဖို့ ကျွန်မတို့ ရည်ရွယ်ထားပါတယ်။ အောင်လည်း အောင်မြင်မယ်လို့ပဲ ကျွန်မအနေနဲ့ မှန်းဆပါတယ်။

ကျွန်မတို့ကြည့်လိုက်တဲ့အခါမှာ ကိုဗစ်ရောဂါရရှိတဲ့ ပြည်သူတွေထဲမှာ ဆုံးပါးမှုနှုန်းကလည်း တန့်နေပါတယ်။ မတက်သွားပါဘူး။ နည်းနည်းလေး ကျလာတယ်လို့ ကျွန်မတို့ ခန့်မှန်းရပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေအနေနဲ့ ကြံ့ကြံ့ခိုင် ခံနိုင်ဖို့နဲ့ ကိုယ့်ရဲ့ ကျန်းမာရေးကို ဂရုစိုက်ကြပါ။ အခြေခံကျန်းမာရေးကောင်းရင် ကိုဗစ်ရောဂါကို အောင်အောင်မြင်မြင်နဲ့ ကျော်လွှားနိုင်မယ်ဆိုတာတော့ အများသိပြီးသားလို့ ထင်ပါတယ်။ နိုင်ငံတော်တော်များများမှာ အခုက ဘယ်နံပါတ်လှိုင်းမှန်းတောင်ပြောလို့ မရအောင် တစ်ကျော့ပြီးတစ်ကျော့ ဖြစ်နေတဲ့နိုင်ငံတွေလည်း ရှိပါတယ်။ အဲဒီတော့ ဒီရောဂါအခြေအနေကတော့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ပြောရမယ်ဆိုရင် ထိန်းချုပ်နိုင်ပြီလို့ဆိုလို့ မရသေးပါဘူး။ ကျွန်မတို့နိုင်ငံမှာ ဒီလောက်အထိ ထိန်းထားနိုင်တာလည်း ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ဖြစ်ပါတယ်။ ပြည်သူတွေ မဆောင်ရွက်ရင်၊ ပြည်သူတွေ မပါဝင်ရင်တော့ ဒီဟာကို အောင်မြင်နိုင်မှာမဟုတ်ပါဘူး။ ကျွန်မအနေနဲ့ ဒီလိုပြောရတာ အားနာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအချိန်မှာ ရွေးကောက်ပွဲအကြောင်း ဆွေးနွေးချင်တဲ့ ပြည်သူတွေက ကိုဗစ်အကြောင်းပဲ နားထောင်နေရမှာလားလို့ စိတ်ထဲမှာဖြစ်မှာကိုလည်း အားနာမိပါတယ်။ ဒါကတော့ တာဝန်အရ ကျွန်မပြောရမယ့်ကိစ္စပါ။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့သူတွေက ပြောပါလိမ့်မယ်။ ဒါကြောင့် ကျွန်မ ဒီနေ့တော့ တိုတိုတုတ်တုတ်နဲ့နိဂုံးချုပ်ပါတယ်။

ကျွန်မတို့ရဲ့ အံ့မခန်း တာဝန်ကျေတဲ့ပြည်သူတွေအားလုံး ကျန်းမာချမ်းသာကြပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

❀ *ရှေ့ဖုံးမှ*

ခေတ္တညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာသန်းဝင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါ နှိမ်နင်းရေး) ဒေါက်တာသန္တာလွင်နှင့် ကူးစက်ရောဂါဗေဒ သုတေသနဌာနခွဲ၊ ဆေးသုတေသန ဦးစီးဌာန (ရုံးချုပ်)၊ တာဝန်ခံ ၊ National COVID–19 Call Centre ၊ ဒုတိယ ညွှန်ကြားရေးမှူး၊ ဌာနခွဲမှူး ဒေါက်တာမျိုးမျိုးမွန်တို့က ပြည်သူများ သိရှိမေးမြန်းလို သည့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## COVID-19 Call Center ကို
## နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် နိုဝင်ဘာ ၉**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှ စ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများတွင် ပြစ်ဒဏ်ကျခံပြီးသည့် မြန်မာနိုင်ငံသား ၄၅ ဦး အပါအဝင် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၇၆ ဦးကို ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။



ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေး လေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ယနေ့အထိ မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် အကြိမ် ၃၀ တိုင် ပျံသန်းပြေးဆွဲနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၀၈ / ၂၀၂၀ )**

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ချင်းပြည်နယ်** | | | | |
| (၁) | ဦးနေလင်းအောင် | ၅/မမန(နိုင်)၀၀၇၃၂၁ | မင်းတပ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၂) | ဒေါ်ခင်စန္ဒီ | ၆/လလန(နိုင်)၀၈၈၄၉၅ | လောင်းလုံး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၃) | ဦးသန့်ဇင်ထွန်း | ၉/လဝန(နိုင်)၁၂၁၄၇၀ | ဒက္ခိဏသီရိ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၀၉ / ၂၀၂၀ )**

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက် )

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးစိုင်းပန်ဖ | ၂ / လကန(နိုင်)၀၀၅၀၆၇ | အမှတ် ( ၅ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၂) | ဒေါက်တာငိုင်းတမ်မောင်း | ၄ / မတန(နိုင်)၀၀၀၂၂၂ | အမှတ် ( ၆ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၃) | ဒေါ်ဥမ္မာခင် | ၆ / လလန(နိုင်)၀၇၇၀၅၁ | အမှတ် ( ၅ ) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၁၀ / ၂၀၂၀ )**

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်**
**ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးအောင်နိုင်ဦး | ၁၄/ဝခမ(နိုင်)၀၀၀၃၆၉ | မယ်စဲ (၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂) | ဦးအယ်လ်ဖောင်းရှို | ၂/မစန(နိုင်)၀၀၀၁၇၁ | မယ်စဲ (၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၃) | ဦးထန်းချမ်ဖေ | ၄/မတန(နိုင်)၀၃၀၇၅၉ | မင်းတပ်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄) | ဦးဟုန်းနိုင်း | ၄/မတန(နိုင်)၀၂၀၈၅၅ | မင်းတပ်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၅) | ဦးဗိုလ်ထွေး | ၆/လလန(နိုင်)၀၁၅၉၅၂ | လောင်းလုံး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဦးမြင့်စန်း | ၆/လလန(နိုင်)၀၄၄၃၇၈ | လောင်းလုံး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၇) | ဒေါ်ခင်အေးရီ | ၁၀/သထန(နိုင်)၀၉၅၈၃၅ | ဇီးကုန်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈) | ဦးမင်းမင်းထိုက်(ခ) တာတီး | ၇/ဇကန(နိုင်)၀၄၃၉၆၃ | ဇီးကုန်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၉) | ဦးသူရလင်း | ၉/ခအဇ(နိုင်)၀၀၆၅၆၈ | ချမ်းအေးသာစံ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၀) | ဒေါက်တာစိုးသန်း(ခ) ကျော်စိုးသန်း | ၉/မနတ(နိုင်)၀၂၈၅၅၉ | ချမ်းအေးသာစံ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

( ၉ - ၁၁ - ၂၀၂၀ )

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ကျေးရွာအုပ်စု၊ ဆင်မြေကျေးရွာတွင် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရွှေထွန်းနှင့် ရာအိမ်မှူး ဦးသန်းထွန်းစိန်တို့က ကြိုတင်ဆန္ဒမဲကောက်ယူချိန်၌ အတူလိုက်ပါလာသည့် မဲရုံကိုယ်စားလှယ်တစ်ဦးက တံဆိပ်တုံးကို စစ်ဆေးကြည့်ရှုခဲ့ရာ UEC အမှတ်တံဆိပ်စာသားမပါသော တံဆိပ်တုံးဖြစ်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ မဲရုံအမှတ်(၃)တွင် ဦးသိန်းဇော်သည် ဆန္ဒမဲပေးရန်အတွက် ၎င်းဝတ်ဆင်လာသည့် အင်္ကျီအိတ်ကပ်အတွင်းမှ တံဆိပ်တုံးထုတ်ယူစဉ် မဲရုံဝင်ပေါက်အနီး မဲရုံလုံခြုံရေးက စစ်ဆေးရာ UEC အမှတ်တံဆိပ်မပါသော တံဆိပ်တုံး ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

၃။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ အင်းရွာကြီးကျေးရွာအုပ်စု၊ တလင်းကုန်းကျေးရွာ၊ မဲရုံအမှတ်(၂)၌ ဦးအောင်ဇော်ဝင်းသည် ၈-၁၁-၂၀၂၀ ရက်နေ့တွင် ဆန္ဒမဲပေးရာ၌ UEC အမှတ်အသားမပါသော တံဆိပ်တုံးအတုဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဆန္ဒမဲလက်မှတ်များအား ဆန္ဒပြုခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၄။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ မိချောင်းတရာကျေးရွာအုပ်စုတွင် ကြိုတင်ဆန္ဒမဲများကောက်ယူစဉ် ဒေါ်အေးမြင့်ဆိုသူသည် ၎င်း၏သမီးဖြစ်သူ၏ အမည်ဖြင့် သူတစ်ပါးအယောင်ဆောင်၍ မဲပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၅။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်၊ တောင်ပိုင်းရပ်ကွက်၊ မဲရုံအမှတ် (၁)တွင် ဒေါ်ဇင်မာလွင် ဆိုသူသည် ဆန္ဒမဲတစ်ကြိမ်ပေးပြီးနောက် ၎င်း၏ယောက်မတော်စပ်သူအဖြစ် သူတစ်ပါးအယောင်ဆောင်၍ ထပ်မံဆန္ဒမဲပေးခဲ့ပြီး စုစုပေါင်း ဆန္ဒမဲ(၂)ကြိမ် ပေးခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ပါသည်။

၆။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ သမင်ဘေးကျေးရွာအုပ်စုတွင် ဒေါ်သီသီခိုင်သည် မဲဆန္ဒနယ်အမှတ်(၁)အတွင်းရှိ မဲရုံအမှတ်(၁)၌ ပထမအကြိမ် ဆန္ဒပြုခဲ့ပြီး မဲဆန္ဒနယ်အမှတ်(၂)အတွင်းရှိ အမှတ်(၃)ရပ်ကွက်၊ မဲရုံအမှတ်(၁)တွင် ထပ်မံဆန္ဒပြုခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၇။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ ဒေါ်မြတ်ဆုလှိုင်သည် ဆန္ဒမဲပေးရာတွင် ကွင်းကောက်တောင်ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)တွင် တစ်ကြိမ်၊ ကွင်းကောက်မြောက်ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၃) တွင် တစ်ကြိမ် စုစုပေါင်း ဆန္ဒမဲ(၂)ကြိမ် ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၈။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်တွင် နေထိုင်သူ ဦးတင်ထွန်းလွင်အောင်သည် အမှတ်(၉)ရပ်ကွက်၊ ဆေးရုံသစ်ဘေး၊ ဦးသုခ အမက ကျောင်းဝင်းအတွင်းရှိ မဲရုံအမှတ်(၂)တွင် တစ်ကြိမ်၊ အမှတ်(၅)ရပ်ကွက်၊ မဲရုံအမှတ်(၁)တွင် တစ်ကြိမ် စုစုပေါင်း ဆန္ဒမဲ (၂)ကြိမ် ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၉။ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နေ ဦးစိုးလွင်(ခ) ဦးစိုးဦး ကြိုတင်ဆန္ဒမဲပေးရာတွင် ကျွန်းရွှေဝါရပ်ကွက်၊ မဲရုံအမှတ် (၁)တွင် တစ်ကြိမ်၊ ဟဲလျော်ကျေးရွာ၊ မဲရုံအမှတ်(၂)တွင် တစ်ကြိမ် စုစုပေါင်း ကြိုတင်ဆန္ဒမဲ (၂)ကြိမ် ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၁၀။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ နမ့်တီးကျေးရွာ၊ မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စိုင်းအိုက်သန်း မဲပေးရမည့် (အစား) ၎င်း၏တူတော်စပ်သူ စိုင်းနွံဟန်ခေးက ကိုယ်စား ဆန္ဒမဲပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၁၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ရွာသာယာကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးသန်းစိုး၊ အဖွဲ့ဝင် ဦးဖိုးပြား(ခ) ဦးထွန်းလှုနှင့် အတွင်းရေးမှူး ဦးမြင့် တို့သည် မဲဆန္ဒရှင် ဦးချစ်ငွေးနှင့် ဒေါ်လှငွေးတို့အား ဆန္ဒမဲလက်မှတ် (၃)စောင်စီ ထုတ်ပေးရန်ဖြစ်သော်လည်း (၂)စောင်စီသာထုတ်ပေးပြီး လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ ထပ်မံ၍သွားရောက်ပြောကြားစဉ် လက်မှတ်(၃)ခုထိုးထားသည်ကို တွေ့ရှိရပြီး ၎င်းတို့အမည်ဖြင့် ကျန်မဲလက်မှတ် တစ်စောင်စီကို လိမ်လည်လက်မှတ်ရေးထိုး၍ မဲပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၁၂။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ ပုလဲအောင်မြေ ရပ်ကွက်၊ ပုလဲငွေရောင်လမ်းတွင်နေထိုင်သူ ဦးဝင်းမင်းဦးသည် ပုလဲအောင်မြေရပ်ကွက်၊ မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးချိန်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်အား ဆန္ဒပြုပြီးနောက် မဲပုံးထဲသို့မထည့်ဘဲ ဆုတ်ဖြဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၁၃။ အထက်ဖော်ပြပါ ဖြစ်စဉ်များကိုကျူးလွန်ခဲ့သည့် ချောင်းဦးမြို့နယ်၊ ငါးလုံးတင်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးရွှေထွန်းနှင့် ရာအိမ်မှူး ဦးသန်းထွန်းစိန်၊ ဦးသိန်းဇော်၊ ဦးအောင်ဇော်ဝင်း၊ ဒေါ်အေးမြင့်၊ ဒေါ်ဇင်မာလွင်၊ ဒေါ်သီသီခိုင်၊ ဒေါ်မြတ်ဆုလှိုင်၊ ဦးတင်ထွန်းလွင်အောင်၊ ဦးစိုးလွင်(ခ)ဦးစိုးဦး၊ စိုင်းနွံဟန်ခေး၊ တန့်ဆည်မြို့နယ်၊ ရွာသာယာကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသန်းစိုးနှင့် ဦးဖိုးပြား (ခ) ဦးထွန်းလှ၊ အတွင်းရေးမှူး ဦးမြင့်၊ ဦးဝင်းမင်းဦးတို့အား သက်ဆိုင်ရာမြို့နယ်ရဲစခန်းများတွင် ရာဇသတ်ကြီး ပုဒ်မ ၄၂၀/၄၆၈ နှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၈၊ ၅၉ တို့နှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၃/၂၀၂၀)

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၌ ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော် (၃) ရပ်အတွက် မဲဆန္ဒနယ် (၇) နေရာသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များဦးဆောင်ပြီး ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းကဲ့သို့ စောင့်ကြည့်လေ့လာရာတွင် နိုင်ငံတကာရှိ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများက သက်ဆိုင်ရာ ရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာသည့် စံသတ်မှတ်ချက်များအား အခြေပြု၍ လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ထန်းတပင် မြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ တွံတေးမြို့နယ်များရှိ မဲဆန္ဒနယ် (၇) နယ်မှ မဲရုံပေါင်း (၂၀) ရုံကို စောင့်ကြည့်လေ့လာခဲ့ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က အထွေထွေရွေးကောက်ပွဲနေ့၌ စောင့်ကြည့်လေ့လာခဲ့သော မဲရုံများတွင် ဆန္ဒမဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်စာရင်းပြုစုခြင်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Geotechnical Site Survey လုပ်ငန်းများအား MV. FUGRO EQUINOX ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့်ဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၉ မိနစ် ၁၀.၈၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၄၉.၃၇၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၆ မိနစ် ၁၂.၁၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ် ၄၉.၃၂၂ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၄ မိနစ် ၁၅.၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၂၆.၄၈၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၇ မိနစ် ၅၃.၈၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၄၄.၆၀၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၁ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Geotechnical Site Survey လုပ်ငန်းများအား MV. FUGRO EQUINOX ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် ဆန္ဒမဲရလဒ်များ ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုဝင်ဘာ ၈ ရက်က ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ဆန္ဒမဲရလဒ်များကို ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် ထုတ်ပြန်ကြေညာသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်က ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်မှ ဝင်ရောက်အရွေးခံသည့် ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး(၁) နှင့် တိုင်းဒေသကြီး (၂) နေရာတို့မှ ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။

"ပထမဆုံးအနေနဲ့ ဆန္ဒမဲအတည်ဖြစ်တဲ့ လသာမြို့နယ်နဲ့ပတ်သက်ပြီး ကြေညာပါမယ်။ ပြည်သူ့လွှတ်တော်နေရာ တိုင်းဒေသကြီး(၁)နေရာနဲ့ တိုင်းဒေသကြီး (၂)နေရာ စုစုပေါင်း သုံးနေရာအတွက် ကြေညာပါမယ်။ အမျိုးသားလွှတ်တော်နဲ့ တိုင်းရင်းသားနေရာအတွက် မကြေညာသေးပါဘူး။ အမျိုးသားလွှတ်တော်က လူဦးရေကို အခြေခံပြီး သုံးလေးမြို့နယ် ပေါင်းပြီးမှ ရောက်ရှိလာတဲ့ မဲရလဒ်အပေါ် မူတည်ပြီးတော့ ကြေညာရမှာဖြစ်ပါတယ်။ မြို့နယ်မစုံသေးတဲ့အတွက် အမျိုးသားလွှတ်တော်နေရာအတွက် မကြေညာနိုင်သေးပါဘူး။ နောက်တစ်ခုက တိုင်းရင်းသားနေရာအတွက်လည်း ရန်ကုန်တိုင်းတစ်တိုင်းလုံးနဲ့ သက်ဆိုင်တဲ့အတွက် အားလုံးရောက်ရှိမှ ကြေညာနိုင်မှာ ဖြစ်ပါတယ်" ဟု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ ဆန္ဒမဲရလဒ်များကို ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၆ နာရီတွင် တစ်ကြိမ်၊ ည ၉ နာရီတွင် တစ်ကြိမ်၊ ည ၁၂ နာရီတွင် တစ်ကြိမ် ကြေညာပေးသွားမည် ဖြစ်ပြီး ကျန်ရှိသည့် ဆန္ဒမဲရလဒ်များကို နောက်ရက်များတွင် ဆက်လက်ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က " ဒီနေ့ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ ဝင်ပြိုင်တဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ ရရှိတဲ့ ဆန္ဒမဲရလဒ်တွေကို ကြေညာပေးသွားမှာ ဖြစ်ပါတယ်။ ကြိုတင်မဲနဲ့ပေါင်းပြီး စုစုပေါင်းရတဲ့ မဲတွေကို စုစည်းပြီးတော့ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်ကို ပို့ပါတယ်။ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ကနေ မြို့နယ်အလိုက် ပေးပို့လာတဲ့ ဆန္ဒမဲတွေကို စိစစ်အတည်ပြုပြီးရင် ထုတ်ပြန်ကြေညာပေးသွားပါမယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၆၁ သိန်းကျော်ရှိပြီး ကြိုတင်ဆန္ဒမဲပေးသူဦးရေ ရှစ်သိန်းကျော်ရှိကြောင်း၊ ပါတီပေါင်း ၄၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ၃၂ ဦးတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၀၁ ဦးက ပြည်သူ့လွှတ်တော် ၄၅ နေရာ၊ အမျိုးသားလွှတ်တော် ၁၂ နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နေရာ ၉၀ နှင့် တိုင်းရင်းသား (၂) နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်း- မင်းသစ်(MNA)၊**
**ဓာတ်ပုံ - ရဲထွဋ်**



# ရန်ကုန်တက္ကသိုလ်က အပ်နှင်းချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ

ဒေါက်တာ သန်းဦး

"ပူဇော်ထိုက်သူတို့ကို၊ ပူဇော်ခြင်း
ချီးမြှင့်ထိုက်သူတို့ကို၊ ချီးမြှင့်ခြင်းသည်
**မင်္ဂလာ** တစ်ပါးဖြစ်ပါသည်။" မင်္ဂလသုတ်

## ဂုဏ်ထူးဆောင်ဘွဲ့

ကမ္ဘာ့တက္ကသိုလ်ကြီးများတွင် "ဂုဏ်ပြုထိုက်သူတို့အား ဂုဏ်ပြုခြင်း" ဟူသော မွန်မြတ်သည့် အစဉ်အလာကောင်းတစ်ရပ်ရှိပေရာ ထိုအစဉ်အလာကောင်းနှင့်အညီ ထူးခြားထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်ကျော်များအား ထိုက်ထိုက်တန်တန် **"ဂုဏ်ထူးဆောင်ဘွဲ့များ"** ကို ပေးအပ်ချီးမြှင့်ခြင်း ပြုကြလေ့ရှိပါသည်။

မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်ကြီးသည်လည်း ထို့အတူ **"ဂုဏ်ပြုထိုက်သူ၊ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်"** များအား ရန်ကုန်တက္ကသိုလ်စတင်တည်ထောင်သည့် ကာလမှစ၍ နှစ်တစ်ရာကာလအတွင်း ထိုက်ထိုက်တန်တန် **"ဂုဏ်ထူးဆောင်ဘွဲ့များ"** ကို **ဆက်ကပ်ခြင်း** (ရဟန်းပုဂ္ဂိုလ်)၊ **ပေးအပ်ချီးမြှင့်ခြင်း** (လူပုဂ္ဂိုလ်) တို့ကို မွန်မြတ်သည့် **အစဉ်အလာကောင်း**တစ်ရပ်အဖြစ် ဆောင်ရွက်ဖြစ်ခဲ့သည်ကို ကောင်းစွာ လေ့လာတွေ့ရှိ မှတ်သားထားမိပါသည်။

မြန်မာနိုင်ငံရန်ကုန်တက္ကသိုလ်ကြီးသည် **"တိုင်းကျိုး၊ ပြည်ပြု ဆောင်ရွက်မှု"** တွင် ထူးခြား၊ ထက်မြက်၊ ထူးချွန်၊ ပြောင်မြောက်ကြသော ရဟန်းပုဂ္ဂိုလ်ကျော်၊ လူပုဂ္ဂိုလ်ကျော်များအား ရွေးချယ်၍ ထိုက်လျောက်စွာ ဆက်ကပ်ခြင်း၊ ပေးအပ်ချီးမြှင့်ခြင်းတည်းဟူသော ကောင်းမြတ်သည့် **"မင်္ဂလာ"** တစ်ပါးကိုလည်း ဆောင်ရွက်ဖြစ်ခဲ့ကြောင်း လေ့လာမှတ်သားထားပါသည်။

ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်ကျော်(ထင်ရှားကျော်ကြားသူ) ဟူသည် သက်ဆိုင်ရာ ပညာရပ်ဘာသာရပ်၌သော်လည်းကောင်း သင်ကြား သင်ယူရေး၊ သုတေသနပြုရေး၊ စီမံခန့်ခွဲရေးစသည့် ကိစ္စရပ်များ၌သော်လည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး (ယဉ်ကျေး မှု) စသည်တို့၌သော်လည်းကောင်း စွမ်းစွမ်းတမံ ထမ်းဆောင်ရွက်ခဲ့သူဟု ဆိုလိုရင်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်မျိုးတွင် ရံဖန်ရံခါ ပြည်ပမှလာရောက်ကြသော (ချစ်ကြည်ရေး) နိုင်ငံခေါင်းဆောင်များလည်း ပါဝင်နိုင်ပါသည်။ ထိုသူတို့အား ချီးမြှင့်ခြင်းသည် ထိုပုဂ္ဂိုလ်တို့၏ အရည်အသွေးကို ကောင်းစွာ အသိအမှတ်ပြုရာလည်း ရောက်ပါသည်။ ပူဇော်ချီးမြှင့်ထိုက်သူကို ပူဇော်ချီးမြှင့်ရာလည်း ရောက်သောကြောင့် **မင်္ဂလာ** ရှိပါသည်။

ထိုကဲ့သို့အသိအမှတ်ပြုခြင်း၊ ပူဇော်ခြင်း၊ ပေးအပ်ခြင်း၊ ချီးမြှင့်ခြင်းအမှုတို့ကိုပြုရာ၌ တက္ကသိုလ်အနေဖြင့် **"ဂုဏ်ထူးဆောင်ဘွဲ့"** ထိုက်လျောက်စွာပေးခြင်းထက် သာလွန် ကောင်းမွန်သော ချီးမြှင့်ဂုဏ်ပြုမှု မရှိနိုင်ပေ။

တက္ကသိုလ်ဟူသည် အဆင့်မြင့်ပညာရပ်များကို လေ့လာဆည်းပူးရာ၊ ပညာဖြန့်ဖြူးရာ၊ သုတေသနပြုရာ ဌာန တစ်နည်းအားဖြင့် **"ပညာ"** တည်းဟူသော မီးရှူးတန်ဆောင် ထွန်းပြောင်ရာဌာန၊ နိုင်ငံတော်၏ ပညာဂုဏ်ဆောင်ရာဌာန ဖြစ်သည့်အလျောက် **ရွှေပေးရန်လည်း မသင့်၊ ငွေပေးရန်လည်းမကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်ပေးအပ် ချီးမြှင့်သည်သာ အဆီအလျော်ဆုံး (ဆီလျော်အပ်စပ်) သင့်မြတ်ဆုံး** ဖြစ်ပါသည်။

ထိုသို့ ဆက်ကပ်၊ ပေးအပ်၊ ချီးမြှင့်ခြင်းဖြင့် ဆက်ကပ်ပေးအပ်ချီးမြှင့်သော တက္ကသိုလ်သည်လည်း တင့်တယ်၊ အချီးမြှင့်ခံပုဂ္ဂိုလ်အဖို့လည်း ကျက်သရေတိုးပွား၊ မြင်ရကြားရသူအပေါင်း(နိုင်ငံသားများအပေါင်း)တို့အဖို့လည်း ဝမ်းမြောက် ဝမ်းသာ မုဒိတာ အမှန်ပင် ဖြစ်ကြရပါသည်။

## ဥပဒေပြဋ္ဌာန်းချက်

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေပုဒ်မ ၂၇ တွင် "ပညာရေးကိစ္စအတွက် တာဝန်ထမ်းဆောင်ရာတွင် ထင်ရှားကျော်ဇောသောပုဂ္ဂိုလ်များအား သို့တည်းမဟုတ် ထူးကဲသောရာထူး ဌာနန္တရ သို့တည်းမဟုတ် စွမ်းရည်တို့ကြောင့် ဂုဏ်ထူးဆောင်ဘွဲ့ ရသင့်ရထိုက်သောပုဂ္ဂိုလ်အား အဓိပတိသည် ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်" ဟူ၍ အတိအလင်းပြဋ္ဌာန်းချက်ပါရှိထားပါသည်။

## ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းချီးမြှင့်ခြင်း

ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ အပိုင်းနှစ်ပိုင်းခွဲ၍ ဆွေးနွေးတင်ပြပါမည်-

**(က) ပထမပိုင်း** မှာ ဂုဏ်ထူးဆောင်ဘွဲ့စတင်အပ်နှင်းသည့် ၁၉၂၁ ခုနှစ်မှအစပြု၍ ရန်ကုန်တက္ကသိုလ်ဥပဒေကို နိုင်ငံတော် တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ်တွင် ရုပ်သိမ်းခြင်းခံရသည်။ ၁၉၆၂ ခုနှစ်အထိ နှစ်ပေါင်းလေးဆယ်ကျော်ကာလအတွင်း ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖော်ပြသွားပါမည်။

**(ခ) ဒုတိယပိုင်း** မှာ အဆိုပါ ၁၉၆၂ ခုနှစ်မှ နှစ်တစ်ရာပြည့် ၂၀၂၀ ပြည့်အထိ နှစ်ပေါင်း ငါးဆယ့်ရှစ်နှစ်ကာလအတွင်း ဂုဏ်ထူးဆောင်ဘွဲ့များ ဆက်လက်အပ်နှင်းချီးမြှင့်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဖော်ပြသွားပါမည်။

## ပထမပိုင်းကာလ (၁၉၂၁ မှ ၁၉၆၁ အထိ)

**၁၉၂၁ ခုနှစ်** နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ရန်ကုန်တက္ကသိုလ်၏ **ပထမဆုံးဘွဲ့နှင်းသဘင်**တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ **လယ်တီဆရာတော် ဦးဉာဏ** ရဟန်းပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်စာပေ ပါရဂူဘွဲ့ (Doctor of Letters) **ဒီလစ်ဘွဲ့**ကို ဆက်ကပ်ချီးမြှင့်ပါသည်။ ထိုဘွဲ့နှင်းသဘင်တွင်ပင် လူပုဂ္ဂိုလ်တစ်ဦးဖြစ်သူ အရှေ့တိုင်းပညာရပ်များ ပါမောက္ခ နောင်တွင် ရှေးဟောင်းဌာနညွှန်ကြားရေးမှူးဖြစ်လာသည့် **ချားလ်စ်ဒူရိုင်ဇယ်လ်** (Chas Duroiselle) အား ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာ (M.A) ဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ (ရဟန်းပုဂ္ဂိုလ်ကျော်တစ်ဦးနှင့် လူပုဂ္ဂိုလ်ကျော်တစ်ဦး)။ ထိုနှစ်ဦးကို ရန်ကုန်တက္ကသိုလ်က ပွဲဦးထွက် ပထမဆုံးအကြိမ် ဂုဏ်ထူးဆောင်ဘွဲ့များ (ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့နှင့် ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့) တို့ကို ထိုက်ထိုက်တန်တန် ဆက်ကပ်ပေးအပ်ချီးမြှင့်လိုက်ခြင်းဖြစ်၍ များစွာ နှစ်ထောင်းအားရဝမ်းမြောက် ဝမ်းသာ မုဒိတာဖြစ်ခဲ့ကြရပါသည်။

**၁၉၂၂ ခုနှစ်**တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဥပဒေပြုကောင်စီသို့ တာဝန်ယူ တင်သွင်းခဲ့သူ ပညာမင်းကြီး (Director of Public Instruction) (D.P.I) ဆာမာ့စ်ဟန်တာ (Sir Mark Hunter) အား (ဝိဇ္ဇာပညာရှင်ဖြစ်သည်နှင့်အညီ) ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့(ဒီလစ်ဘွဲ့)ကိုလည်းကောင်း၊ ထိုစဉ်က ပထမဦးဆုံး ယူနီဗာစတီကောလိပ်ကျောင်းအုပ်ကြီးဖြစ်သူ မက်သျူးဟန်တာ (Mathew Hunter) (သိပ္ပံပညာရှင်ဖြစ်သည်နှင့်အညီ) ဂုဏ်ထူးဆောင်ဒီအက်စ်စီ (Doctor of Science) ဘွဲ့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ (ထိုစဉ်ကာလက ပညာမင်းကြီး Hunter နှင့် တက္ကသိုလ်ကျောင်းအုပ်ကြီး Hunter နှစ်ဦးရှိပါသည်။) ထိုနှစ်ဦးစလုံးကို ရန်ကုန်တက္ကသိုလ်၏ အကျိုးပြုပုဂ္ဂိုလ်နှစ်ဦးအဖြစ် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါသည်။

**၁၉၂၃ ခုနှစ်**တွင် ရန်ကုန်တက္ကသိုလ်၏ အဓိပတိဖြစ်ခဲ့သည့် ဆာရယ်ဂျီနယ် ဟင်နရီခရက်ဒေါက်အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ (Doctor of Laws) (အယ်လ်အယ်လ်ဒီ) ကို ပေးအပ်ချီးမြှင့်သည်။ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းပညာရပ်များဆိုင်ရာ ကောလိပ်မှ မဟာဌာနမှူး ချားလ်စ်အော်တိုဘလဒင်အား ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့(ဒီလစ်) ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း မှတ်တမ်းမှတ်ရာများအရ သိရှိမှတ်သားရပါသည်။

**၁၉၂၅ ခုနှစ်**တွင် တရားသူကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သူ ဦးမြင့်သိန်း၏ ကိုယ်ရေး မှတ်တမ်းအရ ရန်ကုန် တက္ကသိုလ်က ဂုဏ်ထူးဆောင်ဥပဒေဝိဇ္ဇာဘွဲ့ (Bachelor of Laws) ကို ချီးမြှင့်ခံရသည်ဟု ဖော်ပြထားကြောင်း တွေ့ရှိသည်။ ဤမှတ်တမ်းအရ ဂုဏ်ထူးဆောင် ဥပဒေဝိဇ္ဇာဘွဲ့ကိုလည်း ရန်ကုန်တက္ကသိုလ်က ချီးမြှင့်ခဲ့ကြောင်း သိရှိမှတ်သားရပါသည်။



ရန်ကုန်တက္ကသိုလ်အထူးဘွဲ့နှင်းသဘင်အခမ်းအနား (၂၀၁၅) တွင် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ချီးမြှင့်ခံရသူ ခုနစ်ဦး။

**၁၉၂၇ ခုနှစ်** ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်တွင် ထူးထူးခြားခြားဆောင်ရွက်မှုများရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့များကို လူပုဂ္ဂိုလ် လေးဦးအား ချီးမြှင့်ခြင်း ဖြစ်ပါသည်။ ပထမပုဂ္ဂိုလ်မှာ ရန်ကုန်တက္ကသိုလ်၏ ဒုတိယအဓိပတိဖြစ်သူ ဆာရောဘတ်ဆစ်ဒနီဂျိုင်းလ်စ် (Sir Robert Sidney Giles) ဖြစ်ပါသည်။ ဒုတိယပုဂ္ဂိုလ်မှာ ဘီအိုစီရေနံကုမ္ပဏီ ဒါရိုက်တာ ဆာဂျွန်ကာဂင်လ် (Sir John Cargill) ဖြစ်ပါသည်။ ထိုသူက ဘီအိုစီအင်ဂျင်နီယာကောလိပ် အဆောက်အအုံကို ဆောက်လုပ်ရန် ငွေစတာလင်ပေါင် တစ်သိန်းလှူပါသည်။ တတိယပုဂ္ဂိုလ်မှာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဆောက်လုပ်ရန် ငွေကျပ်နှစ်သိန်း အလှူရှင် ရာဂျာရာမာနာသာရက်ဒီယာ (Raja Ramanatha Reddiar) ဖြစ်ပါသည်။ စတုတ္ထပုဂ္ဂိုလ်မှာ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ အဆောက်အအုံနှင့် ရန်ကုန်တက္ကသိုလ်လှေလှော် အသင်းတိုက်ဆောက်လုပ်ရန် ကျပ်နှစ်သိန်း အလှူရှင် မြေပိုင်ရှင် **ဦးညို** ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်လေးဦးအား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ အယ်လ်အယ်လ်ဒီ (Doctor of Laws) ဘွဲ့များကို ပေးအပ်ချီးမြှင့်ခြင်း ပြုပါသည်။ ရန်ကုန်တက္ကသိုလ် အကျိုးပြု အဆောက်အအုံများ ဆောက်လုပ်ရန် ပညာအလှူဒါန ပြုကြသူများအား ထိုက်ထိုက်တန်တန် ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း လေ့လာတွေ့ရှိ မှတ်သားမိပါသည်။

**၁၉၂၈ ခုနှစ်** ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပသော ဘွဲ့နှင်းသဘင်တွင် ရန်ကုန်တက္ကသိုလ်အဓိပတိအဖြစ် ဆောင်ရွက်ခဲ့သူ ဆာ စပင်ဆာ ဟာကုက်ဘတ္တလာ (Sir Speneer Harcourt Butler) ကို ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ကို အပ်နှင်းချီးမြှင့်ပါသည်။ *စာမျက်နှာ ၇ သို့*

"ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်ကျော် (ထင်ရှားကျော်ကြားသူ) ဟူသည် သက်ဆိုင်ရာ ပညာရပ်ဘာသာရပ်၌သော်လည်းကောင်း သင်ကြား သင်ယူရေး၊ သုတေသနပြုရေး၊ စီမံခန့်ခွဲရေးစသည့် ကိစ္စရပ်များ၌သော်လည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး(ယဉ်ကျေးမှု) စသည်တို့၌ သော်လည်းကောင်း စွမ်းစွမ်းတမံ ထမ်းဆောင်ရွက်ခဲ့သူဟု ဆိုလိုရင်းဖြစ်"

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၆ မှ*

**၁၉၃၂ ခုနှစ်** ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပသော ဘွဲ့နှင်းသဘင်တွင် တက္ကသိုလ် ဒုတိယအဓိပတိဖြစ်ခဲ့သူ ဆာ ဘင်ဂျင်မင် ဟားဗလ်ဘီးလ်အား ဂုဏ်ထူးဆောင် ဥပဒေ ပါရဂူ ဘွဲ့ချီးမြှင့်သည်။

သာသနာပိုင်ဆရာတော် ဦးဝိသုဒ္ဓနှင့် ခရစ်ယာန် ဘုန်းကြီး ရောဘတ်ကာလီဒေးတို့အား ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ ချီးမြှင့်သည်။ ထို့အပြင် မြန်မာစာ ညွန့်ပေါင်းကျမ်းပြုစုသူ ပညာရှင်ဦးကျော်ဒွန်း၊ အဂ္ဂမဟာ ပဏ္ဍိတ ဦးမောင်ကြီး၊ ပုဂံယဉ်ကျေးမှုပညာရှင် ဦးကင် (ပုဂံ)နှင့် မစ္စစ်လက်စလီမိုင်း (Mrs. Leslie Milne) တို့ကို ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့များ ချီးမြှင့်ကြောင်း လေ့လာ မှတ်သားရပါသည်။ (ဤဘွဲ့နှင်းသဘင်တွင် ချီးမြှင့်ရာ၌ သာသနာပိုင် ရဟန်းပုဂ္ဂိုလ်တစ်ပါးနှင့် ခရစ်ယာန်ဘုန်းကြီးတစ်ပါးတို့အပြင် အမျိုးသမီးတစ်ဦး လည်း ပါဝင်လာကြောင်း တွေ့ရပါသည်။)

**၁၉၃၄ ခုနှစ်** နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပ သည့် ဘွဲ့နှင်းသဘင်တွင် ယူနီဘာစီတီကောလိပ် ဓာတု ဗေဒ ကထိက **ဦးဘ**အား ဂုဏ်ထူးဆောင် မဟာသိပ္ပံ (M.Sc) ဘွဲ့ အပ်နှင်းချီးမြှင့်သည်။

**၁၉၃၈ ခုနှစ်** ဒီဇင်ဘာလ ၈ ရက်နေ့တွင် ကျင်းပ သည့် ဘွဲ့နှင်းသဘင်၌ တက္ကသိုလ် ဒုတိယ အဓိပတိ **ဦးဆက်**အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ပေးအပ် ချီးမြှင့်သည်။ ထို့ပြင် ဂျပ်ဆင်ကောလိပ်ကျောင်းအုပ်ကြီး ခရစ်ယာန် ဘုန်းကြီး **ဝေါလစ်စိန့်ဂျွန်**အား ဂုဏ်ထူးဆောင် စာပေပါရဂူ ဘွဲ့ပေးအပ်ချီးမြှင့်သည်။ ထိုဘွဲ့နှင်းသဘင် တွင်ပင် မြန်မာစာပေပညာရှင် ဆရာကြီးဦးပွားအား ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာ (M.A) ဘွဲ့ပေးအပ်ချီးမြှင့် ကြောင်းတွေ့ရှိ မှတ်သားရသည်။

ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံသို့ ကူးလောင် လာပါသည်။ စစ်ပြီးကာလ ၁၉၄၅ ခုနှစ် လောက်မှစ၍ ရန်ကုန် တက္ကသိုလ် ပြန်လည်ဖွင့်လှစ်သော်လည်း တက္ကသိုလ် ဘွဲ့နှင်းသဘင်များ မကျင်းပနိုင်သေးပါ။

**၁၉၄၇ ခုနှစ်** တွင် ဥပဒေမဟာဌာနမှူး ပါမောက္ခ ဒေါက်တာဘဟန်၏ ကိုယ်ရေးမှတ်တမ်းတွင် ၎င်းအား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ (Doctor of Laws) ချီးမြှင့်သည်ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။

**၁၉၅၁ ခုနှစ်** ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် စစ်ကြီး အပြီးကာလ ပထမဆုံး ပုံမှန်ဘွဲ့နှင်းသဘင်အခမ်းအနား ကို **ရန်ကုန်မြို့တော်ခန်းမ**၌ ကျင်းပခဲ့ပါသည်။ ယင်းဘွဲ့ နှင်း သဘင်၌ အင်ဂျင်နီယာမဟာဌာနမှူး ဒေးဗစ်ပဲဒရင်း ဒေးဗီးစ် (David Pen dril–Davies) အား အဝေးရောက် ဂုဏ်ထူးဆောင် မဟာသိပ္ပံ (M.Sc) ဘွဲ့ကို အပ်နှင်း ချီးမြှင့်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

**၁၉၅၁ ခုနှစ်** ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပုံမှန်ကျင်းပ သည့်ဘွဲ့နှင်းသဘင်တွင် အဂ္ဂမဟာပဏ္ဍိတဆရာကြီး **ဦးလင်း**ကို ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ (M.A)နှင့် ဆရာမကြီး ဒေါ်ခင်သိန်းကို ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့ (B.A) ပေးအပ်ချီးမြှင့်ပါသည်။ (ဒေါ်ခင်သိန်းသည် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် ဒုတိယအမျိုးသမီးတစ်ဦး ဖြစ်လာပါသည်။)

**၁၉၅၂ ခုနှစ်** ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန် တက္ကသိုလ်၏ **အထူးဘွဲ့နှင်းသဘင်** အခမ်းအနားကျင်းပ၍ အဂ္ဂမဟာသရေစည်သူ **ဆာဘဦး** (နိုင်ငံတော်သမ္မတ)နှင့် သတိုးသီရိသုဓမ္မ **ဦးမြ** (အထက်လွှတ်တော်ဥက္ကဋ္ဌ) တို့အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ပေးအပ်ချီးမြှင့်သည်။

၁၉၅၂ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပ သည့် ပုံမှန်ဘွဲ့နှင်းသဘင် အခမ်းအနားတွင် တရားဝန် ကြီး **ဦးဧမောင်** (ဥပဒေပညာကထိကနှင့် တက္ကသိုလ် ဒုတိယ အဓိပတိတာဝန်များထမ်းဆောင်ခဲ့သူ)နှင့် ဒေါက်တာ ထင်အောင် (ပါမောက္ခချုပ် ဒုတိယအဓိပတိတာဝန်များ ထမ်းဆောင်ခဲ့သူ) ထိုနှစ်ဦးအား ဂုဏ်ထူးဆောင် ဥပဒေ ပါရဂူဘွဲ့အပ်၍ အယ်လ်အယ်လ်ဒီ (Doctor of Laws) ဘွဲ့ အပ်နှင်းချီးမြှင့်ခဲ့ကြောင်း တွေ့ရှိမှတ်သားရပါသည်။

ယူနီဗာစီတီကျောင်းအုပ်ကြီး (မြန်မာထဲက တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်ခဲ့သူ ပါဠိနှင့် မြန်မာစာ ပါမောက္ခ တာဝန်များထမ်းဆောင်ခဲ့သူ ဆရာကြီး ဦးဖေမောင်တင်အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ချီးမြှင့်ခံရကြောင်း၊ ထို့ပြင် တက္ကသိုလ်ဆရာအတတ်သင် ကောလိပ် ကျောင်းအုပ်ကြီး ပါမောက္ခပညာရေးမဟာဌာန မှူး တာဝန်များကို ထမ်းဆောင်ခဲ့သူ ဆရာကြီးဦးဘ အားလည်း ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့တို့ ချီးမြှင့်ခံရ ကြောင်း၊ ၎င်းတို့၏ ကိုယ်ရေးမှတ်တမ်းများတွင် ဖော်ပြထား သည်ကိုလည်း တွေ့ရှိရပါသည်။

**၁၉၅၃ ခုနှစ်** ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျင်းပသည့် ပုံမှန်ဘွဲ့နှင်းသဘင် အခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်း(မဟာဝိဇ္ဇာ)အား ဂုဏ်ထူးဆောင် စာပေ ပါရဂူဘွဲ့ အပ်နှင်းချီးမြှင့်ခဲ့သည်။

၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပ သည့် ပုံမှန်ဘွဲ့နှင်းသဘင် အခမ်းအနားတွင် တရားရေး ဝန်ကြီး ဦးဘိုကြီး(တက္ကသိုလ် ဒုတိယအဓိပတိ တာဝန် ထမ်းဆောင်ခဲ့သူ) အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူ ဘွဲ့ကို အပ်နှင်းချီးမြှင့်သည်။ စိုက်ပျိုးရေးသိပ္ပံပညာ မဟာဌာနမှူး ဟောင်း **ဦးလှအုန်း**အားလည်း ဂုဏ်ထူးဆောင် မဟာ သိပ္ပံ(M.Sc)ဘွဲ့ကို အပ်နှင်းချီးမြှင့်ခဲ့သည်။ အဆိုပါ ဘွဲ့နှင်း သဘင်တွင်ပင် ချီးမြောက်သည်။ **ကာယဗလ ဖခင်ကြီး ဦးဇော်ဝိတ်**နှင့် **ဂီတမိခင်ကြီး ဒေါ်စောမြကြည်**တို့ နှစ်ဦး စလုံးအားလည်း ဂုဏ်ထူးဆောင် ဝိဇ္ဇာ(B.A) ဘွဲ့များအပ်နှင်း ချီးမြှင့်ခဲ့ပါသည်။ (ကာယပညာနှင့် ဂီတပညာတို့၌ ထူးချွန် ပြောက်ပြောက်ကြသူများအား အမှတ်တရ ထိုက်ထိုက် တန်တန် ချီးမြှင့်လိုက်ခြင်းဖြစ်ပါသည်။)

**၁၉၅၅ ခုနှစ်** ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရန်ကုန် တက္ကသိုလ်၏ အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ယူဂိုဆလားဗီးယားနိုင်ငံ **သမ္မတ မာရှယ်တီးတိုး** အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူ (Doctor of Laws) ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း မှတ်သား ရပါသည်။

**၁၉၅၆** ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသည့် ပုံမှန်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အီသီယိုပီဘုရင် ဟိုင်လီဆေးလက်စီ (Haile Selassie) နှင့် ကမ္ဘောဒီးယား ဘုရင် နိုရိုဒုံသီဟာနု တို့အား အဝေးရောက်ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ချီးမြှင့်ခဲ့သည်။ ယင်းဘွဲ့နှင်းသဘင်တွင်ပင် ဆာမြဘူး(တက္ကသိုလ် ဒုတိယအဓိပတိ တာဝန်ထမ်းဆောင် ခဲ့သူ)နှင့် ဦးကျော်မြင့် (ဥပဒေပညာ၊ မဟာဌာနမှူး၊ ပါမောက္ခ)တို့အား ဂုဏ်ထူးဆောင်ဥပဒေ ပါရဂူဘွဲ့ကို လည်းကောင်း၊ မစ္စတာဘဆန်တာကူမာ ဟာလ်ဒါ (Mr. Bnsanta Kumar Haldar) အား ဂုဏ်ထူး ဆောင်စာပေပါရဂူ ဘွဲ့၊ ဒီလစ်ဘွဲ့ကို လည်းကောင်း ချီးမြှင့်ကြောင်း တွေ့ရှိရ သည်။

**၁၉၅၇ ခုနှစ်** ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပ သော ပုံမှန်ဘွဲ့နှင်းသဘင်တွင် ဆာအာသာအဂ္ဂါ (ဥပဒေ ပညာပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်လေ့လော့အသင်းကို စတင်တည်ထောင်ခဲ့သူ) အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ ကို အပ်နှင်းခဲ့သည်။ ၁၉၅၇ ခုနှစ်ဘွဲ့နှင်းသဘင် မှတ်တမ်း များတွင် မတွေ့ရသော်လည်း ၎င်းတို့၏ ကိုယ်ရေးမှတ်တမ်း များအရ မြန်မာစာပေပညာရှင် **ဦးဘိုးလတ်**နှင့် ယဉ်ကျေးမှု ညွှန်ကြားရေးဝန် **ဦးသာမြတ်**တို့အား ဂုဏ်ထူးဆောင် မဟာ ဝိဇ္ဇာဘွဲ့ (M.A) ဘွဲ့၊ တရားဝန်ကြီး ဦးသိန်းမောင်အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့တို့ကို ရန်ကုန်တက္ကသိုလ် က ချီးမြှင့်သည်ဟု ဖော်ပြပါရှိပါသည်။

**၁၉၅၈ ခုနှစ်**တွင် ဦးမြင့် (ဥပဒေပညာ မဟာဌာနမှူး ပါမောက္ခ) အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့တို့ကို ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သည်ဟု ကိုယ်ရေးမှတ်တမ်း အရ သိရှိရသည်။

**၁၉၅၈ ခုနှစ်**တွင် ဗိုလ်ချုပ်နေဝင်းသမ္မတဟိုချီမင်း အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ချီးမြှင့်သည်ဟု ဆိုသည်။

**၁၉၆၁ ခုနှစ်** ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အထူး ဘွဲ့နှင်း သဘင်အခမ်းအနားဖြင့် အစ္စရေးလ်ဝန်ကြီးချုပ် ဒေးဗစ်ဘင်ဂူရီယန်အားဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ကို အပ်နှင်း ချီးမြှင့်ခဲ့သည်။

**ဒုတိယပိုင်းကာလ (၁၉၆၂ မှ ၂၀၂၀ အထိ)**


နိုင်ငံတော်တော်လှန်ရေးကောင်စီအစိုးရသည် ၁၉၆၂ ခုနှစ်တွင် **"၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေ"** ကိုရုပ်သိမ်းခဲ့သည်။ **"၁၉၆၄ ခုနှစ် မြန်မာနိုင်ငံတက္ကသိုလ် ပညာရေးဥပဒေ"** ကို ပြဋ္ဌာန်းလိုက်သည်။ ၁၉၆၅ ခုနှစ် မြန်မာနိုင်ငံတက္ကသိုလ်ပညာရေး နည်းဥပဒေများ ကိုလည်း ဆက်လက်ပြဋ္ဌာန်းပါသည်။ ၁၉၇၃ ခုနှစ်တွင် နိုင်ငံတော် တော်လှန်ရေးကောင်စီက ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေကို ရုပ်သိမ်းပြန် သည်။ **"၁၉၇၃ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ် ပညာရေးဥပဒေ"** ကို ထပ်မံ ပြဋ္ဌာန်းထားပါသည်။ ယင်းဥပဒေ အခန်း (၄) တွင် တက္ကသိုလ်လုပ်ငန်းတာဝန် များအနေဖြင့် အောက်ပါအတိုင်း လုပ်ငန်းတာဝန်တစ်ရပ် ပြဋ္ဌာန်းထားသည်ကို တွေ့မြင် မှတ်သားရပါသည်။

ပုဒ်မ ၇ ။ ။ (င) တက္ကသိုလ်ဘွဲ့များ၊ ဒီပလိုမာ လက်မှတ်များ၊ တက္ကသိုလ်စာမေး ပွဲ အောင်လက်မှတ်များနှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်း ချီးမြှင့်သည်။

ဤ ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေသည် လက်ရှိတည်ဆဲဥပဒေ တစ်ရပ် ဖြစ်ပါသည်။

*စာမျက်နှာ ၈ သို့*

## ဆောင်းပါးရှင် ဆရာကြီး ဒေါက်တာ သန်းဦး၏ ကိုယ်ရေးအကျဉ်း



| | |
|---|---|
| ၁၉၅၀ | ရန်ကုန်တက္ကသိုလ် ဘီအေ (အီးဒီ) ဘွဲ့ |
| ၁၉၅၄ | ကျောင်းအုပ်ကြီး၊ အထက၊ ပုတီးကုန်း၊ ပြည်ခရိုင် |
| ၁၉၆၀ | ဘီအီးဒီဘွဲ့ မဟာသရေစည်သူ ဒေါက်တာ ဦးဘ၏ ပထမ ရွှေတံဆိပ်ဆုကို ဝန်ကြီးချုပ် ဦးနုက ချီးမြှင့်ခဲ့ |
| ၁၉၆၀ | ကျောင်းအုပ်ကြီး၊ အထက၊ အုတ်ဖို၊ သာယာဝတီခရိုင် အမ်အီးဒီဘွဲ့ (အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်) |
| ၁၉၆၃ | လက်ထောက်အုပ်ချုပ်ရေးမှူး၊ ပညာမင်းကြီးရုံး |
| ၁၉၆၄–၁၉၆၅ | ကျောင်းအုပ်ကြီး၊ ပုသိမ် ဆရာအတတ်သင်ကျောင်း |
| ၁၉၆၆–၁၉၇၇ | လက်ထောက် သုတေသနအရာရှိမှ ဥက္ကဋ္ဌ ရာထူးအထိ ထမ်းဆောင် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့/ ဦးစီးဌာန |
| ၁၉၇၇–၁၉၈၅ | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန |
| ၁၉၉၉ | မြန်မာနိုင်ငံ ပညာရေးဌာန သမိုင်းစာအုပ်ဖြင့် (အမျိုးသားစာပေဆုရ) |
| ၁၉၉၉–၂၀၁၃ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ |
| ၁၉၉၉–ယနေ့အထိ | ဥက္ကဋ္ဌ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ |
| ၁၉၉၉–ယနေ့အထိ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်မဌာန |
| ၂၀၁၅–ဇန်နဝါရီ | ရန်ကုန်တက္ကသိုလ် Doctor of Letters (Honoris Causa) ဘွဲ့ |
| ၂၀၁၅–မေ | အမေရိကန်နိုင်ငံ ဟာဝိုင်ရီတက္ကသိုလ် Doctor of Humane Letters, (Honoris Causa) ဘွဲ့ |
| ၂၀၁၅–ဇွန် | နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် |
| ၂၀၁၈ | ပခုက္ကူဦးအုန်းဖေ တစ်သက်တာ စာပေဆုရ |



ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်အခမ်းအနား (၂၀၁၅) တွင် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ ချီးမြှင့်ခံရသူ ခုနစ်ဦးနှင့် အခမ်းအနားတက်ရောက်သူများ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မြန်မာနိုင်ငံ၏အနာဂတ်တွင် ဂျပန်နိုင်ငံက မိသားစုဆက်ဆံရေးဖြင့် ဆက်လက် လက်တွဲသွားမည်

နေပြည်တော် နိုဝင်ဘာ ၉

**မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လေ့လာရေးအဖွဲ့ခေါင်းဆောင် မစ္စတာ ရိုဟေး ဆာဆာကာဝါ ၏ မြန်မာနိုင်ငံ အထွေထွေ ရွေးကောက်ပွဲ လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် အွန်လိုင်းသတင်းစာ ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။**




**မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လေ့လာရေးအဖွဲ့ခေါင်းဆောင် မစ္စတာ ရိုဟေး ဆာဆာကာဝါ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားစဉ်။** ဓာတ်ပုံ - ဖိုးထောင်

မစ္စတာ ဆာဆာကာဝါနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး အထွေထွေရွေးကောက်ပွဲကာလ မဲရုံများကြည့်ရှုလေ့လာခြင်းနှင့် မဲပေးမှုအခြေအနေ၊ မဲရေတွက်မှုအခြေ အနေများကိုလည်း တစ်စိတ်တစ်ပိုင်း လေ့လာကြည့်ရှုခဲ့သည်။ ယခုကျင်းပသည့် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ဖော်ဆောင်ရေး လုပ်ငန်းစဉ်များ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် အထောက်အပံ့ကောင်းဖြစ်မည်ဟု ယုံကြည်ကြောင်းလည်း အဆိုပါသတင်းစာရှင်းလင်းပွဲအတွင်း မစ္စတာ ဆာဆာကာဝါက ထည့်သွင်းပြောကြားသည်။

**မေးမြန်းချက်များဖြေကြား**

သတင်းစာရှင်းလင်းပွဲအတွင်း သတင်းထောက်များ၏ မေးမြန်းချက်များဖြစ်သည့် ငြိမ်းချမ်းရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ဒေသအရေးတို့အပြင် အထွေထွေရွေးကောက်ပွဲ ကျင်းပစဉ်အတွင်း မြင်တွေ့ရသည့်အခြေအနေများအပေါ် ဝေဖန်သုံးသပ်မှုများ၊ အနာဂတ် မြန်မာ့နိုင်ငံရေးအပေါ် အမြင်သဘောထားတို့နှင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအပေါ်ထားရှိသည့် သဘောထားများကိုလည်း မစ္စတာ ဆာဆာကာဝါနှင့် ဂျပန်သံအမတ်ကြီး မစ္စတာ မာရုယာမ အီချီရို တို့က ဖြေကြားသည်။

"လက်ရှိအချိန်မှာ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ကမ္ဘာလုံးက လူမှုစီးပွားဘဝတွေ အတော်လေး ရပ်ဆိုင်းသွားစေခဲ့ပါတယ်။ ဒါက နိုင်ငံတကာမှာကြုံတွေ့ပြီး ဖြေရှင်းနေကြရတာဖြစ်ပါတယ်။ စီးပွားရေးတွေ ရပ်တန့်ကုန်ကြတယ်။ လူတွေအတော်များများ အလုပ်လက်မဲ့တွေ ဖြစ်ကုန်ကြတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မြန်မာပြည်သူတွေ အားလုံး ကျန်းမာရေးကို အထူးဂရုပြုစောင့်ရှောက်ကြဖို့က အရေးကြီးတယ်လို့ထင်ပါတယ်။ မြန်မာနဲ့ ဂျပန်ဆိုတာဟာ အလွန်ကြီးမားတဲ့ ဆက်ဆံရေးရှိပြီးသားပါ။ သာမန်ဆက်ဆံရေးထက်ပိုတဲ့ မိသားစုဆက်ဆံရေးလို့လည်း ပြောလို့ရပါတယ်။ တစ်ချိန်တုန်းက ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံက ကျွန်တော်တို့ ဂျပန်နိုင်ငံကို ဆန်ရိက္ခာ ထောက်ပံ့ခဲ့တယ်။ အဲဒီဆန်ကြောင့်သာ ကျွန်တော်တို့အခုလို ရပ်တည်ရှင်သန်နိုင်ခဲ့တာပါ။ ဒါကြောင့် ကျွန်တော်တို့ဟာ မြန်မာနိုင်ငံအတွက် အမြဲအသင့်ရှိတဲ့မိတ်ဆွေပါ။ မြန်မာနိုင်ငံအတွက် ကူညီထောက်ပံ့မှုတွေကို လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကတည်းက အရှိန်မြှင့်ခဲ့ရာမှာ ဥပမာပြောရရင် အမေရိကန်ဒေါ်လာ ၅ ဘီလီယံကို အကြွေးလျှော်ပေးခဲ့ဖူးပါတယ်။ ဂျပန်နဲ့ မြန်မာဟာ အစိုးရအချင်းချင်းသာမက ပြည်သူတွေအနေနဲ့လည်း ချစ်ခင်ရင်းနှီးတဲ့အနေအထား ဖြစ်ပါတယ်။ သမိုင်းဝင်တဲ့ ဂျပန်-မြန်မာ ဆက်ဆံရေးကောင်းကို ပိုပြီးတိုးတက်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ မြန်မာပြည်သူတွေအတွက် လူမှုစီးပွားဘဝ ကူညီမှုတွေကိုလည်း ဆက်ပြီးဆောင်ရွက်သွားမှာပါ။ မြန်မာနိုင်ငံမှာ လိုအပ်နေသေးတဲ့ အခြေခံအဆောက်အအုံတွေ၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးအကူအညီတွေကို နှစ်စဉ် အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကနေ ၁ ဒသမ ၃ ဘီလီယံအထိ ထောက်ပံ့နေတာတွေကိုလည်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု မစ္စတာ ဆာဆာကာဝါ က သတင်းစာရှင်းလင်းပွဲအတွင်း ထည့်သွင်းဖြေကြားသည်။

ထို့ပြင် သတင်းစာရှင်းလင်းပွဲအပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ မာရုယာမကလည်း မြန်မာနိုင်ငံက ရွေးကောက်တင်မြှောက်မည့် အစိုးရသစ်လက်ထက်တွင်လည်း ဂျပန်နိုင်ငံအနေဖြင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးဖြစ်လာမည်ဟု ယုံကြည်ကြောင်း သတင်းထောက်များအား ပြောကြားပြီး အစိုးရချင်းချင်းအပြင် ပြည်သူအချင်းချင်းကလည်း ပိုမိုချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံရေးမျိုးဖြစ်လာမည်ဟု ယုံကြည်ကြောင်း သတင်းထောက်များကို ဖြေကြားသည်။

**ပြည်သူများ စိတ်ဝင်စားမှုမြင့်တက်**

ယခုရွေးကောက်ပွဲသည် ဒီမိုကရေစီနည်းလမ်းကျသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်မည်ဟုလည်း အခိုင်အမာယုံကြည်မျှော်လင့်ကြောင်း မြန်မာနိုင်ငံသို့ လာရောက်မည့်ခရီးစဉ် အကြိုသတင်းထုတ်ပြန်ချက်တွင်လည်း ဖော်ပြထားသည်။ မစ္စတာ ဆာဆာကာဝါသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပစဉ်ကလည်း ရွေးကောက်ပွဲလေ့လာရေးအဖွဲ့ ဦးဆောင်သူအဖြစ် လာရောက်ခဲ့သူဖြစ်ရာ ယခုနှစ်ရွေးကောက်ပွဲသည် ပြည်သူများ ပိုမိုစိတ်ဝင်စားမှုမြင့်တက်သည့် ရွေးကောက်ပွဲဖြစ်ပြီး မိမိပေးခွင့်ရရှိသည့် မဲတစ်ပြား၏တန်ဖိုးကို ပြည်သူများ ပိုမိုနားလည်သိရှိလာပြီဟုလည်း ရွေးကောက်ပွဲအပေါ် မှတ်ချက်ပြုထားသည်။

**ခင်ရတနာ**

---

*စာမျက်နှာ ၇ မှ*

ဤတည်ဆဲဥပဒေအရ ဒုတိယပိုင်းကာလတစ်လျှောက် ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များအပ်နှင်း ချီးမြှင့်နေခြင်းတို့ကို ဆက်လက် ဆွေးနွေးတင်ပြသွားပါမည်။

**၁၉၆၁ ခုနှစ်မှ ၁၉၉၉ နှစ်** အတွင်း သုံးဆယ့်ရှစ်နှစ်ကြာ ကာလမှာ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခြင်း ပြုလုပ်သည်ကို မတွေ့ရှိရပါ။ **၂၀၀၀ ပြည့်နှစ်** မှစ၍ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ (ရန်ကုန်တက္ကသိုလ်) ပညာရေးအဖွဲ့သည် ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းချီးမြှင့်ခြင်းကို ပြန်လည်ဆောင်ရွက်လာကြောင်း လေ့လာတွေ့ရှိရပါသည်။ ဖော်ပြပါ ပညာရေးအဖွဲ့က "ဂုဏ်ထူးဆောင်ဘွဲ့များ" ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍-

(က) တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုတွင် ထူးထူးခြားခြား စွမ်းစွမ်းတမံ ထင်ထင်ရှားရှား ဆောင်ရွက်သူ ဖြစ်ခြင်း၊

(ခ) အများပြည်သူတို့အား အသိဉာဏ်တိုးပွားအောင် ပညာပေးရေးသားပြုစုရာ၌ အထူးကျော်ကြားထင်ရှားသူ ဖြစ်ခြင်း၊

(ဂ) လူမှုရေးလုပ်ငန်းများ (ပညာရေး၊ ယဉ်ကျေးမှုတို့အပါအဝင်)နှင့်စပ်လျဉ်း၍ လူငယ်များ၏ စာရိတ္တမြင့်မားရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်ရေးတို့အတွက် ပြုစုပျိုးထောင်ဆောင်ရွက်ရာတွင် အထူး အောင်မြင်ကျော်ကြားသူ ဖြစ်ခြင်း၊

(ဃ) မြန်မာနိုင်ငံ၏ သမိုင်းရှေးဟောင်းသုတေသနနှင့် အနုပညာရပ်စသည်တို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန့်ပွားအောင်ဆောင်ရွက်ခြင်း စသည့် အရည်အချင်းများရှိသည့် ထက်မြက်ထူးချွန်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ပါသည်။

**၂၀၀၀ ပြည့်နှစ်** အောက်တိုဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ပညာရေးအဖွဲ့က အထူးဘွဲ့နှင်းသဘင်အခမ်းအနားတစ်ရပ်ကျင်းပ၍ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ (ဒီလစ်ဘွဲ့)ကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ ဆရာတော်နှင့် အလင်္ကာကျော်စွာ မဟာသဒ္ဓမ္မဇောတိက ဆရာကြီးဦးသုခတို့အား အပ်နှင်းချီးမြှင့်ခြင်း ပြုခဲ့ပါသည်။

**၂၀၀၂ ခုနှစ်** အောက်တိုဘာလ ၁၉ ရက် စနေနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ရန်ကုန်တက္ကသိုလ်၏ (၁၀၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ်အဖွဲ့က ပါမောက္ခများဖြစ်ကြသော သမိုင်းပါမောက္ခ ဦးကျော်ဝင်း၊ မြန်မာစာပါမောက္ခ ဦးခင်အေး၊ ဒဿနိကဗေဒပါမောက္ခ ဒေါ်တင်တင်ထွန်းနှင့် သင်္ချာပါမောက္ခ ဒေါ်ကြည်ကြည်အောင်တို့အား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့များကို အပ်နှင်းချီးမြှင့်ခဲ့ပါသည်။

**၂၀၀၃ ခုနှစ်** ဖေဖော်ဝါရီလ ၁၅ ရက် စနေနေ့တွင် ကျင်းပသည့်ရန်ကုန်တက္ကသိုလ်(၁၀၆) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် ဘဒ္ဒန္တမာရာဘိဝံသနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒစရိယနှင့် ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာတော် စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော်ဘဒ္ဒန္တဉာဏိဿရတို့နှစ်ပါးအား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ကို ဆက်ကပ်အပ်နှင်းချီးမြှင့်ခဲ့ပါသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ ဥပဒေပါမောက္ခ ဒေါ်သန်းနွဲ့နှင့် သတ္တဗေဒပါမောက္ခဒေါ်တင်နွယ်တို့ကို ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့များ အပ်နှင်းချီးမြှင့်ခဲ့သည်။

**၂၀၀၄ ခုနှစ်** အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ စိတ်ပညာပါမောက္ခ ဒေါ်ခင်အေးဝင်းကို ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ အပ်နှင်းချီးမြှင့်ခဲ့သည်။

**၂၀၀၅ ခုနှစ်** အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ အရှေ့တိုင်းပညာ ပါမောက္ခ ဒေါ်ခင်သိန်းကို ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ အပ်နှင်းချီးမြှင့်ခဲ့သည်။

**၂၀၁၂ ခုနှစ်** မတ်လ ၁၇ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်၌ မြန်မာစာအဖွဲ့ဝင် ဦးစံလွင်ကို ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့အပ်နှင်းချီးမြှင့်ခဲ့ပါသည်။

**၂၀၁၅ ခုနှစ်** ဇန်နဝါရီလ ၈ ရက် ကြာသပတေးနေ့တွင် ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင်အခမ်းအနားတစ်ရပ် ကျင်းပ၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၇)ဦးအား-

(၁) ဦးသန်းဦး၊ မြန်မာနိုင်ငံ ပညာရေးဖောင်ဒေးရှင်း၊ အဖွဲ့ဝင်၊

(၂) ဦးစိုင်းအောင်ထွန်း၊ မြန်မာ့သမိုင်း၊ အဖွဲ့ဝင်၊

(၃) ဒေါ်ရီရီမြင့်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ အဖွဲ့ဝင်၊

(၄) ဒေါ်ကြည်ကြည်လှ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊

(၅) ဦးစိန်မင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊

(၆) ဦးခင်ညို၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ အဖွဲ့ဝင်၊

(၇) ဒေါ်နော်ဂျူးဖေါ၊ ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာန၊ ပါမောက္ခ၊ ဌာနမှူး၊

ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကို အပ်နှင်းချီးမြှင့်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အချုပ်အားဖြင့် ကမ္ဘာ့တက္ကသိုလ်ကြီးများနည်းတူ ရန်ကုန်တက္ကသိုလ်သည် ကြီးမားလှသော **ပညာရေးအစဉ်အလာ၊ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုအစဉ်အလာ** တို့အရ ၁၉၂၀ ခုနှစ်မှအစပြု၍ ၂၀၂၀ ပြည့်နှစ်မတိုင်မီ ကာလအတွင်း အထက်တွင်ဖော်ပြခဲ့သော ဗုဒ္ဓဘာသာ ရဟန်းတော် ငါးပါး၊ ခရစ်ယာန်ဘုန်းတော်ကြီးနှစ်ပါး၊ နိုင်ငံခြား ခေါင်းဆောင်ကြီးငါးဦးနှင့် လူပုဂ္ဂိုလ် ၅၉ ဦး၊ စုစုပေါင်းပုဂ္ဂိုလ် ၇၁ ဦး တို့အား ဂုဏ်ထူးဆောင်ဘွဲ့အမျိုးမျိုးတို့ကို ပုံမှန်ကျင်းပသော ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်၌ လည်းကောင်း၊ အထူးဘွဲ့နှင်းသဘင်ခေါ်ယူကျင်းပသော အခမ်းအနား၌ လည်းကောင်း၊ ထိုက်ထိုက်တန်တန် ဆက်ကပ်ခြင်း၊ အဝေးရောက်အပ်နှင်းခြင်း၊ ပေးအပ်ချီးမြှင့် ဂုဏ်ပြုခြင်းတို့ကို ဆောင်ရွက်ဖြစ်ခဲ့ကြောင်း ရရှိနိုင်သမျှသော အထောက်အထားများအရ ယခုကဲ့သို့ ဆွေးနွေးတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဤကောင်းမြတ်လှသော အစဉ်အလာ၊ မင်္ဂလာတစ်ပါးကို အမြဲတစေရှင်သန်နေစေရန်၊ ရန်ကုန်တက္ကသိုလ်ရာပြည့်ကာလမှ ရှေ့ဆက်လက်ထိန်းသိမ်းကြိုးပမ်းဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသတည်း။ ။

---

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် နိုဝင်ဘာ ၉

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၉ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉) ရပ်ကွက် နေ မဲလုံးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၀-၂၀၂၀ ရက်နေ့တွင် ဘားအံမြို့၊ အမှတ်(၉) ရပ်ကွက်၊ မြို့ပတ်လမ်းမပေါ်ရှိ ၎င်းရပ်ကွက်နေ မဲလုံး(ခ) ဇော်မျိုးအောင် (၂၉)နှစ်၊ (ဘ)ဦးဇော်ဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘားအံ) မယ(ပ)၄၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀ (က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာ၌ မူးယစ်ဆေးဝါး သုံးစွဲ / ဖြန့်ဖြူးရောင်းချသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၅)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၅-၁၀-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကသာမြို့နယ်၊ ပျဉ်ထောင်လေး ကျေးရွာနေ ဒေါ်မြနှင်းကြိုင်(၃၆)နှစ်၊ (ဘ)ဦးမြသန်း ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ)မယ(ပ)၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျောက်တောက်ရပ်ကွက်နေ သောကြာနှင့် မယဉ်ဝင်းအေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၀-၂၀၂၀ ရက်နေ့တွင် မုံရွာမြို့၊ ကျောက်တောက် ရပ်ကွက်နေ မယဉ်ဝင်းအေး(၃၈)နှစ်၊ (ဘ)ဦးစီ ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ သော်ဇေယျ(ခ) သောကြာ(၂၇)နှစ်၊ (ဘ)ဦးရွှေလုံ၊ ဗန္ဓုလရပ်ကွက်နေ အောင်မျိုးနိုင်(၂၂)နှစ်၊ (ဘ)ဦးဝင်းနိုင်တို့ (၃) ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မုံရွာ)မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းအုတ်ဆုံကျေးရွာတွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူများ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၀-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မောင်းကုန်း အုတ်ဆုံကျေးရွာလမ်းမပေါ်၌ ၎င်းကျေးရွာနေ အောင်ကျော်ဦး (၂၃)နှစ်၊ (ဘ)ဦးနန်းဦးအား WY စာတန်းပါ စိတ်ကြွ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ (ပ)၁၆၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ပန်းကောက်ကျေးရွာနေ သိန်းလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၁-၂၀၂၀ ရက်နေ့တွင် မင်းကင်းမြို့နယ်၊ ပန်းကောက်ကျေးရွာနေ သိန်းလွင်(၃၅)နှစ်၊(ဘ)ဦးချိုအေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မောက္ကတော်) မယ(ပ)၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၀-၂၀၂၀ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာနေ သက်ဦးမောင်(၄၅)နှစ်၊ (ဘ) ဦးသိန်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရမည်းသင်း) မယ(ပ) ၃၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ ဒါးတန်းရပ်ကွက်နေ ကျော်စွာထက်(ခ) စွာကြီးသည် မူးယစ်ဆေးဝါးများသုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၁၁-၂၀၂၀ ရက်နေ့တွင် ညောင်ဦးမြို့၊ ဒါးတန်းရပ်ကွက်နေ ကျော်စွာထက်(ခ)စွာကြီး(၂၈)နှစ်၊ (ဘ)ဦးဝင်းလှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ညောင်ဦး) မယ (ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၇)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၇)ဦး၊ မ(၂)ဦး၊ ပေါင်း(၉)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၅-၁၀-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်၊ ကျောက်တန်း- မုပွန် သွားလမ်းမပေါ်၌ မုပွန်ရပ်ကွက်နေ မျိုးချစ်ခိုင် (၄၀)နှစ်၊ (ဘ)ဦးထွန်းကြည် စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မုပွန်) မယ(ပ)၅၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းဆုံအနီး၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၀-၂၀၂၀ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းဆုံ၌ လှိုင်မြို့နယ်၊ အမှတ်(၁) သစ်စက်ဝန်းနေ အောင်ကျော်ကျော်(၂၀)နှစ်၊ (ဘ)ဦးစောထက်ဦးအား စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဘုရင့်နောင်) မယ(ပ) ၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျ တံတားကြီးအောက်တွင် မူးယစ်ဆေးဝါးရောင်းချသူများ များပြားနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၀-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျတံတား အောက်ခြေလမ်းမပေါ်၌ ရွှေပြည်သာမြို့၊ (ည)ရပ်ကွက်နေ ရဲဝင်းထွန်း (၃၅)နှစ်၊ (ဘ)ဦးစိုးဝင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းစိန်) မယ(ပ) ၁၆၁ / ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ အကြီးကောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၀-၂၀၂၀ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ မျိုးမင်းဦး(ခ) အကြီးကောင် (၃၁)နှစ်၊ (ဘ)ဦးအေးမင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ) မယ(ပ)၄၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၇-၁၁-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၃၉၉) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၇၈၀)ဦး၊ မ (၃၅၇)ဦး၊ ပေါင်း(၂၁၃၇)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၁၀၅၈၆.၆၅၀၄) ဂရမ်၊ ICE (၁၄၈၉.၄၂)ဂရမ်၊ ဘိန်း (၄၇၉၃၄.၁၇၈၈၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၄၉၀၁.၇၄) ဂရမ်၊ ဘိန်းစာရွက်(၅၄၅၉၇.၃၂) ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၆၈၄၇၉၈)ပြား၊ ဆေးခြောက် (၁၄၈၇၁.၈၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၄၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၈) လက်၊ ကျည်မျိုးစုံ(၆၆၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ် ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀

**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃

**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

# ကျောက်တန်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းများက အသင်းသားနှင့် ပြည်သူများသို့ စားသောက်ကုန်များ ထောက်ပံ့ကူညီ

**ကျောက်တန်း နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်းရှိ သမဝါယမအသင်း အဆင့်ဆင့်မှ စုပေါင်း၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလတွင် မြို့နယ်အတွင်းရှိ ရွှေကုန်းရပ်ကွက်၊ ဆင်ကံရပ်ကွက်၊ ကွမ်းခြံစုရပ်ကွက်နှင့် စံချိန်မီ ရပ်ကွက်များရှိ အသင်းသားပြည်သူများ စားသောက်ရေးအဆင်ပြေစေရန် အသင်းသားနှင့်ပြည်သူ ၁၈၁၃ ဦးအတွက် ဆီ ၁၈၁၃ ပိဿာ၊ ဆား ၁၈၁၃ ထုပ်၊ ဟင်းခတ်မှုန့် ၁၈၁၃ ထုပ်နှင့် ကြာဆန်ထုပ် ၃၆၂၆ ထုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၂ ဒသမ ၂၃၇ သိန်းအား လက်ဝယ်အရောက် ထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဦးနေအုပ်ပြောပြသည့် ရန်ကုန်တက္ကသိုလ် ပထမဆုံး ပါမောက္ခချုပ် ဒေါက်တာထင်အောင်နှင့် စပ်လျဉ်းသည့် အမှတ်တရများ

*တွေ့ဆုံမေးမြန်း - ဥမ္မာ၊ ရီရီ*

**ရန်ကုန်တက္ကသိုလ်သည် တစ်ခေတ်တစ်ခါက အရှေ့တောင်အာရှတစ်ခွင်တွင် ဂုဏ်သတင်းကျော်ကြားကာ နာမည်တောက်ပသောတက္ကသိုလ်ကြီး ဖြစ်ခဲ့သည်။ စာပေသင်ကြားမှု၌လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းရာ၌ လည်းကောင်း၊ အဆောက်အအုံများ နေသားတကျရှိမှုနှင့် တည်နေရာအနေအထားအကွက်အကွင်းကျမှု၌ လည်းကောင်း၊ သဘာဝ အလှအပနှင့် လူတို့ကြိုးစားတည်ဆောက်မှုအလှအပတို့ ဟန်ချက်ညီစွာ ပေါင်းစပ်ထားသည့်အရာ၌လည်းကောင်း သူမတူအောင် ထူးခြားသောတက္ကသိုလ်ကြီးပင် ဖြစ်သည်။**

ရန်ကုန်တက္ကသိုလ်ကို အင်္ဂလန်နိုင်ငံရှိ အောက်စဖို့နှင့် ကိန်းဘရစ်ချ်တက္ကသိုလ်တို့၏ စနစ်အတိုင်း ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၁၉၄၀ နှင့် ၅၀ ပြည့်နှစ်များအတွင်းတွင် အရှေ့တောင်အာရှ၏ အကောင်းဆုံးတက္ကသိုလ်ထဲတွင် ပါဝင်ခဲ့ပြီး အာရှအဆင့်တွင်လည်း ထိပ်တန်းရပ်တည်နိုင်ခဲ့ခြင်းကြောင့် အခြားအာရှနိုင်ငံများမှ ကျောင်းသားများ လာရောက်ပညာဆည်းပူးရာတက္ကသိုလ် ဖြစ်ခဲ့သည်။ အဆိုပါ တက္ကသိုလ်ကြီးသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် သက်တမ်း နှစ် ၁၀၀ ပြည့်မြောက်တော့မည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပါမောက္ခချုပ်ကြီးများအနက် အချို့မှာ ကွယ်လွန်သွားကြပြီ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ်အဖြစ် ကွယ်လွန်သွားကြပြီဖြစ်သော ပါမောက္ခချုပ်ကြီးများ၏ မိသားစုဝင်များနှင့် တွေ့ဆုံပြီး ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ၎င်းတို့နှင့် ပတ်သက်၍ အမှတ်တရရှိခဲ့သော ဖြစ်ရပ်ဖြစ်စဉ်များကို ပြန်လည်ဖော်ပြလိုသည့်အတွက် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ ထင်အောင် (၁၉၄၄-၁၉၅၈) ၏အကြောင်းကို တူဖြစ်သူ ဦးနေအုပ် (နေအုပ်-စိန်ပေါလ်) အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ပါမောက္ခချုပ် ဒေါက်တာထင်အောင်နှင့် ဇနီး။



ဦးနေအုပ်(နေအုပ်- စိန်ပေါလ်)

**မေး ။ ။ ဆရာကြီး ဒေါက်တာ ထင်အောင်ရဲ့ ဘဝဖြတ်သန်းမှု အတွေ့အကြုံလေးတွေကို ဆရာ ဦးနေအုပ် အနေနဲ့ သိသလောက်၊ မှတ်မိသလောက် ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ ကျွန်တော်ကတော့ ဆရာကြီး ဒေါက်တာ ထင်အောင်ရဲ့တူ ဖြစ်ပါတယ်။ ဆရာကြီးတို့ မိသားစုမှာ သားသမီးမထွန်းကားခဲ့ပါဘူး။ တူတွေ၊ တူမတွေကတော့ အများကြီးရှိပါတယ်။ အချို့က နိုင်ငံခြားရောက်နေပါတယ်။ ဒေါက်တာထင်အောင်က ကျွန်တော့်ရဲ့ ဘထွေးလေးပါ။ ဆရာကြီးမှာ ညီအစ်ကို မောင်နှမ ခုနစ်ယောက်ရှိတယ်။ ဆရာကြီး က ညီအစ်ကိုများအနက်အငယ်ဆုံးပါ။ ပညာမှာတော့ ခုနစ်ယောက်စလုံး ထူးချွန်ပါတယ်။ တော်တော်ကို အံ့သြလောက်အောင် စာတော်တဲ့မောင်နှမတစ်စု ဖြစ်တယ်။ မျိုးရိုးဇာတိကတော့ ကျွန်တော့်အဘိုးက အရေးပိုင်ပါ။ အဘိုးနာမည်က ဦးဖိန်းဖြစ်ပါတယ်။ ဘွဲ့တွေအများကြီး ရပါတယ်။ အဘွားနာမည်က ဒေါ်မိမိပါ။ အဘိုးက မင်းတုန်းဇာတိပါ။ အဘွားကတော့ အထက်မင်းလှဇာတိပါ။

ဒေါက်တာ ထင်အောင်ကိုတော့ ၁၉၀၉ ခုနှစ်က ပဲခူးမှာ မွေးပါတယ်။ ပဲခူးမှာ ကျွန်တော့်အဘိုးက အရေးပိုင်တာဝန်ထမ်းဆောင်နေစဉ် မှာ မွေးဖွားခဲ့တာပါ။ မွေးချင်း ခုနစ်ယောက်စလုံး အကြောင်းပြောရရင် အစ်ကိုအကြီးဆုံးက အိုင်စီအက်စ် ဦးတင်ထွဋ်ပါ။ သူက မြန်မာနိုင်ငံရဲ့ပထမဆုံး အိုင်စီအက်စ်ပါ။ လွတ်လပ်ရေးကြိုးပမ်းတဲ့နေရာမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အတူတူ လက်တွဲပြီး၊ ဘိလပ်ကို အခေါက်ခေါက်သွားပြီး လွတ်လပ်ရေးကြိုးပမ်းခဲ့ပါတယ်။

ပင်လုံစာချုပ်အတွက် တိုင်းရင်းသားတွေကို စည်းရုံးရေးဆင်းတဲ့အခါမှာလည်း ဗိုလ်ချုပ်အောင်ဆန်း ဘေးမှာ အမြဲတမ်းပါခဲ့တယ်။ သူကဘွဲ့တွေ အများကြီးရပါတယ်။ သူက သတင်းစာဆရာပါ။ New Times of Burma သတင်းစာကို ကိုယ်တိုင်ထုတ်ဝေခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီးတဲ့နောက် သူတစ်ယောက်တည်း ကျန်ခဲ့တာပါ။ သူက အဲဒီအချိန်မှာ ဘိလပ်ရောက်နေတယ်။ ပြန်လာတဲ့အခါမှာ သူ့ကားထဲ လက်ပစ်ဗုံးပစ်ပြီး လုပ်ကြံခဲ့တဲ့အတွက် သေဆုံးသွားပါတယ်။

ဒုတိယ ဘကြီးက ဦးကျော်မြင့်ပါ။ သူက တက္ကသိုလ်မှာ ဥပဒေပါမောက္ခ လုပ်ခဲ့တယ်။ နိုင်ငံရေးမှာလည်း ဒီးဒုတ်ဦးဘချိုနဲ့အတူ ဆောင်ရွက်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရောက်ခဲ့တယ်။ နောက်ပိုင်းမှာ ရှေ့နေလုပ်ခဲ့တယ်။ အလွန်အောင်မြင်ခဲ့ပါတယ်။ ဂျူန်ဦးစောကို ရုံးတင်စစ်ဆေးတဲ့ တရားသူကြီးအဖွဲ့ရဲ့ ဥက္ကဋ္ဌပါ။ သူတို့အဖွဲ့က ဦးစောကို ကြိုးမိန့်ပေးခဲ့တာပါ။

တတိယ ဘကြီးကတော့ ဦးမြင့်သိန်းလို့ ခေါ်ပါတယ်။ လူချစ်လူခင်ပေါတယ်။ တရားသူကြီးချုပ် ဖြစ်ခဲ့ပါတယ်။ အလွန်တော်ပါတယ်။ ကုလသမဂ္ဂကိုယ်စားလှယ်လည်း ခဏလုပ်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ပထမဆုံး မြန်မာသံအမတ်ကြီးပါ။ တကယ်တော့ သူက မော်စီတုန်းကွန်မြူနစ်တွေမတက်မီ ချန်ကေရှိတ်လက်ထက်ကတည်းက နန်ကျင်းမှာ ပထမဆုံးသံအမတ်အဖြစ် ခန့်ထားပြီး ဖြစ်ပါတယ်။

သူ သံအမတ်လုပ်နေတဲ့အချိန်မှာပဲ ကွန်မြူနစ်တပ်တွေ နန်ကျင်းကိုသိမ်းတော့ ချက်ချင်းသံကြိုးရိုက်တယ်။ ဒီတက်မယ့်အစိုးရကတော့ မြဲမယ့်သဘောရှိတယ်။ ပြည်သူလူထုအများစုရဲ့ ထောက်ခံမှုအပြည့်အဝရတယ်။ မြန်မာပြည်အနေနဲ့ ချက်ချင်းအသိအမှတ်ပြုသင့်ပါတယ်လို့ မြန်မာနိုင်ငံအစိုးရအဖွဲ့ကို တိုက်တွန်းခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုတာ ပထမဆုံး မြန်မာနိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် မော်စီတုန်းကြီးက အမြဲတမ်းမိန့်ခွန်းပြောတဲ့အခါတိုင်းမှာ အဲဒီအချက်တွေကို ထည့်ပြောလေ့ရှိတယ်။ တရုတ်ခေါင်းဆောင်တွေက အဲဒီနေ့ကစပြီး မြန်မာပြည်ကို ဆွေမျိုးပေါက်ဖော်လို့ ခေါ်ခဲ့တာပါပဲ။

ကျွန်တော့်ဘကြီး ဒေါက်တာထင်အောင်ကလည်း နောက်ပိုင်းမှာ သီရိလင်္ကာနိုင်ငံ သံအမတ်ဖြစ်လာတယ်။ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံကို ပိုပြီးရင်းနှီးစေတယ်။ သူ့ရဲ့ လုပ်ဆောင်မှုကြောင့် ဝန်ကြီးချုပ်ကနေ သမ္မတဖြစ်လာတဲ့ မစ္စစ် ဘန်ဒါနာရကဆိုရင် မြန်မာသံမတ်ကြီး အိမ်မှာ သံဃာတွေကို ဆွမ်း၊ သင်္ကန်းကပ်လှူပွဲ လုပ်တိုင်း တက်ရောက်လေ့ရှိတယ်။ ကျွန်တော်ပြောချင်တာက ဦးလေးလေးယောက်စလုံးက နိုင်ငံ့အတွက် အဘက်ဘက်က အကျိုးပြုခဲ့ပါတယ်။ ညီအစ်မသုံးယောက်စလုံးကတော့ ပညာရှင်တွေပါပဲ။ အကြီးဆုံးအဒေါ်က ဒေါ်မြမူ၊ မြန်မာစာနဲ့ မဟာဝိဇ္ဇာဘွဲ့ရပါတယ်။ သူက ကျောက်စာဖတ်တာ အလွန်တော်တယ်။ စာရေးလည်း အလွန်ကောင်းပါတယ်။ သူက ဘယ်သူနဲ့ အကြောင်းပါသလဲဆိုတော့ မြန်မာစာပါမောက္ခ ဦးအေးမောင်နဲ့ အကြောင်းပါခဲ့ပါတယ်။ ကျွန်တော့်အမေက ဒေါ်ခင်စောမူပါ။

သူက ဒုတိယညီမပေါ့။ သူက အစိုးရအလုပ်မလုပ်ခဲ့သော်လည်း ခေတ်စမ်းစာပေမှာ နာမည်ကြီးခဲ့တဲ့ ကဗျာဆရာမကြီးပါ။

ဒေါ်တင်စောမူက ကျွန်တော့်အဒေါ် အငယ်ဆုံးပါ။ အင်္ဂလိပ်စာဌာနရဲ့ ပါမောက္ခပါ။ နိုင်ငံရေးဘက်ပါသွားတဲ့ အကြီးဆုံးဘကြီး ဦးတင်ထွဋ်ဆိုရင်လည်း ဝန်ကြီးဖြစ်ခဲ့တယ်။ တက္ကသိုလ်မှာ ဒုတိယအဓိပတိလည်း ဖြစ်ခဲ့ဖူးတယ်။ ခုနစ်ယောက်စလုံးကတော့ တက္ကသိုလ်နဲ့ မကင်းပါဘူး။

ကျွန်တော်တို့တူတွေ၊ တူမတွေကလည်း တက္ကသိုလ်က ပေါက်ဖွားတာပါ။ ကျွန်တော့်ရဲ့ အငယ်ဆုံး ဦးလေး ဒေါက်တာထင်အောင်ကတော့ ခုနစ်တန်းကျောင်းသားကတည်းက နိုင်ငံရေးထဲ ဟိုစပ်စပ် ဒီစပ်စပ်ပါခဲ့ဖူးတယ်။ အသက် ၁၂ နှစ်၊ သူခုနစ်တန်း ကျောင်းသားဘဝ ၁၉၂၀ မှာ ပထမဆုံးကျောင်းသားသပိတ်ကြီးဖြစ်ခဲ့တယ်။ အဲဒီဆန္ဒပြတဲ့အထဲ သူလိုက်သွားတယ်။ မိဘတွေက အတော်စိတ်ပူခဲ့ကြတယ်။ ပြန်ရောက်လာတော့ ဆူခံရတယ်။ အဘိုးက ပညာရေးကို ဂရုစိုက်ဖို့၊ နိုင်ငံရေးဘက်ကို ပါမသွားဖို့ ဆူတဲ့အတွက် စာကို ပိုပြီးကြိုးစားလိုက်တာ Double Promotion အတန်း နှစ်ခါခုန်တက်ခွင့်ရတယ်။ ဆယ်တန်းလည်းရောက်ရော အသက်က မပြည့်ဘူး။ တစ်နှစ်ခွဲလောက်လိုနေလို့ မဖြေရဘူး။ ဒီအတိုင်း ငုတ်တုတ်ထိုင်နေရတဲ့အချိန်မှာ သူ့ရဲ့ အစ်ကို ဦးမြင့်သိန်းက အင်္ဂလန်မှာ ပညာသင်နေတယ်။ သူ့ညီကို လှမ်းခေါ်တယ်။ ဒီအတိုင်းထိုင်နေမယ့်အစား သူ့ဆီလာခဲ့လို့ခေါ်တဲ့အတွက် ဘိလပ်ကို သူရောက်သွားခဲ့တယ်။ ဘိလပ်ရောက်တဲ့အခါကျတော့ ဒါးလစ်ချ် (Dulwich)ဆိုတဲ့ ကျောင်းမှာတက်ခဲ့တယ်။ အဲဒီကျောင်းက ယနေ့ မြန်မာပြည်မှာ လာဖွင့်ပြီ။ အဲဒီအချိန်တုန်းက ကျွန်တော့် ဘကြီး ဦးတင်ထွဋ်ကလည်း အဲဒီကျောင်းတက်ခဲ့တယ်။

အဲဒါကြောင့် **“မင်းတို့မျိုးရိုးထဲက ဘကြီး တစ်ယောက် ငါတို့ကျောင်းမှာ တက်ခဲ့တယ်လို့သိရတယ်၊ ကျောင်းဖွင့်ပွဲမှာ လာရောက်ဂုဏ်ပြုပေးဖို့”** အတွက် ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့တယ်။ ဦးတင်ထွဋ်အပြင် ဒေါက်တာ ထင်အောင်လည်း အဲဒီကျောင်းမှာ တက်ခဲ့ကြောင်း ကျွန်တော်ပြောပြခဲ့ပါတယ်။ ဒါပေမယ့် သူက အဆုံးထိ ပညာမသင်ခဲ့ရဘူး။ တစ်နှစ်လောက်ကြာတဲ့ အခါမှာ သူရဲ့ မဟုတ်မခံတဲ့စိတ်ကြောင့် ဆရာမ တစ်ယောက်က မဟတ္တမဂန္ဒီ မကောင်းကြောင်း ပြောတဲ့ အခါ

*စာမျက်နှာ ၁၁ သို့*

**“ ကျွန်တော့်ရဲ့ အငယ်ဆုံးဦးလေး ဒေါက်တာ ထင်အောင်ကတော့ ခုနစ်တန်းကျောင်းသားကတည်းက နိုင်ငံရေးထဲ ဟိုစပ်စပ် ဒီစပ်စပ် ပါခဲ့ဖူးတယ်။ အသက် ၁၂ နှစ်၊ သူခုနစ်တန်းကျောင်းသားဘဝ ၁၉၂၀ မှာ ပထမဆုံးကျောင်းသားသပိတ်ကြီး ဖြစ်ခဲ့တယ်။ အဲဒီဆန္ဒပြတဲ့အထဲ သူလိုက်သွားတယ်။ မိဘတွေက အတော်စိတ်ပူခဲ့ကြတယ်”**

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် တွေ့ဆုံမေးမြန်း



*စာမျက်နှာ ၁၀ မှ*

သူက အကြီးအကျယ် ပြန်ခုခံပြောဆိုတယ်။ သူ့ကို မကြိုက်ဘူး။ ဆရာမကို ပြန်ပြောတယ်ဆိုပြီး ဆရာမက သူ့ကို မဲတယ်။ ဆရာမက အတန်းထဲမှာ **“မောင်ထင်အောင် မင်းရဲ့ ခေါင်းလိမ်းဆီက နံတယ်။ အဲဒီခေါင်းလိမ်းဆီမလိမ်းနဲ့၊ ခေါင်းလျှော်ပြီးမှလာခဲ့”** လို့ ဆိုတယ်။ အဲဒါနဲ့ မတက်တော့ဘဲ ကျောင်းထွက်ပြီး ရန်ကုန်ကို ပြန်လာခဲ့တယ်။ အဲဒီကျောင်းမှာ သူတစ်နှစ်လောက်ပဲ တက်ခဲ့တယ်။ ရန်ကုန်ပြန်ရောက်တဲ့အခါ အသက်ပြည့်တော့ ၁၀ တန်းဝင်ဖြေတယ်။ အစ်မ ဒေါ်မြမူနဲ့ အတူတူ ၁၀ တန်းဝင်ဖြေတဲ့အခါမှာ သူက ပထဝီအားနည်းတယ်။ အစ်မက သမိုင်းအားနည်းတယ်။ အစ်မက ၁၀ တန်းဖြေဖို့ သူ့ကို ပထဝီသင်တယ်။ သူက အစ်မကို သမိုင်းပြန်သင်ပေးတယ်။ သူက သမိုင်းဝါသနာပါတယ်။ နောက်ပိုင်းကျတော့လည်း သမိုင်းနဲ့ ပတ်သက်တဲ့စာအုပ်တွေ အများကြီးရေးသားခဲ့ပါတယ်။ အောင်စာရင်းထွက်လာတဲ့အခါ အစ်မက သူသင်ပေးတဲ့သမိုင်းဂုဏ်ထူး ထွက်တယ်။ သူက အစ်မသင်ပေးတဲ့ ပထဝီဂုဏ်ထူးထွက်တယ်။ အဲဒီအပြင် အင်္ဂလိပ်စာနဲ့ မြန်မာစာဂုဏ်ထူးပါသေးတယ်။ တက္ကသိုလ် စတက်တယ်။ အင်္ဂလိပ်စာ သူယူပါတယ်။ ပြီးတော့ ဂုဏ်ထူးတန်းအောင်ပါတယ်။ ရွှေတံဆိပ်လည်း ရပါတယ်။

**မေး ။ ။ ဆရာကြီး ဒေါက်တာထင်အောင် ရွှေတံဆိပ်ဆုရပြီး ပညာဆက်လက် ဆည်းပူးခဲ့ပုံကို သိပါရစေ။**

**ဖြေ** ။ ။ အသက် ၁၅ နှစ်မှာ သူတက္ကသိုလ်ရောက်တယ်။ ၄ နှစ် ထူးထူးချွန်ချွန် သင်ယူခဲ့တယ်။ နောက်ဆုံး သူဘွဲ့ရတဲ့အခါမှာ ဦးဘိုးသစ်ရဲ့ ရွှေတံဆိပ်ဆုကို ရခဲ့တယ်။ သူ ၁၉၂၈ ခုနှစ်မှာ ဘွဲ့ရခဲ့တယ်။ ဘွဲ့ရတဲ့နှစ်မှာပဲ စကောလားရှစ်(ပညာသင်ဆု ) ရခဲ့တယ်။ အဲဒီအခါမှာ သူအင်္ဂလန်နိုင်ငံ (ဘိလပ်)ကို သွားရတယ်။ မသွားခင် အစ်ကိုသုံးယောက်က ဘိလပ်က ပြန်လာတယ်။ သူတို့က ဘားအက်လော (Barr–at Law) လို့ခေါ်တဲ့ ဝတ်လုံတော်ရဥပဒေဘွဲ့ရခဲ့တော့ ညီအငယ်ဆုံးလေးကို ခေါ်ပြောတယ်။ ဘားအက်လော (အခုခေတ်တော့ ဥပဒေပါရဂူ) လို့ခေါ်တဲ့ဝတ်လုံတော်ရ ဘွဲ့ရအောင်ယူရမယ်။ မိသားစုရဲ့ အစဉ်အလာထိန်းဖို့ အကြိမ်ကြိမ်မှာလိုက်တယ်။ ဟိုရောက်တဲ့အခါ သူက ဥပဒေဝါသနာမပါဘူး။ လန်ဒန်စကူးအော့ဖ်အီကိုနောမစ်မှာ LLB၊ LLM ဘွဲ့တွေကို ယူခဲ့တယ်။ နောက် ကိန်းဘရစ်ချ်တက္ကသိုလ်က BA(Law)ပြီးမှ LLB အောင်တယ်။

နောက် သူ့အစ်ကိုတွေ မျှော်မှန်းထားတဲ့ ဝတ်လုံတော်ရဘွဲ့ ယူခဲ့တယ်။

အိုင်ယာလန်နိုင်ငံ ဒတ်ဘလင် (Dublin)မြို့မှာရှိတဲ့ ဒန့်ရ်စတီးကောလိပ်သွားပြီး နိုင်ငံရေးသိပ္ပံဘွဲ့ယူခဲ့တယ်။ Ph.D. English ဘွဲ့လည်း ရခဲ့တယ်။ ပြင်သစ်နိုင်ငံ စော်ဘွန်းတက္ကသိုလ်က M. Litt ဘွဲ့ရခဲ့သေးတယ်။ နယ်သာလန်နိုင်ငံမှာလည်း ဘွဲ့တွေရခဲ့တယ်။ ဘွဲ့တွေ တစ်ခါတည်း အများကြီးယူလာတယ်။

နိုင်ငံခြားမှာ အကြာကြီးနေခဲ့တော့ ပိုက်ဆံတွေ ကုန်တာပေါ့နော်လို့ မေးတော့ “ ငါရတဲ့ ရွှေတံဆိပ်တွေ ရောင်းပြီး ဆက်ပြီးနေခဲ့တာ၊ နောက်ပြီး စာအုပ်လည်း ရေးခဲ့တယ်။ စာအုပ်အတွက် ပေါင်(၁၀၀) စာမူခရတယ်။ အဲဒါတွေ အသုံးချပြီး ဆက်ပြီးပညာသင်ခဲ့တယ်”တဲ့။ စာအလွန် တော်ပါတယ်။ ၁၉၃၃ ခုနှစ် မြန်မာပြည် ပြန်ရောက်တော့ တစ်ခါတည်း ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး မစ္စတာ စလော့က အင်္ဂလိပ်စာဌာနမှာ အချိန်ပိုင်း လက်ထောက်ကထိက ခန့်တယ်။ နောက်ပိုင်း ၁၉၃၄ ခုနှစ်မှာ အချိန်ပြည့် လက်ထောက်ကထိက ပေးတယ်။ ၁၉၃၆–၄၆ ခုနှစ်မှာ ပထမတန်းကထိက ဖြစ်သွားတယ်။ ၁၉၄၆ ခုနှစ်အထိ ဌာနပေါင်းစုံမှာ ကထိက၊ ပါမောက္ခလုပ်ခဲ့တယ်။ သူယူခဲ့တဲ့ ဘွဲ့တွေ အများကြီးလေ။ ဟိုတုန်းက ပါမောက္ခလုပ်ဖို့အတွက် မြန်မာဘွဲ့ရသူတွေ မရှိသေးဘူး။ Ph.D သွားသင်နေတုန်း ရှိသေးတယ်။ အဲဒီတော့ ယာယီဆိုပြီး သူ့ကိုအကုန်ခန့်တာပေ့ါ။ ဘယ်သူမှဌာနပေါင်းခြောက်ခု ဦးဆောင်ရတဲ့ ပါမောက္ခ မရှိခဲ့ဖူးဘူး။ သူတစ်ယောက်တည်း၊ တစ်ပြိုင်နက်တည်း ဌာနခြောက်ခုလောက် လုပ်ခဲ့ရတာ။ အင်္ဂလိပ်စာဌာနက ပါမောက္ခဖြစ်ပေမယ့် ကျန်တာကတော့ ယာယီဆိုပြီး လုပ်ခဲ့ရပါတယ်။ သူ့အစ်ကိုတွေက ဖြစ်စေချင်တာ ရှေ့နေတို့၊ တရားသူကြီးတို့ ဖြစ်စေချင်တာ။

သူကပြောတယ်။ အဲဒီအလုပ်တွေဟာ အင်မတန်ခေါင်းရှုပ်တယ်။ သူ့အစ်ကိုတွေကြည့်ပြီးတော့ သူက တက္ကသိုလ်မှာ ဆရာလုပ်ရတာ အင်မတန်ပျော်ခဲ့တယ်လို့ ပြောပါတယ်။ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်ကိုဖွဲ့စည်းဖို့၊ ထူထောင်ဖို့လုပ်နေတဲ့အချိန် စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ လက်နှိပ်စက်တစ်လုံးနဲ့ အလုပ်လုပ်နေတဲ့ ဦးထင်စီကို တွေ့တော့ သူပါဝင်ပြီးတော့ ကူညီချင်လာတယ်။ ဒီတက္ကသိုလ်ကြီးဖြစ်လာအောင် လုပ်တော့မယ်လို့ သန္နိဋ္ဌာန်ချပြီး ကူညီခဲ့တယ်။ တကယ်တော့ ရန်ကုန်တက္ကသိုလ်ကြီးဖြစ်လာတာ ကျွန်တော့်ဦးလေး ဒေါက်တာထင်အောင်ရဲ့ လုပ်ဆောင်ချက်တွေ အများကြီးပါတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

**မေး ။ ။ ဆရာကြီးအကြောင်း ရေးထားတာလေးတွေ သိတာရှိသေးရင် ထပ်ပြီးဖြည့်စွက် ပြောပေးပါ။**

**ဖြေ** ။ ။ သူ့အကြောင်းရေးထားတာ အများကြီးရှိပါတယ်။ ကျွန်တော်တို့ မမီလိုက်ဘူး။ ကျွန်တော် တက္ကသိုလ်ရောက်တော့ သူက သံအမတ်ကြီးအဖြစ် သီရိလင်္ကာကို ပြောင်းသွားပြီ။ သူ့အတန်းတွေ မတက်လိုက်ရဘူး။ သူက ပုံပြင်နားထောင်တာလည်း ဝါသနာပါတယ်။ ငယ်ငယ်တုန်းကဆို မိဘတွေကို တစ်ချိန်လုံး ပုံပြောခိုင်းနေတတ်တယ်။ နောက် သူဆရာဖြစ်လာတဲ့အခါ ကျွန်တော်တို့ တူတွေ၊ တူမတွေကို ပုံပြင်ပြောပြတတ်တယ်။ ဒ့ါကြောင့် တူတွေ၊ တူမတွေက သူ့အိမ်သွားရင် အလွန်ပျော်ကြတယ်။ ဒေါ်တင်လှဆိုတဲ့ အမျိုးသမီးနဲ့ အိမ်ထောင်ကျတယ်။ ဒေါ်တင်လှကလည်း ပညာတတ်ပါပဲ။ MA ဘွဲ့ရခဲ့ပါတယ်။ သားသမီး မထွန်းကားဘူး။ တူတွေ၊ တူမတွေက သားသမီးတွေလို ဖြစ်နေတာပေ့ါ။ ကျွန်တော်ဆို လေးတန်းလောက်ကတည်းက ယခုလက်ရှိ ပါမောက္ခချုပ်နေတဲ့ အိမ်ကြီးမှာပဲ ကြီးလာခဲ့တာ။ ပုံပြောနားထောင်ချင်တာကြောင့် ကျောင်းပိတ်ရင် ဦးလေးအိမ်ပဲသွားတယ်။ အင်္ဂလိပ်ပုံပြင်တွေပြောတာ နားထောင်လို့အင်မတန်ကောင်းပါတယ်။ ကျွန်တော့်ဦးလေး ဒေါက်တာထင်အောင်က ရွှတ်နောက်နောက်ပါ။ ပျော်လည်းပျော်တတ်တယ်။ သူပြောတဲ့ ပုံပြင်တွေထဲမှာ ရေတွင်းသုံးခုပုံပြင်ကို အင်္ဂလိပ်ဘာသာနဲ့ ပြောတယ်။ ပုံပြင်စပြောမယ်ဆိုပြီး အင်္ဂလိပ်လူမျိုးတွေ စကားစရင် ပြောလေ့ရှိတဲ့ " Well, well,well " နဲ့ စပြီး ရပ်သွားတယ် ။

ဒီတော့တူတွေ၊တူမတွေက “ ဘာထွေးဆက်ပြောဦးလေ” လို့တောင်းဆိုတဲ့အခါ “ ရေတွင်း ပုံပြင်ဒါပဲလေ” ဟုဆိုကာ ရယ်တော့တာပဲ ။ ကျောင်းသားကျောင်းသူတွေလည်း သူ့ကို အင်မတန်ချစ်ကြတယ်လို့ ပြောတယ်။ အင်္ဂလိပ်၊ မြန်မာ ညှပ်ပြီးလည်း ပြောလေ့ရှိတယ်။ ကာရန်လေးနဲ့ပြောတတ်တယ်။ စာသင်ကောင်းတဲ့အပြင် စာသင်တဲ့အခါ ဟာသလေးတွေ ညှပ်ပြီးပြောတော့ ပိုမှတ်မိတာပေ့ါ။ သူ့စာအုပ်တွေ လေ့လာဖတ်ကြည့်တဲ့အခါ ဘယ်သူမဆို နားလည်နိုင်တဲ့ စကားလုံးတွေ သုံးနှုန်းထားပါတယ်။ မြန်မာ့ရိုးရာ ပုံပြင်တွေကို အင်္ဂလိပ်လိုရေးခဲ့တဲ့အခါ မြန်မာ့ဓလေ့ထုံးစံတွေကို အနောက်တိုင်းစာဖတ်သူတွေ နားလည်အောင် ရေးထားတယ်။

**မေး ။ ။ ဒေါက်တာထင်အောင်ရဲ့ ကျောင်းသားကျောင်းသူတွေအပေါ်ထားရှိတဲ့ စိတ်သဘောထားလေး သိပါရစေ။**

**ဖြေ** ။ ။ အရင်ခေတ်တုန်းက ကျောင်းသား၊ ကျောင်းသူတွေက ဆရာသမားဆို ရိုသေလေးစားကြတယ်။ ဆရာသမားတစ်ခွန်းပြောရင် နားထောင်တယ်။ ဆရာကြီးကိုတွေ့ရင် ကျောင်းသားတွေက လေးလေးစားစား ဆက်ဆံခဲ့ကြတယ်။ ဆရာဆိုတာ ကြောက်တာတစ်ပိုင်း။ ချစ်တာ တစ်ပိုင်း၊ ချစ်အောင်လုပ်ဖို့ လိုပါတယ်။ ချစ်ကြောက် ရှိသေရမယ်။ အဲဒါမှ စာသင်လို့ရမယ်။ ကျောင်းသူ၊ ကျောင်းသား နားထောင်ကြမယ်။ ကျွန်တော်က အစိုးရအလုပ်ထဲမှာ သံတမန်အလုပ်ကို သိပ်သဘောကျတယ်။ နိုင်ငံခြားလည်း သွားရတယ်။ အင်္ဂလိပ်လိုတတ်တဲ့အတွက် နိုင်ငံခြားသားနဲ့ ဆက်ဆံရင် အောင်မြင်မယ်လို့ထင်ပြီး သိပ်လုပ်ချင်ခဲ့တယ်။ ခဏဆိုပြီး တက္ကသိုလ်မှာ ဆရာဝင်လုပ်လိုက်တာ အလွန်ပျော်သွားပြီး ဘဝတစ်ခုလုံး ဆရာပဲ လုပ်ချင်တော့တယ် ။ ယနေ့အထိပါပဲ။ ပင်စင်ယူပြီး နားတာမရှိပါဘူး။ စာသင်ရတဲ့အလုပ်ကို အတော်ပျော်မွေ့ခဲ့ပါတယ်။ ကျွန်တော့်မှာ ဦးလေးရဲ့သွေး အပြည့်ပါတယ်လို့ ထင်ပါတယ်။ သူ့ကိုသံအမတ်အဖြစ် သီရိလင်္ကာကို ပို့လိုက်တော့ ပထမ စိတ်မကောင်းဘူး။ သူကလည်း ပညာရေးပဲ ဝါသနာပါတာ။ ဒါပေမယ့် သူကဟိုရောက်တဲ့အခါ သမိုင်းဝါသနာပါပြီး သမိုင်းလေ့လာတော့ မြန်မာနဲ့သီဟိုဠ် နိုင်ငံရဲ့ ရှေးတုန်းက ဆက်ဆံရေးတွေ အကုန်ပြန်ပြီး လေ့လာနိုင်ခဲ့တယ်။

**မေး ။ ။ ဆရာကြီး ဒေါက်တာ ထင်အောင် ရေးခဲ့တဲ့ စာအုပ်တွေ ရှိပါသလား။**

**ဖြေ** ။ ။ စာအုပ်တွေ အများကြီးရေးခဲ့တယ်။ အလွန်လည်းကောင်းတယ်။ သူကတော့ တကယ့်



ပါမောက္ခချုပ် ဒေါက်တာထင်အောင်နှင့်ဇနီး

စကော့လား (scholar)ပါ။ ဘယ်ရောက်ရောက် စာကြည့်တိုက်ထဲဝင် စာအုပ်တွေလေ့လာတယ်။ အများကြီး လေ့လာပြီးမှ ရေးလေ့ရှိတယ်။ နောက်ပိုင်းသူရေးတဲ့ History of Burma စာအုပ်ဖတ်ကြည့်လိုက်တဲ့အခါ အင်္ဂလိပ်တွေရေးခဲ့တဲ့ မြန်မာသမိုင်းတချို့ အချက်အလက်တွေကို ပြန်ချေပထားတယ်။ တချို့က တစ်ဖက် စောင်းနင်းဖြစ်နေတယ်။ ကျွန်တော်တို့ ဘုရင်တွေ၊ သမိုင်းတွေကို ဟိုဘက်အမြင်နဲ့ ရေးထားတာ တချို့ ချွတ်ချော်နေတာကို ပြန်ပြီးတော့ ချေပလိုက်တယ်။ မြန်မာ့သမိုင်းအမှန်ကို ကမ္ဘာကသိအောင် ဆရာကြီးက ပြန်လုပ်ပေးခဲ့ပါတယ်။ ဒီအချက်တွေမှန်တယ်။ ဒီအချက်မှားတယ်ဆိုတာကို ဆရာကြီးက ထောက်ပြတယ်။ သူက အင်္ဂလိပ်လိုကျွမ်းတော့ အင်္ဂလိပ်လို ထိထိမိမိရေးနိုင်တဲ့အတွက် အဲဒီစာအုပ်တွေက အဖိုးတန်ပါတယ်။ ပညာရေးအတွက် အများကြီးလုပ်ခဲ့ပါတယ်။ တကယ်တော့ သိပ်နှမြောပါတယ်။ သူ့ကို ယခုထိသက်ရှိထင်ရှားရှိစေချင်ပါတယ်။ သူတည်ဆောက်ပျိုးထောင်ပေးခဲ့တဲ့ တက္ကသိုလ်ကြီးနှစ် ၁၀၀ တောင် ရှိခဲ့ပြီဆိုတော့ တက္ကသိုလ်နှစ် ၁၀၀ ပြည့်မှာ သူသာရှိရင် ဘယ်လောက်တောင် ဝမ်းသာလိုက်မလဲ။

**မေး ။ ။ ဒေါက်တာထင်အောင်ရဲ့ မိသားစုအပေါ် ထားရှိတဲ့ စိတ်ထားလေး သိပါရစေ။**

**ဖြေ** ။ ။ ကျွန်တော်တို့ မိသားစုအားလုံး ဘထွေးလေးလို့ခေါ်တဲ့ ဒေါက်တာထင်အောင်ကို အချစ်ဆုံးပါ။ ရယ်ရယ်မောမော စကားပြောကောင်းတယ်။ ကလေးလည်း ချစ်တယ်။ ရုပ်ရှင်ကြည့်လည်း ကာတွန်းပဲ ကြည့်တယ်။ ကာတွန်းရုပ်ရှင် သိပ်ကြိုက်တယ်။ ရုပ်ရှင်ကြည့်ပြီး ပြန်လာရင် ဘထွေးလေး ရုပ်ရှင်ကားကောင်းလားလို့မေးရင် ရုပ်ရှင်ကားက မကောင်းဘူး၊ ကာတွန်းကားက ကောင်းတာကွာလို့ ဖြေလေ့ရှိတယ်။ ၁၉၇၈ ခုနှစ် မေလ ၂ ရက်မှာ ကွယ်လွန်သွားပါတယ်။ စာအုပ်တစ်အုပ်ရေးရင်းနဲ့ ကွယ်လွန်သွားတာပါ။ အဲဒီစာအုပ်က ပြီးမသွားဘူး။ အခု ပြန်လုပ်နေပါတယ်။ လုပ်နေတဲ့အဖွဲ့က သူ့စာအုပ်တွေ ပြန်ရိုက်ပြီး လှူပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို လှူပြီးပါပြီ။ ပြန်ကြားရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ စာကြည့်တိုက်တွေကိုလည်း လှူပါမယ်။ လှူဒါန်းရခြင်းကတော့ ခုခေတ်ကျောင်းသား ကျောင်းသူတွေ ဖတ်စေချင်လို့ပါ။ စာအုပ်ထဲမှာပါတဲ့ ပုံပြင်တွေကလည်း ကြားဖူးနားဝရှိတဲ့ မြန်မာပုံပြင်တွေကို အင်္ဂလိပ်ဘာသာနဲ့ရေးထားတာပါ။ အိမ်က ကလေးတွေ ဖတ်ခိုင်းတော့ အတော်သဘောကျကြတယ်။ စာကြည့်တိုက်တွေကိုလည်း ပို့ပေးပါ့မယ်။

**မေး ။ ။ ဆရာကြီး ဒေါက်တာ ထင်အောင် ရန်ကုန်တက္ကသိုလ်မှာ စာသင်ခဲ့တဲ့ အတွေ့အကြုံလေးတွေအနက် သိရှိမှတ်မိတာများရှိရင် သိပါရစေ။**

**ဖြေ** ။ ။ ရန်ကုန်တက္ကသိုလ်ကို ၁၉၅၈ ခုနှစ်အထိ ပျိုးထောင်ခဲ့တယ်။ စတည်စဉ်ကတည်းက စာသင်ခဲ့ရတာ။ မိုးရွာရင် မိုးရေတွေရော၊ ခါချဉ်ပုရွက်ဆိတ်ကောင်တွေပါ ကျောင်းသူ ကျောင်းသားတွေရဲ့ ကိုယ်ပေါ်ကျပြီး သင်ယူခဲ့ရတာ။ အဆင့်ဆင့်နဲ့ အခုဒီလိုဖြစ်လာခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဝိဇ္ဇာခန်းမမှာ ပထမဦးဆုံး မြန်မာလူမျိုး ပါမောက္ခချုပ်ဖြစ်တဲ့ သူ့ရုပ်ပုံကို ချိတ်ဆွဲထားပါတယ်။ ကျွန်တော်တို့ မိသားစုအသိုင်းအဝိုင်းကလည်း တက္ကသိုလ်အသိုင်းအဝိုင်းထဲကပါ။ အခုထက်ထိ တက္ကသိုလ်ပညာရေးပြုပြင်ပြောင်းလဲမှုမှာ ကျွန်တော်ပါဝင်ကူညီခွင့်ရတဲ့အတွက် ကြည်နူးရပါတယ်။ တက္ကသိုလ်ထဲရောက်သွားရင် ကျွန်တော့်စိတ်ထဲက အလိုလို နူးပျိုလွတ်လပ်ပြီး အလွန်ပျော်တယ်။ ဒ့ါကြောင့် ခဏခဏအစည်းအဝေးတက်ဖို့အတွက် တက္ကသိုလ်ထဲရောက်သွားရင် ပါမောက္ခချုပ်နေတဲ့ အိမ်ကို အမြဲကြည့်ပြီး ဘထွေးလေးကို အမြဲသတိရမိတယ်။

**မေး ။ ။ ဆရာနေအုပ်ရဲ့ တက္ကသိုလ်ကျောင်းသားဘဝ၊ ဆရာဘဝ ပုံရိပ်လေးတွေကိုလည်း သိပါရစေ။**

**ဖြေ** ။ ။ တက္ကသိုလ်ထဲမှာ ကျောင်းသားပုံရိပ်၊ ဆရာဘဝပုံရိပ် သတိရစရာတွေ အများကြီးပါ။ တက္ကသိုလ်ကျောင်းသားဘဝ မရောက်ခင်ကတည်းက တက္ကသိုလ်ထဲ ရောက်ခဲ့တာပါ။ ဘကြီး ဦးအေးမောင်နဲ့ ဒေါ်မြမူက တက္ကသိုလ်ထဲမှာနေတယ်။ ဒေါ်လေး ဒေါ်ခင်စောမူလည်း ဒီထဲမှာနေတယ်။ ဘထွေးလေး ဒေါက်တာထင်အောင် ပါမောက္ခချုပ်ဖြစ်စဉ်က Campus မှာပဲ နေခဲ့တယ်။ ဒီ့အပြင် ဘဘ ဆရာမင်းသုဝဏ်၊ ဘဘ ဆရာဇော်ဂျီတို့ ရှိကြတယ်။ အမျိုးတွေလိုပဲ တက္ကသိုလ်ထဲမှာ တစ်အိမ်ဝင် တစ်အိမ်ထွက် လျှောက်လည်ခဲ့တယ်။ ဆွေမျိုးတွေပေ့ါ။ အလွန်ကို ပျော်ခဲ့တာ။ တက္ကသိုလ်ကျောင်းသားဖြစ်လာပြန်တော့လည်း လေးနှစ်တိတိ အဲဒီဝင်းကြီးမှာပဲ ပညာသင်ခွင့်ရခဲ့တယ်။ အင်္ဂလိပ်စာဌာနမှာ နည်းပြဆရာဖြစ်လာတော့လည်း နောက်ထပ်ခုနစ်နှစ်နေခဲ့ရတယ်။ ရန်ကုန်တက္ကသိုလ်ကြီးဟာ ကျွန်တော့်ရဲ့ ဒုတိယအိမ်ပါပဲ။ အခု ရန်ကုန်တက္ကသိုလ်ကြီးကနှစ် ၁၀၀ ပြည့်ဆိုတော့ ရန်ကုန်တက္ကသိုလ်ရာပြည့်ပွဲကြီးကို အင်တိုက်အားတိုက် ပါဝင်ပံ့ပိုးပြီး ကူညီပေးရတာလည်း ကျွန်တော့်အတွက် ကြည်နူးစရာတစ်ခုပါပဲ။

**ကျေးဇူးအများကြီးတင်ပါတယ်ရှင်။**

# ကမ္ဘောဒီးယားနိုင်ငံ (၆၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ကျင်းပ



ကမ္ဘောဒီးယားဘုရင် နိုရိုဒွန် ဆီဟာမိုနီသည် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးနေစဉ်။

**ဖနောင်ပင် နိုဝင်ဘာ ၉**
ကမ္ဘောဒီးယားနိုင်ငံသည် ပြင်သစ်လက်မှ လွတ်လပ်ရေးရရှိခဲ့သည့် (၆၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ကို နိုဝင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

ကမ္ဘောဒီးယားဘုရင် နိုရိုဒွန် ဆီဟာမိုနီသည် လွတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်ဆေချာဟမ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်ဟန်ဆမ်ရင်နှင့်အတူ မြို့တော်ဖနောင်ပင်ရှိ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဆောက်အအုံအတွင်း လွမ်းသူ့ပန်းခွေချခဲ့ပြီး အောင်မြင်မှုမီးရှူးတိုင်ကို ထွန်းညှိခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် မတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ အဘယ်ကြောင့်ဆိုသော် ကိုဗစ်-၁၉ ကူးစက်ခံထားရသော ဟန်ဂေရီနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ပီတာဇီဂျာတို့နှင့် တွေ့ဆုံခဲ့ပြီးနောက် ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၄ ရက်မှစကာ ၁၄ ရက်ကြာ ကိုဗစ်-၁၉ စောင့်ကြည့်ရန် သီးသန့်ခွဲခြား နေထိုင်နေသောကြောင့် ဖြစ်သည်။

ဟွန်ဆင်က တနင်္လာနေ့က ၎င်း၏တရားဝင်ဖေ့စ်ဘွတ်စာမျက်နှာတွင် နိုဝင်ဘာ ၉ ရက်က ပြည်သူများအား သွားလေသူ ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်သီဟာနု၏ ပြင်သစ်နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးကို တောင်းဆိုခဲ့သည့် မြင့်မြတ်သော လုပ်ငန်းတာဝန်များကို သတိရစေကြောင်း ပြောကြားလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးရရှိရန် ဘုရင်ကြီးသည် ၎င်း၏ကိုယ်ရောစိတ်ပါ စွန့်လွှတ်စွန့်စား အနစ်နာခံ ကြိုးစားခဲ့ကြောင်း ဝန်ကြီးချုပ်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ဆက်လက်ပြောကြားထားသည်။

အဆိုပါ အခမ်းအနားသို့ ခေါင်းဆောင်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံခြားသံတမန်များ၊ လက်နက်ကိုင်တပ်ဖွဲ့များ၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံသားများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားသို့ တက်ရောက်လာသူများသည် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ရန် နှာခေါင်းစည်းများ တပ်ဆင်ထားကြကြောင်း သိရသည်။

အခမ်းအနား ပြီးဆုံးချိန်တွင် ခိုငှက်များနှင့် ဘောလုံးများကို လွတ်လပ်ခြင်းနှင့် လွတ်မြောက်မှုသင်္ကေတအဖြစ် လွှတ်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပြင်သစ်တို့ထံမှ လွတ်လပ်ရေးကို ၁၉၅၃ ခုနှစ် နိုဝင်ဘာ ၉ ရက်က ရရှိခဲ့သည်။

ပြင်သစ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံကို ၁၈၆၃ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ နှစ်ပေါင်း ၉၀ ကြာ အုပ်ချုပ်ခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေ ၃၃၀၀၀၀ ကျော်ကို သုတ်သင်ရှင်းလင်းခဲ့ရ

**တိုကျို နိုဝင်ဘာ ၉**
ဂျပန်နိုင်ငံရှိ ကြက်မွေးမြူရေးခြံတစ်ခြံမှ ကြက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေကြောင်း သိရှိခဲ့ရပြီးနောက် နိုင်ငံအနောက်ပိုင်းရှိ ဒေသအာဏာပိုင်များက ကြက်ကောင်ရေ ၃၃၀၀၀၀ ခန့်အထိ သုတ်သင်ရှင်းလင်းခဲ့ရကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုသည် ဂျပန်နိုင်ငံ၌ သုံးနှစ်နီးပါးအချိန်အတွင်း ပထမဆုံးကြိမ် ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်ကြောင်းသိရသည်။ ရောဂါကူးစက်ဖြစ်ပွားသည့် မွေးမြူရေးခြံမှာ ၃ ကီလိုမီတာအကွာအတွင်းရှိ ကြက်များကို အခြားမွေးမြူရေးခြံများသို့ ရွှေ့ပြောင်းခြင်းမပြုရန် ကာဂါဝါခရိုင် အုပ်ချုပ်ရေးအဖွဲ့က ညွှန်ကြားထားပြီး အခြားနေရာများတွင် ရောဂါကူးစက်မှုဖြစ်ပွားခြင်း ရှိ မရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရောဂါ ကူးစက်ဖြစ်ပွားသည့်နေရာမှ ၁၀ ကီလိုမီတာအတွင်းရှိ မွေးမြူရေးခြံများမှ ကြက်၊ ငှက်များနှင့် ဥများကိုလည်း ပြင်ပသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်း မပြုရန် အမိန့်ထုတ်ထားသည်။ ရောဂါကူးစက်ဖြစ်ပွားရာ မွေးမြူရေးခြံမှ ကြက်များ သေဆုံးမှုမှာ လေးရက်အတွင်း ကြက်ကောင်ရေ ၃၈၀၀ အထိ သေဆုံးခဲ့ကြောင်း သိရသည်။ ရောဂါကူးစက်ဖြစ်ပွားမှု သံသယရှိသည့် ကြက်များအားလုံးကို သုတ်သင်ရန် ၁၀ ရက်ခန့် ကြာမြင့်နိုင်မည်ဟု ခန့်မှန်းရသည်။



ခရိုင်အစိုးရအဖွဲ့၏ တောင်းဆိုချက်အရ မြေပြင်ကာကွယ်ရေးတပ်ဖွဲ့ကလည်း ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေး ဆောင်ရွက်မှုတွင် ပူးပေါင်းပါဝင်လျက်ရှိသည်။ ရောဂါကူးစက်ဖြစ်ပွားမှု မည်သို့အစပြုခဲ့သည်ကို မသိရသေးကြောင်း အဆိုပါ မွေးမြူရေးခြံကို လည်ပတ်ဆောင်ရွက်နေသည့် ကုမ္ပဏီက ပြောကြားခဲ့သည်။

**ကျိုဒိုနယူးစ်**

# ရှူကလီးယားသဘောတူစာချုပ်၌ အမေရိကန် ပြန်လည်ပါဝင်လာနိုင်ရေး အီရန်တိုက်တွန်း

**တီဟီရန် နိုဝင်ဘာ ၉**
အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိထားသည့် ဂျိုးဘိုင်ဒင်ကို ၂၀၁၅ ခုနှစ် အီရန် နျူကလီးယားသဘောတူစာချုပ်တွင် ပြန်လည်ပါဝင်လာနိုင်ရေး အီရန် သမ္မတက တိုက်တွန်းထားသည်။

**ယိုင်နဲ့လျက်ရှိ**

အမေရိကန် သမ္မတ ထရမ့်အစိုးရသည် အီရန် နျူကလီးယားသဘောတူစာချုပ်မှ လွန်ခဲ့သည့် နှစ်နှစ်ခန့်က နုတ်ထွက်ထားခဲ့သည်။ အတိတ်ကာလက အမှားများကို စာနာထောက်ထားကာ အပြည်ပြည်ဆိုင်ရာသဘောတူညီမှုသို့ ပြန်ဝင်လာရန် ဂျိုးဘိုင်ဒင်အား အီရန်သမ္မတ ဟတ်ဆန်ရူဟာနီက တောင်းဆိုခဲ့သည်။ အီရန်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ သမ္မတ ထရမ့်အစိုးရအဖွဲ့၏ စီးပွားရေးပိတ်ဆို့မှုများကြောင့် ယိုင်နဲ့လျက်ရှိသည်။

**နည်းလမ်းများ ရှာဖွေ**

အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုကိုလည်း ပိတ်ပင်ထားသည်။ အီရန်နိုင်ငံ၏ စီးပွားရေး ပြန်လည်ရှင်သန်လာစေရေးအတွက် နောင်လာမည့်အမေရိကန်အစိုးရအသစ်သည် အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးရေး အီရန်နိုင်ငံသည် နည်းလမ်းများရှာဖွေလျက်ရှိသည်ဟု လေ့လာသူများက ပြောသည်။ သို့သော်လည်း မည်သည့်အချိန်ကျမှ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာမည်ကိုမူ အတိအကျမသိရပေ။ ပိတ်ဆို့မှုများကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးအရ ဆုံးရှုံးမှုများအတွက် လျော်ကြေးရရှိရေး အီရန်နိုင်ငံမှ တောင်းဆိုလျက်ရှိသည်။ ထို့ပြင် တိုင်းပြည်အတွင်း အမေရိကန်အပေါ် သဘောထားတင်းမာသည့် အုပ်စုများမှာ နိုင်ငံရေးအရ လွှမ်းမိုးမှု ပိုမိုအားကောင်းလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဂျာမနီ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၃၃၆၃ ဦး ထပ်တိုး

**ဘာလင် နိုဝင်ဘာ ၉**
ဂျာမနီနိုင်ငံတွင် နိုဝင်ဘာ ၈ ရက်၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၃၃၆၃ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၉ ရက်တွင်ထုတ်ပြန်ခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၆၃ ဦးထပ်တိုးခဲ့ရာ သေဆုံးသူအရေအတွက်စုစုပေါင်း ၁၁၃၅၂ ဦးအထိဖြစ်လာကြောင်း ရောဘတ်ကို့ချ် ရောဂါကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ ဖက်ဒရယ်အစိုးရ အေဂျင်စီက ဖော်ပြသည်။

ဂျာမနီနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချနိုင်ရန် အစိုးရက အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု ချမှတ်ဆောင်ရွက်နေသည်မှာ တစ်လအတွင်းသို့ ရောက်ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကို ဆက်လက်ထိန်းချုပ်ထားနိုင်ရေးအတွက် အစိုးရက အရေးပေါ်အခြေအနေ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း ဂျာမနီကျန်းမာရေးဝန်ကြီး ဂျင်စပန်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဂျိုးဘိုင်ဒင်ထံမှ ထောက်ခံမှုရရှိနိုင်ရေး ဘီလာရုစ်အတိုက်အခံခေါင်းဆောင် ကြိုးပမ်း

**မင့်စ် နိုဝင်ဘာ ၉**
ဘီလာရုစ် အတိုက်အခံခေါင်းဆောင် ဆဗက်လာနာတိခ်ဟာနို စကာရာသည် လက်ရှိ ဘီလာရုစ်သမ္မတ အလက်ဇန်းဒါး လူကာရှန့်ကိုအား ဖြုတ်ချနိုင်ရေးအတွက် ဖိအားများပေးနိုင်ရေး အမေရိကန် သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဂျိုးဘိုင်ဒင်၏ အကူအညီများကို မျှော်လင့်လျက်ရှိသည်။

**လူပေါင်း ၇၅၀ အဖမ်းခံရ**

ဩဂုတ်လ သမ္မတရွေးကောက်ပွဲတွင် မဲ မသမာမှုဟုဆိုကာ ဆန္ဒပြပွဲများပေါ်ပေါက်ပြီးနောက် ဘီလာရုစ်တွင် မငြိမ်သက်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ နိုဝင်ဘာ ၈ ရက်တွင်လည်း လူပေါင်း ၁၀၀၀၀မှာ မြို့တော်မင့်စ်တွင် ချီတက်ဆန္ဒပြခဲ့ပြီး သမ္မတ လူကာရှန့်ကိုအား နုတ်ထွက်ပေးရေး တောင်းဆိုခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးမှုကိုခံထားရသူ လူပေါင်း ၇၅၀ အထိရှိသည်ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက ပြောသည်။

**မျှော်လင့်လျက်ရှိ**

ဂျိုးဘိုင်ဒင်သည် ဘီလာရုစ်နိုင်ငံမှ ပြည်သူများအား ထောက်ပံ့ပေးလိုသည်ဟု မကြာခဏ ထုတ်ဖော်ပြောကြားလေ့ရှိကြောင်း လူမှုကွန်ရက်မီဒီယာတွင် ဆဗက်လာနာကပြောသည်။ အမေရိကန်အစိုးရသစ်၏ အုပ်ချုပ်မှုအောက်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများသည် ၎င်းတို့၏ ချစ်ကြည်ခိုင်မြဲမှုကို ပိုမိုအားကောင်းလာစေမည်ဟု စောင့်ကြည့်လေ့လာသူများက ပြောသည်။

ဆဗက်လာနာသည်လည်း သမ္မတ လူကာရှန့်ကိုအား ဖြုတ်ချနိုင်ရေးအတွက် အနောက်နိုင်ငံများနှင့် ဆက်ဆံရေး ချည်နှောင်နိုင်ရန် မျှော်လင့်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



မင့်စ်မြို့တွင် ပြုလုပ်သည့် ဆန္ဒပြပွဲအတွင်း ဆရာများနှင့် ကျောင်းသားများ ပါဝင်ခဲ့ကြစဉ်။

# ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင် အာဏာလွှဲပြောင်းရယူရေးလုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင်လျက်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၉**

လွန်ခဲ့သည့်သီတင်းပတ်က ၂၀၂၀ အမေရိကန်ရွေးကောက်ပွဲအောင်မြင်မှုရလဒ်ကို ကြေညာခဲ့ပြီးနောက် အမေရိကန် ရွေးကောက်ခံ သမ္မတ ဂျိုးဘိုင်ဒင်သည် နိုဝင်ဘာ ၉ ရက်က အာဏာလွှဲပြောင်းရယူရေးလုပ်ငန်းများကို စတင်ပြင်ဆင် လုပ်ဆောင်နေပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။ ရွေးကောက်ပွဲနိုင် အမေရိကန် ဒုတိယသမ္မတဟောင်း အာဏာလွှဲပြောင်းရယူရေး ပြင်ဆင်နေချိန်တွင် လက်ရှိ သမ္မတဒေါ်နယ်ထရမ့် သည် ပြည်သူ့ရှေ့ထွက်ပေါ်မလာဘဲ ကန့်လန့်ကာ နောက်ကွယ်တွင် တိတ်ဆိတ်လျက်ရှိကာ ဥပဒေကြောင်းအရ စိန်ခေါ်မှုများ ပြုလုပ်ရန် အလုပ်များလျက်ရှိသည်။

ဘိုင်ဒင်သည် နိုဝင်ဘာ ၉ ရက်က ၎င်း၏ ကိုဗစ် – ၁၉ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးစီစဉ်ခဲ့သည်။ အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကိုဗစ် – ၁၉ ကူးစက်မှုနှင့် သေဆုံးမှုတွင် နံပါတ် (၁) နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အမေရိကန်ပြည်သူ ၉ ဒသမ ၉ သန်းကျော် ကိုဗစ်–၁၉ ကူးစက်ခံထားရကာ ၂၃၀၀၀၀ ကျော် သေဆုံးခဲ့သည်။

ဘိုင်ဒင်အကြံပေးအဖွဲ့များသည် အမေရိကန်အစိုးရ အဖွဲ့ ထိပ်တန်းရာထူးနေရာများအတွက် စဉ်းစားနေကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြထားသည်။

သို့သော်လည်း ဘိုင်ဒင်သည် ဥပဒေပြုခြင်းဆိုင်ရာ ပိတ်ဆို့မှုများနှင့် ရင်ဆိုင်ကောင်း ရင်ဆိုင်ရနိုင်သည်။

လွန်ခဲ့သည့် သီတင်းပတ်ရွေးကောက်ပွဲတွင် ဒီမိုကရက်များက အထက်လွှတ်တော်နေရာ သုံးနေရာသာရရှိထားသေးသည်။ အကယ်၍သာ ဇန်နဝါရီလတွင် ဒီမိုကရက်တစ်ပါတီသည် စိတ်လှုပ်ရှားစရာကောင်းသော နေရာလုပွဲနှစ်ပွဲကိုသာ အနိုင်ရရှိခဲ့မည်ဆိုပါက သရေပွဲဖြစ်နိုင်သည်။ ဆိုလိုသည်မှာ ဒုတိယသမ္မတသည် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေကို ကျော်လွှားနိုင်မည်ဖြစ်သည်။

ရီပတ်ဘလစ်ကန်သမ္မတဟောင်း ဂျော့ဂျ်ဒဗလျူဘုရှ်နှင့် အမျိုးသားစီးပွားရေးကောင်စီ ညွှန်ကြားရေးမှူးဟောင်း ဂယ်ရီကွန်တို့သည် ဘိုင်ဒင်ကို ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သလို တခြားနာမည်ကြီး ရီပတ်ဘလစ်ကန်အတော်များများလည်း ဘိုင်ဒင်ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း အင်အားအကြီးဆုံးဖြစ်သည့် ရီပတ်ဘလစ်ကန်သမားတစ်ဦးဖြစ်သည့် ထရမ့်သည် ပုံမှန်ထုံးစံ များကို လိုက်နာခြင်းမရှိသလို ဘိုင်ဒင်ကို ဂုဏ်ယူကြောင်းလည်း ပြောကြားခြင်း မရှိသေးချေ။ ၎င်း၏အဖွဲ့သည် ၂၀၂၀ အမေရိကန်သမ္မတရွေးကောက်ပွဲရလဒ်ကိုစိန်ခေါ်မည့် တရားစွဲဆိုမှုများ ပြုလုပ်ခဲ့ပြီး ပြည်နယ်အများစုတွင် မဲရေတွက်မှုများ ပြန်လည်ပြုလုပ်ရန် တောင်းဆိုလိုက်သည်။ သို့သော်လည်း ထင်ရှားသည့် သက်သေအထောက်အထားများ မရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ရွေးကောက်ခံသမ္မတ ဘိုင်ဒင်ကို ထောက်ခံသူများနှင့်အတူ တွေ့ရစဉ်။

# ဘိုင်ဒင်က အီရန်နိုင်ငံအပေါ် မူဝါဒပြောင်းလဲသွားမည်ဟုပြောကြားလိုက်သော်လည်း အခက်အခဲများ ဝိုင်းရံလျက်ရှိ



နောက်တက်လာမည့် အမေရိကန်အစိုးရအဖွဲ့သည် ၎င်း၏ယခင်အမှားများကို ထေမိရန် အခွင့်အလမ်းရရှိမည်ဟု အီရန်သမ္မတဟာတ်ဆန်ရိုဟာနီက နိုဝင်ဘာ ၈ ရက်တွင် ပြောကြားလိုက်စဉ်။

**ဝါရှင်တန် နိုဝင်ဘာ ၉**

ဂျိုးဘိုင်ဒင်က အီရန်အပေါ်အမေရိကန် မူဝါဒ ပြောင်းလဲကျင့်သုံးမည် ဖြစ်ကြောင်း ကတိပေး ပြောကြား လိုက်သော်လည်း ရွေးကောက်ခံ သမ္မတတစ်ဦး၏ အစွလာမ့်စ် သမ္မတ နိုင်ငံနှင့် လှုပ်ရှားဆောင်ရွက်မည့် အခန်းကဏ္ဍသည် ကျဉ်းမြောင်းလျက်ရှိသည်။ ထွက်ခွာသွားရတော့မည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သည် အီရန်နိုင်ငံကို ၎င်း၏ မဟာရန်ဘက်ကြီးအဖြစ် ကြေညာလိုက်ပြီး ကမ္ဘာကြီးမှ သီးခြား ခွဲထုတ်ရန် လုပ်ဆောင်ခဲ့သည်။ ဘိုင်ဒင်က သံတမန်လမ်းကြောင်းပေါ် ပြန်သွားမည်ဖြစ်ကြောင်း အကြံပြု ပြောကြားလိုက်သည်။

နျူကလီးယားဗုံးပြုလုပ်ရန် စိုးရိမ်မှုကို ဗဟိုပြုသည့် အီရန်အရေးကိစ္စသည် လွန်ခဲ့သည့် လေးနှစ်နှင့် မတူဘဲ ၂၀၂၀ အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် လှုံ့ဆော်မှု မရှိခဲ့သလို ဘိုင်ဒင်၏ အဆိုပါ အရေးနှင့်ပတ်သက်သည့် အဆိုပြုချက်များသည်လည်း မရေမရာဖြစ်လျက်ရှိသည်။

အီရန်နှင့် ပြန်လည်ဆက်သွယ်ရန် ဘိုင်ဒင်၏ ကြိုးစားမှုသည် ကျိန်းသေ ခက်ခဲမည်ဖြစ်သလို ထရမ့်လက်ထက်တွင် အီရန်နှင့် ထိပ်တိုက်တွေ့ဆုံခြင်းသည် အမေရိကန်နိုင်ငံအပေါ် အီရန်၏ သံသယများ တိုးပွားလာခဲ့သည်။

နှစ်ပေါင်း ၄၀ ကျော်ကြာအောင် မဟာရန်သူတော်ဖြစ်ခဲ့သော အီရန်နှင့် အမေရိကန်သည် ၂၀၁၅ ခုနှစ်က သဘောတူခဲ့သော အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး တင်းမာမှု မြင့်တက်လာချိန် ၂၀၁၉ ခုနှစ် နှစ်လယ်မှစကာ နှစ်ကြိမ်တိုင်တိုင်စစ်ဖြစ်မည့်အခြေအနေဖြစ်ပေါ်ခဲ့သည်။

ထရမ့်သည် ၂၀၁၈ ခုနှစ် မေလတွင် အီရန်နျူကလီးယား သဘောတူညီချက်မှ ထွက်ခွာခဲ့ပြီး အီရန်နိုင်ငံအပေါ် အရေးယူမှုများ ပြုလုပ်ခဲ့သည်။ ယင်းက အီရန်နိုင်ငံ၏ စီးပွားရေးကို အကြီးအကျယ်ကျဆင်းမှုဖြစ်ပေါ်စေခဲ့သည်။

ထရမ့်သည် ၎င်း၏အန္တိမရည်မှန်းချက်ဖြစ်သည့် အီရန်နိုင်ငံကို ဖိအားပေးပြီး ပိုမိုကောင်းမွန်သည့် ညှိနှိုင်းမှုပြုလုပ်ရန် ကြိုးစားလိုမှုသည် မအောင်မမြင်ဖြစ်ခဲ့သည်။

မိမိတို့သည် အီရန်နှင့်ပတ်သက်ပြီး အရေးပေါ်လမ်းကြောင်းပြောင်းရမည်ဖြစ်ကြောင်း ဘိုင်ဒင်က စက်တင်ဘာလက မှတ်ချက်ပြုပြောကြားခဲ့ဖူးသည်။

**အေအက်ဖ်ပီ**

# ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ဖြစ်ပွားသူပေါင်း သန်း ၅၀ ကျော်အထိ တိုးလာ

ဝါရှင်တန် နိုဝင်ဘာ ၉

**နိုဝင်ဘာ ၈ ရက်က ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း သန်း ၅၀ ကျော်လာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာန၏ စစ်တမ်းများအရ သိရသည်။**

နိုဝင်ဘာ ၈ ရက် အမေရိကန် စံတော်ချိန် နံနက် ၁၁ နာရီ ၂၄ မိနစ်က ကမ္ဘာတစ်ဝန်း ကိုဗစ် – ၁၉ ဖြစ်ပွားသူပေါင်း ၅၀၀၅၂၂၀၄ ဦး ရှိလာခဲ့ပြီး သေဆုံးသူ ၁၂၅၃၁၁၀ ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များတွင် ဖော်ပြထားသည်။

အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာတစ်ဝန်း ကိုဗစ် – ၁၉ ကူးစက်မှု အများဆုံးနှင့် သေဆုံးမှုအများဆုံး ဖြစ်ပွားလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ကိုဗစ်–၁၉ ဖြစ်ပွားသူပေါင်း ၉၈၇၉၃၂၃ ဦးနှင့် သေဆုံးသူပေါင်း ၂၃၇၀၈၂ ဦး ရှိသည်။ အိန္ဒိယနိုင်ငံသည် ကိုဗစ်–၁၉ ဖြစ်ပွားသူပေါင်း ၈၅၀၇၇၅၄ ဦးဖြင့် ကမ္ဘာ့ဒုတိယအများဆုံး ကိုဗစ် – ၁၉ ကပ်ရောဂါကူးစက် ဖြစ်ပွားသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ် – ၁၉ ကူးစက်မှုအရေ အတွက် ၅၆၅၃၅၆၁ ဦးဖြင့် အိန္ဒိယနိုင်ငံနောက်မှ လိုက်လျက်ရှိပြီး သေဆုံးသူ ၁၆၂၅၉၉ ဦးဖြင့် ကမ္ဘာ့ဒုတိယ သေဆုံးမှု အများဆုံးနိုင်ငံ တစ်နိုင်ငံ ဖြစ်လာသည်။

ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၁ ဒသမ ၁ သန်းကျော်လာသော နိုင်ငံများမှာ ရုရှား၊ ပြင်သစ်၊ စပိန်၊ အာဂျင်တီးနား၊ ဗြိတိန်နှင့် ကိုလံဘီယာနိုင်ငံတို့ ဖြစ်ကြပြီး သေဆုံးသူ ၄၀၀၀၀ ကျော်လာသော



ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်ပြည်သူ့ရင်ပြင်ရှေ့တွင် နှာခေါင်းစည်းတပ်ဆင်သွားလာနေသူကြသူများကို နိုဝင်ဘာ ၈ ရက်က တွေ့ရစဉ်။

နိုင်ငံများမှာ အိန္ဒိယ၊ မက္ကဆီကို၊ ဗြိတိန်၊ အီတလီနှင့် ပြင်သစ်နိုင်ငံတို့ ဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စာရင်းအရ သိရသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ဖြစ်ပွားသူပေါင်းမှာ စက်တင်ဘာ ၁၇ ရက်တွင် သန်း ၃၀ ကျော်လွန်လာခဲ့ပြီး အောက်တိုဘာ ၁၉ ရက်တွင် သန်း ၄၀ ကျော်လွန်လာခဲ့သည်။ ကိုဗစ်–၁၉ ဖြစ်ပွားသူ သန်း ၃၀ မှ သန်း ၄၀ အထိရောက်ရှိရန် အချိန် ၃၂ ရက်သာ ကြာမြင့်ခဲ့ပြီး သန်း ၄၀ မှ သန်း ၅၀ အထိရောက်ရှိရန် ရက်ပေါင်း ၂၀ သာ ကြာမြင့်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ သေဆုံးမှုတွင် ကမ္ဘာ့ဒုတိယ အများဆုံး နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၉**

ဘရာဇီးနိုင်ငံသည် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ် – ၁၉ ထပ်မံကူးစက်အတည်ပြု သေဆုံးသူ ၁၂၈ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ ကိုဗစ် –၁၉ ကူးစက်မှုထပ်မံဖြစ်ပွားသူပေါင်း ၁၀၅၅၄ ဦးရှိလာခဲ့သည်။

နောက်ဆုံးစာရင်း ဖော်ပြချက်များအရ ဘရာဇီးနိုင်ငံတွင် ကိုဗစ်–၁၉ ကြောင့် စုစုပေါင်းသေဆုံးသူ ၁၆၂၃၉၇ ဦး ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်သူပေါင်း ၅၆၆၄၁၁၅ ဦး ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၈ ရက်က ထုတ်ပြန်ဖော်ပြခဲ့သော ကိုဗစ်–၁၉ ကူးစက်သူနှင့် သေဆုံးသူအရေအတွက်သည် နိုဝင်ဘာ ၇ ရက်က ဖော်ပြခဲ့သော ကိုဗစ် – ၁၉ ကူးစက်သူနှင့် သေဆုံးသူ အရေအတွက်ထက် ထက်ဝက်ကျော် တိုးလာကြောင်း ဖော်ပြခဲ့သည်။

အမေရိကန် ပြည်ထောင်စုပြီးနောက် ဘရာဇီးနိုင်ငံသည် ကိုဗစ် – ၁၉ ကြောင့် ကမ္ဘာ့ဒုတိယ သေဆုံးမှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။

သို့သော်လည်း စက်တင်ဘာလကတည်းကစတင်ကာ တောင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်မှုနှင့် သေဆုံးသူအရေအတွက် ကျဆင်းလာသည်ဟု ဖော်ပြထားသည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## အပူပိုင်းမုန်တိုင်း အီတာဒဏ်ခံ ဒုက္ခသည်များကို ကူညီရန် အစားအစာများသယ်ဆောင်လာသော လေယာဉ်ပျက်ကျရာ နှစ်ဦးသေဆုံး

**ဂွါတီမာလာစီးတီး နိုဝင်ဘာ ၉**

အပူပိုင်းမုန်တိုင်း အီတာဒဏ်ခံ ဒုက္ခသည်များအား ကူညီရန် အစားအစာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီရေးပစ္စည်းများသယ်ဆောင်လာသော လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ လူ နှစ်ဦး သေဆုံးခဲ့ကြောင်း ဂွါတီမာလာ မြို့တော်မီးသတ်တပ်ဖွဲ့က နိုဝင်ဘာ ၈ ရက်တွင် ပြောကြားလိုက်သည်။

လေယာဉ်ပျက်ကျမှုသည် မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လာအော်ရိုရာ နိုင်ငံတကာလေဆိပ်မှ ပျံတက်ပြီး မကြာမီ လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျရာနေရာတွင် သေဆုံးသူ တစ်ဦးတွေ့ရှိခဲ့ပြီး တခြားတစ်ဦးမှာ ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ခြင်း ဖြစ်သည်။ သေဆုံးသူတစ်ဦးမှာ လေယာဉ်မှူး တစ်ဦးဖြစ်သည်။

လေယာဉ်ထဲမှ လူတစ်ဦးကို ကယ်တင်ရန် ကြိုးစားဆောင်ရွက်ခဲ့ကြောင်းနှင့် ၎င်းကို ဂွါတီမာလာလူမှုဖူလုံရေးစင်တာသို့ စိုးရိမ်ရသော အနေအထားဖြင့် လွှဲပေးခဲ့ကြောင်း မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂီရာဒိုမာတီနက်ဇ်က ပြောကြားလိုက်သည်။

လေယာဉ်ပျက်ကျမှုကြောင့် ဂွါတီမာလာ မြို့တော် နယ်မြေ (၉)ရှိ ယာဉ်သွားလမ်း များကို ပိတ်ဆို့ထားရသည်။ လေယာဉ်ပျက်ကျမှုဖြစ်ပွားသည့် အကြောင်းရင်းကို မသိရသေးကြောင်း သိရသည်။ **ဆင်ဟွာ**

## ကနေဒါနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ နှစ်သိန်းကျော်အထိရှိလာ

**အော့တဝါ နိုဝင်ဘာ ၉**

ကနေဒါနိုင်ငံတွင် နိုဝင်ဘာ ၈ ရက်အထိ ကိုဗစ်-၁၉ သေဆုံးလူနာပေါင်း ၁၀၅၂၂ ဦးနှင့် ကူးစက်လူနာပေါင်း ၂၆၄၀၄၅ ဦးရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူးဒိုက စက်တင်ဘာလနှောင်းပိုင်းတွင် ကနေဒါနိုင်ငံသည် ကိုဗစ်- ၁၉ ကူးစက်မှုတွင် တစ်ဆစ်ချိုးပြောင်းလဲမှုကာလကို ရောက်ရှိလာပြီဟု ပြောကြားလိုက်သည့်အချိန်မှစကာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀၀၀၀၀ ကျော်လွန်လာပြီး သေဆုံးသူ ၁၀၀၀ ကျော် ရှိလာကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စစ်ဆေးမှုကို ပိုမိုလုပ်ဆောင်လာသည်။ ကွီဘက်တွင်လည်း နိုဝင်ဘာ ၈ ရက်အထိ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၁၄၈၂၀ ရှိသည်။ အွန်တာရီယိုပြည်နယ်တွင်လည်း ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၁၃၂၈ ဦးနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ အတည်ပြုလူနာ ၈၄၁၅၃ဦး ရှိသည်။

ကနေဒါနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုများ တိုးလာခဲ့ကြောင်း ကနေဒါပြည်သူ့ကျန်းမာရေးအရာရှိချုပ် ထရီဆာတမ်က နိုဝင်ဘာ ၈ ရက်တွင် ထုတ်ပြန်လိုက်သော ကြေညာချက်၌ ဖော်ပြလိုက်သည်။ **ဆင်ဟွာ**

# ထရမ့် အရှုံးကိုလက်မခံသေးချိန်မှာ ဘိုင်ဒင်က အိမ်ဖြူတော်ကိုရောက်ဖို့ ခြေလှမ်းတွေပြင်ဆင်

**ထွန်းသစ်စ**

အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်ဟာ ၇၃ ရက်အတွင်း အိမ်ဖြူတော်ကိုရောက်ဖို့ ပထမခြေလှမ်း စတင်လိုက်တဲ့အချိန်မှာ လက်ရှိ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဟာ သူ့ရဲ့အရှုံးကို ဝန်ခံဖို့ ငြင်းဆန်ထားသလို ရွေးကောက်ပွဲရလဒ်နဲ့ပတ်သက်ပြီး သံသယတွေကြီးထွားလျက်ရှိပါတယ်။



ထောက်ခံမဲအများစုနဲ့ ၂၀၂၀ ရွေးကောက်ပွဲ အောင်မြင်ခဲ့တဲ့ ဒီမိုကရက်တစ်သမ္မတလောင်း ဘိုင်ဒင်

### ဂုဏ်ယူဝမ်းမြောက်ကြောင်းတွေ တဖွဲဖွဲရောက်ရှိ

ရွေးကောက်ခံသမ္မတအဖြစ် အောင်ပွဲခံည ပြီးဆုံးသွားပြီးတဲ့နောက်မှာ ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ ထောက်ခံသူတွေဆီက ဂုဏ်ယူဝမ်းမြောက်ကြောင်းတွေ တဖွဲဖွဲနဲ့ ရောက်ရှိလာပါတယ်။ ဘိုင်ဒင်နဲ့ အမေရိကန်ရွေးကောက်ခံ ဒုတိယသမ္မတ ကာမလာ ဟားရစ်တို့ဟာ နိုဝင်ဘာ ၉ ရက်က ဘိုင်ဒင်ရဲ့ ဇာတိမြေ ဒယ်လာဝဲပြည်နယ် ဝီလ်မင်တန် မြို့မှာ ကိုဗစ်- ၁၉ ပြုပြင်ပြောင်းလဲရေးအကြံပေးအဖွဲ့နဲ့ ပူးတွဲသတင်းစာရှင်းလင်းပွဲလုပ်ခဲ့ပါတယ်။ အဲဒီ သတင်းစာရှင်းလင်းပွဲမှာ ဘိုင်ဒင်က ကိုဗစ်-၁၉ နဲ့ စီးပွားရေး ပြန်လည် နာလန်ထူရေးတို့နဲ့ ပတ်သက်ပြီး မိန့်ခွန်းပြောကြားခဲ့ပါတယ်။

ထို့အတူ သူတို့ဟာ အသွင်ကူးပြောင်းရေး ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ Build Back Better . Com နဲ့ တွစ်တာမှာလည်း @Transition 46 တို့ကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ဝါရှင်တန်အနီးမှာရှိတဲ့ သူ့ရဲ့ ဂေါက်ကွင်းမှာ ဂေါက်ရိုက်နေပါတယ်။ နိုဝင်ဘာ ၇ ရက်က ဘိုင်ဒင်ဟာ သမ္မတရွေးချယ်ရေးအဖွဲ့ မဲအလုံအလောက်ရရှိပြီး အောင်ပွဲခံနေတဲ့ အချိန်မှာလည်း ထရမ့်ဟာ အဲဒီဂေါက်ကွင်းမှာ ရှိနေခဲ့ပါတယ်။

### တရားစွဲဆိုမှုတွေ လုပ်ဆောင်သွားမယ်

Lamestream မီဒီယာက မိမိတို့ရဲ့နောက်သမ္မတဘယ်သူလဲဆိုပြီး မေးခွန်းထုတ်ထားတဲ့အပေါ်မှာ နိုဝင်ဘာ ၈ ရက်တွင် ထရမ့်က မကျေမနပ်နဲ့ တွစ်တာပေါ်မှာပြောခဲ့တာရှိပါတယ်။ နိုဝင်ဘာ ၉ ရက်က ပြည်သူနဲ့တွေ့ဖို့အစီအစဉ်မရှိတဲ့ ထရမ့်ဟာ လာမယ့်သီတင်းပတ်မှာ တရားစွဲမှုတွေ တသီကြီးလုပ်ဆောင်သွားဖို့ စီစဉ်ထားတယ်လို့ သူ့ရဲ့ရှေ့နေ ရူဒီ ဂူလီယာနီက ပြောပါတယ်။ ပြီးတော့သူ့မှာရွေးကောက်ပွဲ မသမာမှုနဲ့ ပတ်သက်ပြီး သက်သေတွေ အများကြီးရှိတယ်လို့လည်း ပြောပါတယ်။

### နိုင်ငံရဲ့ အနာဂတ်အတွက် အတူတကွရှိရမယ်

သို့သော်လည်း အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဒဗလျူဘုရှ်ကတော့ အဖြေက ရှင်းနေတာပဲလို့ ပြောလိုက်ပြီး သမ္မတရွေးကောက်ခံ ဘိုင်ဒင်နဲ့ ဒုတိယသမ္မတရွေးကောက်ခံ ဟားရစ်တို့ကိုလည်း ဝမ်းမြောက်ကြောင်း ပြောကြားလိုက်ပါတယ်။ အမေရိကန်ပြည်သူတွေအနေနဲ့ အခုရွေးကောက်ပွဲဟာ အခြေခံအားဖြင့် မျှတမှုရှိတယ်လို့ လက်ခံယုံကြည်နိုင်ကြောင်း ဘုရှ်က ထုတ်ပြန်ချက်မှာ ဖော်ပြလိုက်ပါတယ်။ မိမိတို့ဟာ မိမိတို့မိသားစုတွေ၊ မိမိတို့အိမ်နီးချင်းတွေ၊ မိမိတို့နိုင်ငံနဲ့ နိုင်ငံရဲ့ အနာဂတ်အတွက် အတူတကွ ရှိကြရမယ်လို့လည်း ထပ်မံဖော်ပြထားပါတယ်။

### စိန်ခေါ်မှုတွေကို လုပ်ဆောင်သွားမယ်

ဘိုင်ဒင်ရဲ့ အသွင်ပြောင်းလဲရေး ဝက်ဘ်ဆိုက်မှာ ထိပ်တန်းဦးစားပေး လေးခုကို ဖော်ပြထားပါတယ်။ အဲဒါတွေကတော့ ကိုဗစ်-၁၉ အရေး၊ စီးပွားရေးပြန်လည်နာလန်ထူရေး၊ လူမျိုးရေး မျှတမှုရှိရေးနဲ့ ရာသီဥတုပြောင်းလဲရေးတို့ ဖြစ်ကြပါတယ်။

အမေရိကန်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်မယ့် ပထမဆုံးနေ့ဖြစ်တဲ့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၀ မှာ ဒီစိန်ခေါ်မှုတွေကို စတင်လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ဘိုင်ဒင်အဖွဲ့က ပြောလိုက်ပါတယ်။ အဲဒီနေ့မှာပဲ ဘိုင်ဒင်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ ၄၆ ယောက်မြောက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုမှာပဲဖြစ်ပါတယ်။

### အိမ်ဖြူတော်ထိုင်ခုံအတွက် အသက်အကြီးဆုံး ပုဂ္ဂိုလ်

နိုဝင်ဘာ ၂၀ ရက်မှာ အသက် ၇၈ နှစ်ပြည့်မယ့် ဘိုင်ဒင်ဟာ အိမ်ဖြူတော်ထိုင်ခုံအတွက် ရွေးချယ်ခြင်းခံလိုက်ရတဲ့ အသက်အကြီးဆုံး ပုဂ္ဂိုလ်တစ်ဦးပဲဖြစ်ပါတယ်။ ထို့အတူပဲ အမေရိကန် ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံလိုက်ရတဲ့ ကယ်လီဖိုးနီးယားလွှတ်တော်အမတ် အသက် ၅၆ နှစ်ရှိတဲ့ ဟားရစ်ဟာလည်း ပထမဆုံး အမျိုးသမီး၊ လူမည်းနဲ့ တောင်အာရှနွယ်ဖွားတစ်ဦး ဖြစ်ပါတယ်။

ဘိုင်ဒင်ဟာ ကိုဗစ်-၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းဖို့ နိုဝင်ဘာ ၉ ရက်မှာ အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ ဖွဲ့ဖို့ စီစဉ်ထားပါတယ်။ ကိုဗစ်-၁၉ ကြောင့် အမေရိကန်ပြည်ထောင်စုမှာ လူပေါင်း ၂၃၇၀၀၀ကျော် သေဆုံးခဲ့ပြီး နိုင်ငံတစ်ဝန်း ကူးစက်မှုနှုန်းတွေလည်း မြင့်တက်နေပါတယ်။

ထို့အပြင် ဘိုင်ဒင်ဟာ ပါရီရာသီဥတုပြောင်းလဲရေး သဘောတူညီချက်မှာလည်း ပြန်လည်ပါဝင်ဖို့ စီစဉ်ထားတယ်ဆိုတဲ့အကြောင်း ကြေညာလိုက်ပါတယ်။ ထို့အတူ ခရီးသွားလာခွင့် တားမြစ်မှုထားတဲ့နိုင်ငံတွေနဲ့ ပတ်သက်ပြီး သမ္မတဖြစ်လာမယ့် ပထမဆုံးရက်မှာ ဆွေးနွေးသွားမယ်လို့လည်း ပြောပါတယ်။

ဘိုင်ဒင်ဟာ သူ့အတွက် ခက်ခဲပေမယ့်လည်း မတူညီကွဲပြားမှု အမျိုးမျိုးဖြစ်နေတဲ့ နိုင်ငံကို ကိုယ်စားပြုနိုင်တဲ့ အစိုးရတစ်ရပ်ဖွဲ့ဖို့လည်း ကတိပြုထားပါတယ်။

### ဥပဒေကြောင်းအရ စိန်ခေါ်မှုတွေတိုးလာ

ထရမ့် ရွေးကောက်ပွဲလှုပ်ရှားမှုအဖွဲ့ကတော့ ပြည်နယ်အတော်များများရဲ့ ရွေးကောက်ပွဲရလဒ်နဲ့ ပတ်သက်ပြီး ဥပဒေကြောင်းအရ စိန်ခေါ်မှုတွေတစ်စပြီးတစ်စတိုးလာပါတယ်။ သို့သော်လည်း ရွေးကောက်ပွဲရလဒ်အပေါ် အကျိုးသက်ရောက်စေမယ့် မမှန်မကန် လုပ်ရပ်မျိုးနဲ့ ပတ်သက်တဲ့ သက်သေအထောက်အထား မတွေ့ရသေးပါဘူး။

သမ္မတထရမ့်ရဲ့ ရှေ့နေ ဂူလီယာနီကတော့ ဖောက်စ်နယူးရဲ့ တနင်္ဂနွေနံနက်ပိုင်းအနာဂတ်များဆိုတဲ့ အစီအစဉ်မှာ ထရမ့်အဖွဲ့ဟာ ပင်ဆယ်ဗေးနီးယားအရာရှိတွေကို ပြည်သူများ ရပိုင်ခွင့်ချိုးဖောက်မှု၊ မျှတမှုမရှိတဲ့ ရွေးကောက်ပွဲဆောင်ရွက်မှု၊ ပြည်နယ်ဥပဒေဖောက်ဖျက်မှုတို့ဖြင့် တရားစွဲသွားမှာဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။ ပထမဆုံးအနေနဲ့ ပင်ဆယ်ဗေးနီးယားကို တရားစွဲသွားမှာဖြစ်ပြီး အဲဒီနောက် မီချီဂန် သို့မဟုတ် ဂျော်ဂျီယာတို့ကို တရားစွဲ ဆိုသွားမှာ ဖြစ်တယ်လို့ ဂူလီယာနီက ပြောကြားလိုက်ပါတယ်။

### မျှတတဲ့ရွေးကောက်ပွဲနဲ့ ထိုက်တန်

သမ္မတကတော် မယ်လနီယာထရမ့်ကလည်း နိုဝင်ဘာ ၈ ရက်က တွစ်တာမှာ အမေရိကန်ပြည်သူတွေဟာ မျှတတဲ့ ရွေးကောက်ပွဲနဲ့ထိုက်တန်ပြီး တရားဝင်မဲတိုင်းကို ရေတွက်သင့်တယ်လို့ ပြောကြားလိုက်ပါတယ်။

စီအင်န်အင်န်ရဲ့ နိုဝင်ဘာ ၈ ရက် "ပြည်ထောင်စုပြည်နယ်" ဆိုတဲ့အစီအစဉ်မှာ ဘိုင်ဒင်ရဲ့ အဆင့်မြင့်အကြံပေး ဆိုင်မွန်ဆန်ဒါးစ်က တရားရုံးရဲ့ စိန်ခေါ်မှုတွေကို အခြေအမြစ်မရှိတဲ့ တရားဥပဒေဆိုင်ရာ မဟာဇာတ်ပြဇာတ်များအဖြစ် မသိကျိုးကျွန်ပြုခဲ့ပါတယ်။

### ထောက်ခံမဲ အများစုနဲ့အောင်မြင်

ဘိုင်ဒင်ဟာ နိုင်ငံတစ်ဝန်း ထောက်ခံမဲပေါင်း ၇၄ ဒသမ ၆ သန်း ရရှိခဲ့ပါတယ်။ ဒါကြောင့်ထောက်ခံမဲ ၇၀ ဒသမ ၄ သန်း ရရှိခဲ့တဲ့ လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်ကို ကျော်လွန်ပြီး သမ္မတရွေးချယ်ရေးအဖွဲ့ရဲ့ မဲ ၂၇၉ မဲ ရရှိခဲ့တာမို့ အမေရိကန်သမ္မတအဖြစ် ၂၀၂၀ ရွေးကောက်ပွဲကို အောင်မြင်ခဲ့ပါတယ်။

ဘိုင်ဒင်ဟာ အရီဇိုးနားကိုလည်း ဦးဆောင်နေပြီး အဲဒီမှာ သမ္မတရွေးချယ်ရေးအဖွဲ့မဲ ၁၁ မဲနဲ့ ဂျော်ဂျီယာမှာ ၁၆ မဲရရှိခဲ့မယ်ဆိုပါက သမ္မတရွေးချယ်ရေးအဖွဲ့မဲ ၃၀၆ မဲတောင် ရရှိသွားမှာ ဖြစ်ပါတယ်။ အဲဒီမဲအရေအတွက်ဟာ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲမှာ ထရမ့်က ဟီလာရီ ကလင်တန်ကို ဖြတ်ကျော်အောင်နိုင်ခဲ့တဲ့ မဲအရေအတွက်နဲ့ အတူတူပဲ ဖြစ်ပါတယ်။

ရီပတ်ဘလစ်ကန် လွှတ်တော်အမတ်တွေအနက် မတ်ရွမ်းနေနဲ့ လီဆာမာကော့စကီတို့နှစ်ဦးသာ ဘိုင်ဒင်ရဲ့ ရွေးကောက်ပွဲအောင်မြင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြခဲ့ပါတယ်။

### အရှုံးကိုလက်ခံဖို့အချိန်

တောင်ကာရိုလိုင်းနားရဲ့ ဒီမိုကရက်တစ်ကိုယ်စားလှယ်လောင်း ဂျိမ်းစ်ကလိုဘန်းက ရီပတ်ဘလစ်ကန်ပါတီအနေနဲ့ ထရမ့်ရဲ့ အရှုံးကိုလက်ခံပေးဖို့ ကူညီရမယ့်အချိန်ပါပဲဟု ပြောကြားလိုက်ပါတယ်။ အလားတူပဲ ယူးတားပြည်နယ် အထက်လွှတ်တော်အမတ်ကလည်း ကမ္ဘာကြီးအနေနဲ့ ပိုပြီး သိက္ခာရှိတဲ့ ထွက်ခွာမှုကို စောင့်ကြည့်လျက်ရှိတယ်လို့ ပြောပါတယ်။ သို့သော်လည်း ဒါက လူရဲ့ သဘာဝမဟုတ်ဘူးလို့ ပြောကြားလိုက်ပါတယ်။ ထရမ့်ကိုထောက်ခံသူအချို့ကလည်း ထရမ့်မရှုံးသေးဘူး။ ဆက်လက်တိုက်ပွဲဝင်ထားလို့ ထောက်ခံ ပြောကြားလျက်ရှိပါတယ်။

နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအောင်မြင်ရေး မိန့်ခွန်းမှာတော့ ဘိုင်ဒင်က ကွဲပြားနေတဲ့နိုင်ငံကို ပြန်လည်ပေါင်းစည်းဖို့ ကတိပေးလိုက်ပြီး ထရမ့်ရဲ့ ထောက်ခံသူတွေကိုလည်း သူတို့ဟာ မိမိတို့ရဲ့ ရန်သူမဟုတ်ဘူး၊ အမေရိကန်တွေပဲလို့ ပြောပါတယ်။ ထို့အပြင် ဗြိတိန်၊ ဩစတြေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အစ္စရေး၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေက ကမ္ဘာ့ခေါင်းဆောင်တွေအနေနဲ့လည်း ဘိုင်ဒင်ရဲ့ အောင်မြင်မှုကို ချီးကျူးထောမနာပြုထားပါတယ်။ **ကိုးကား-အေအက်ဖ်ပီ**

"အမေရိကန်သမ္မတအဖြစ် စတင်တာဝန် ထမ်းဆောင်မယ့် ပထမဆုံးနေ့ဖြစ်တဲ့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၀ မှာ ဒီစိန်ခေါ်မှုတွေကို စတင်လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ဘိုင်ဒင်အဖွဲ့က ပြောလိုက်ပါတယ်။ အဲဒီနေ့မှာပဲ ဘိုင်ဒင်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ ၄၆ ယောက်မြောက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုမှာပဲ ဖြစ်ပါတယ်"

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာအချက်အလက်များ

၁။ **မဲဆန္ဒရှင်စုစုပေါင်း** — ၃၇၂၆၈၈၇၆ ဦး

၂။ **မဲရုံစုစုပေါင်း** — ၃၉၉၆၂ ရုံ

၃။ **လစ်လပ်မဲဆန္ဒနယ်ပေါင်း**
- (က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် — ၃၁၅ နယ်
- (ခ) အမျိုးသားလွှတ်တော်မဲဆန္ဒနယ် — ၁၆၁ နယ်
- (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် — ၆၁၂ နယ်
- (ဃ) တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် — ၂၉ နယ်
- **လစ်လပ်မဲဆန္ဒနယ်စုစုပေါင်း** — ၁၁၁၇ နယ်

၄။ **ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီစုစုပေါင်း**
- (က) ယှဉ်ပြိုင်ရန် စာရင်းသွင်း — ၉၃ ပါတီ
- (ခ) ညီညွတ်သော ဒီမိုကရက်တစ်ပါတီနှင့် ပြည်ထောင်စုဒီမိုကရေစီပါတီ ဖျက်သိမ်း — ၂ ပါတီ
- (ဂ) ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီစုစုပေါင်း — ၉၁ ပါတီ
- (ဃ) ရွေးကောက်ပွဲမကျင်းပနိုင်သည့်ဒေသ ကြေညာ၍ ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့်ပါတီ — ၄ ပါတီ
- (င) **စုစုပေါင်း** — ၈၇ ပါတီ

၅။ **ဝင်ရောက်ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း**
- (က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း — ၁၅၆၅ ဦး
- (ခ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း — ၇၇၉ ဦး
- (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း — ၃၁၁၂ ဦး
- (ဃ) တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း — ၁၈၃ ဦး
- **စုစုပေါင်း** — ၅၆၃၉ ဦး

၆။ **ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မှု**
- (က) နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း — ၅၃၇၉ ဦး
- (ခ) တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်လောင်း — ၂၆၀ ဦး

## ဆီဆိုင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေး

**ဆီဆိုင် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီမှစတင်၍ မဲရုံအသီးသီးတွင် ပြည်သူများအေးချမ်းစွာ ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

မဲပေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ မဲဆန္ဒရှင်များအား မဲရုံတာဝန်ရှိသူများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်ခြင်း၊ နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ လူမှုဝေးကွာနှင့်အညီ နေရာချထားပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးသည်။

ဆီဆိုင်မြို့နယ်တွင် ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၃၂၀ ရွာ၊ မဲဆန္ဒနယ်(၁)တွင် မဲရုံ ၄၀ ၊ မဲဆန္ဒနယ်အမှတ်(၂)တွင် မဲရုံ ၅၃ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၀၆၁၆၃ ဦးရှိကာ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် မဲရုံများတွင် ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးကြသည်။

အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်သူများ စိတ်အေးချမ်းသာစွာ လျှို့ဝှက်ဆန္ဒမဲပေးရာတွင် ထိခိုက်မှုမရှိအောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးရဲ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်း၊ ရပ်ကွက်/ကျေးရွာလုံခြုံရေးတို့က လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**



## မူဆယ် (၁၀၅)မိုင်၌ ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ခဲ့

**မူဆယ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင်ကျေးရွာတွင် နိုဝင်ဘာ ၈ ရက် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ရပ်နီးရပ်ဝေးမှ လာရောက်အလုပ်လုပ်ကိုင်ကြသူများ၊ ကုန်သွယ်ရေးဇုန်အတွင်း တာဝန် ထမ်းဆောင်ကြသူများ၊ ရှေ့တန်းရောက်တပ်မတော်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ (၁၀၅) မိုင်ကျေးရွာတွင် အခြေချနေထိုင်လုပ်ကိုင်စားသောက်ကြသူများနှင့် အဆိုပါ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ငါးရွာမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မိမိတို့ဆန္ဒအလျောက်၊ မိမိတို့နှစ်သက်ရာ ပါတီများကို စိတ်တိုင်းကျရွေးချယ်ပြီး စိတ်အေးချမ်းစွာ ဆန္ဒမဲများ အောင်မြင်စွာ ပေးနိုင်ခဲ့ကြောင်း သိရသည်။

မူဆယ်(၁၀၅) မိုင်ကျေးရွာတွင် မဲဆန္ဒရှင် စုစုပေါင်း ရှစ်ထောင်ကျော်ရှိပြီး မဲရုံ သုံးရုံဖြင့် စီစဉ်ဆောင်ရွက်ကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လမ်းညွှန်မှုဖြင့်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့်လည်းကောင်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ကျင်းပသည်။



မူဆယ် (၁၀၅) မိုင် မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးရန် ပြည်သူများ တန်းစီစောင့်ဆိုင်းနေစဉ်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကြက်ခြေနီအသင်းခွဲမှ တပ်ခွဲမှူးဦးသန့်ဇင် ဦးဆောင်သည့် ကြက်ခြေနီစေတနာ့ လုပ်အားရှင်များကလည်း ဆန္ဒမဲလာရောက်ပေးရန် မဲရုံအနီးနှင့် ပြည်ထောင်စု ကားလမ်းမကြီးဘေးတွင် တန်းစီစောင့်ဆိုင်းနေရသည့် မဲဆန္ဒရှင်များကို နှာခေါင်းစည်းများ တပ်ဆင်ရန်၊ လက်သန့်ဆေးရည် အသုံးပြုရန်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများအား ဦးစွာမဲပေးနိုင်စေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် စသည်ဖြင့် ကျန်းမာရေးအသိပညာပေးခြင်းနှင့် မဲပေးရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည့် မဲဆန္ဒရှင်တချို့ မူးဝေခြင်း၊ ပျို့အန်ခြင်းများ ဖြစ်သည့်အတွက် အခြေခံ ရှေးဦးသူနာပြုစုခြင်းနည်းလမ်းများဖြင့် ကျန်းမာရေးကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## ပြည်ခရိုင်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

**ပြည် နိုဝင်ဘာ ၉**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်ခရိုင် ခြောက်မြို့နယ်မှ မဲရုံပေါင်း ၉၉၅ ရုံ၊ မဲဆန္ဒရှင်ပေါင်း ၇၃၇၁၉၇ ဦးတို့သည် နံနက် ၆ နာရီမှစ၍ မဲရုံအသီးသီးတွင် အေးချမ်းစွာ ဆန္ဒမဲပေးကြသည်။ ထို့နောက် ညနေ ၄ နာရီတွင် မဲရုံများပိတ်သိမ်း၍ မဲရေတွက်ခြင်းလုပ်ငန်းများကို နေရာလပ်မကျန် အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**



## ကချင်ပြည်နယ် ရွှေကူမြို့နယ် မဲဆန္ဒရှင်များ မိမိတို့အိမ်၌ မဲရလဒ်များကို စောင့်ကြည့်ခဲ့ကြ

**ရွှေကူ နိုဝင်ဘာ ၉**

ကချင်ပြည်နယ် ရွှေကူမြို့ရှိ မဲရုံအသီးသီး၌ နိုဝင်ဘာ ၈ ရက်က ပြည်သူများ တစ်ခဲနက်ဆန္ဒမဲများ လာရောက်ထည့်ပေးကြပြီး မဲရလဒ်များကို မိမိတို့ နေအိမ်များ၌ လက်ကိုင်ဖုန်းများ၊ ရုပ်မြင်သံကြားတို့မှ စောင့်မျှော်ကြည့်ရှုခဲ့သည်။ မဲဆန္ဒရှင်ပြည်သူများက ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ မဲရုံများတွင် စနစ်တကျ တန်းစီကာ မဲပေးခဲ့ကြပြီးနောက် ညဦးပိုင်းတွင် လူစုလူဝေးစည်းရုံးအောင်ပွဲခံခြင်းများကို မပြုလုပ်ခဲ့ကြဘဲ မိမိတို့ နေအိမ်များ၌သာ စောင့်စားကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **လဘန်အောင်(ကချင်မြေ)**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၉–၁၁–၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ


၁။ (၈–၁၁–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၂၉) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၈၃ |
| | | မရမ်းကုန်း | ၇၈ |
| | | သဃ်န်းကျွန်း | ၇၀ |
| | | သန်လျင် | ၆၀ |
| | | လှိုင် | ၃၈ |
| | | အင်းစိန် | ၃၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၃ |
| | | ကမာရွတ် | ၂၇ |
| | | မင်္ဂလာဒုံ | ၂၅ |
| | | မြောက်ဥက္ကလာပ | ၂၃ |
| | | တာမွေ | ၂၁ |
| | | ရွှေပြည်သာ | ၁၈ |
| | | ထန်းတပင် | ၁၇ |
| | | ကျောက်တံတား | ၁၇ |
| | | တွံတေး | ၁၇ |
| | | သာကေတ | ၁၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၁ |
| | | ဒလ | ၁၀ |
| | | ကြည့်မြင်တိုင် | ၁၀ |
| | | တောင်ဥက္ကလာပ | ၇ |
| | | ကော့မှူး | ၇ |
| | | မှော်ဘီ | ၆ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၆ |
| | | အလုံ | ၆ |
| | | သုံးခွ | ၆ |
| | | မင်္ဂလာတောင်ညွန့် | ၅ |
| | | စမ်းချောင်း | ၅ |
| | | ဗဟန်း | ၅ |
| | | လမ်းမတော် | ၄ |
| | | ဒေါပုံ | ၄ |
| | | ဗိုလ်တထောင် | ၃ |
| | | လှည်းကူး | ၃ |
| | | ကျောက်တန်း | ၂ |
| | | ရန်ကင်း | ၂ |
| | | တိုက်ကြီး | ၂ |
| | | ဒဂုံ | ၁ |
| | | ပုဇွန်တောင် | ၁ |
| | | လသာ | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | စုစုပေါင်း | ၆၉၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာဇံ | ၄၂ |
| | | မဟာအောင်မြေ | ၁၅ |
| | | အမရပူရ | ၁၃ |
| | | စဉ့်ကိုင် | ၁၂ |
| | | အောင်မြေသာစံ | ၈ |
| | | တောင်သာ | ၄ |
| | | ပြည်ကြီးတံခွန် | ၃ |
| | | ချမ်းမြသာစည် | ၃ |
| | | ပုသိမ်ကြီး | ၃ |
| | | သာစည် | ၂ |
| | | ပျော်ဘွယ် | ၁ |
| | | ရမည်းသင်း | ၁ |
| | | မတ္တရာ | ၁ |
| | | ကျောက်ဆည် | ၁ |
| | | မြင်းခြံ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | စုစုပေါင်း | ၁၁၁ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၂၀ |
| | | ညောင်တုန်း | ၁၆ |
| | | ကျိုက်လတ် | ၁၄ |
| | | ဒေးဒရဲ | ၁၂ |
| | | ဇလွန် | ၁၂ |
| | | ဘိုကလေး | ၉ |
| | | ကျုံပျော် | ၆ |
| | | ဝါးခယ်မ | ၆ |
| | | မော်လမြိုင်ကျွန်း | ၅ |
| | | ပုသိမ် | ၂ |
| | | အိမ်မဲ | ၂ |
| | | ဖျာပုံ | ၂ |
| | | လပွတ္တာ | ၂ |
| | | ဟင်္သာတ | ၁ |
| | | သာပေါင်း | ၁ |
| | | ကန်ကြီးထောင့် | ၁ |
| | | စုစုပေါင်း | ၁၁၁ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၂ |
| | | သာယာဝတီ | ၉ |
| | | လက်ပံတန်း | ၄ |
| | | ဝေါ | ၂ |
| | | ဖြူး | ၂ |
| | | မင်းလှ | ၂ |
| | | ကျောက်တံခါး | ၂ |
| | | တောင်ငူ | ၁ |
| | | ကျောက်ကြီး | ၁ |
| | | ကဝ | ၁ |
| | | ဒိုက်ဦး | ၁ |
| | | စုစုပေါင်း | ၃၇ |
| ၅။ | မကွေးတိုင်းဒေသကြီး | အောင်လံ * | ၁၇ |
| | | စလင်း | ၈ |
| | | မင်းဘူး | ၆ |
| | | မကွေး | ၂ |
| | | သရက် | ၁ |
| | | ဂန့်ဂေါ | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | စုစုပေါင်း | ၃၆ |
| ၆။ | ရခိုင်ပြည်နယ် | စစ်တွေ | ၅ |
| | | ရသေ့တောင် | ၇ |
| | | မောင်တော | ၄ |
| | | မင်းပြား | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၇။ | မွန်ပြည်နယ် | ကျိုက်ထို | ၂ |
| | | ဘီးလင်း | ၂ |
| | | ကျိုက်မရော | ၁ |
| | | သထုံ | ၁ |
| | | စုစုပေါင်း | ၆ |
| ၈။ | ရှမ်းပြည်နယ် | တောင်ကြီး | ၁ |
| | | ကလော | ၁ |
| | | သီပေါ | ၁ |
| | | မူဆယ် | ၁ |
| | | စုစုပေါင်း | ၄ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၂ |
| | | တမူး | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၀။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၂ |
| | | မြဝတီ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၁။ | နေပြည်တော် | လယ်ဝေး | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁ |
| | | စုစုပေါင်း | ၁ |
| (၈-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၀၂၉) ဦး |

* မြို့နယ်မှ (၄) ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သဖြင့် အသွားအလာ ကန့်သတ်ထားခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၈–၁၁–၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၂၉) ဦးတွင် အနံ့မရရှိသူ (၁၆၇) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



**အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။**

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ် – ၁၉ တုံ့ပြန်ကာကွယ်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန် ပွင့်ဖြူမြို့နယ်မှ ကြက်ခြေနီစေတနာ့ဝန်ထမ်းခြောက်ဦး စေလွှတ်



ပွင့်ဖြူ နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီ စေတနာ့ဝန်ထမ်း ခြောက်ဦးကို ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ် – ၁၉ ရောဂါ တုံ့ပြန်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ယနေ့တွင် ပွင့်ဖြူမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့မှူး ဦးဇော်ဝင်းခိုင်ထံက သိရသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကင်းဝေးစေရန်နှင့် ကာကွယ်၊ ထိန်းချုပ်မှုများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ တာဝန်ပေးချက်အရ မကွေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ် – ၁၉ ရောဂါတုံ့ပြန်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ တာဝန်ပေးချက်အရ "ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ့ဝန်ထမ်းခြောက်ဦးကို ရန်ကုန်တိုင်းဒေသကြီးရှိ ကိုဗစ် – ၁၉ ရောဂါ တုံ့ပြန်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းတွေမှာ လိုအပ်တာတွေ ကူညီဆောင်ရွက်ဖို့ စေလွှတ်မှာဖြစ်ပါတယ်။ အဓိကကတော့ နိုင်ငံတစ်ဝန်းရှိ ပြည်သူတွေ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကင်းဝေးစေဖို့နဲ့ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးကို သွားရောက်တဲ့အခါမှာလည်း မကွေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီက ဦးဆောင်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တွေမှာ စာရင်းကောက်ယူထားတဲ့ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်က ကြက်ခြေနီစေတနာ့ဝန်ထမ်း ခြောက်ဦးအပါအဝင် ကြက်ခြေနီ စေတနာ့ဝန်ထမ်း စုစုပေါင်း ၃၉ ဦး စေလွှတ်မှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ကိုဗစ် – ၁၉ ရောဂါ တုံ့ပြန်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကို နိုဝင်ဘာ ၉ ရက်မှ စပြီး လေးပတ်တိတိ တာဝန်ထမ်းဆောင်သွားကြမှာ ဖြစ်ပါတယ်" ဟု မြို့နယ် ကြက်ခြေနီအသင်းခွဲမှ အသင်းဝင်တစ်ဦးဖြစ်သူ ကိုအေးမြတ်မင်းက ပြောသည်။ **ရဲဝင်းနိုင် (ပြန်/ဆက်)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၉၈ ဦး တွေ့ရှိ

## (၉-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၈-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉,၂၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၅၉၈) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၉-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၀၉၀) ခု | (၁၂၄) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၅၈) ခု | (၂၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၂၉) ခု | (၆) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၁၀) ခု | (၃၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၇၇) ခု | (၂၄၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၈၆၃) ခု | (၁၆၆) ဦး |
| **စုစုပေါင်း** | (၉,၂၃၀) ခု | (၅၉၈) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၉-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၉,၂၃၀) ဦး | (၈၀၄,၁၆၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၉၈) ဦး | (၆၁,၉၇၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၉၀၅) ဦး | (၄၆,၆၆၁) ဦး |
| သေဆုံးလူနာ | (၁၇) ဦး | (၁,၄၃၇) ဦး |

- ယနေ့ သေဆုံးသူ (၁၇) ဦး အနက် ရောဂါအခံရှိသူ (၁၃) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၉၀၅) ဦးတွင်-
  - o ပြည်သူ့ဆေးရုံများ – (၂၁၈) ဦး
  - o COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) – (၆၈၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၅၈၈)ဦးတွင်-
  - o Hotel Quarantine – (၁၄၇) ဦး
  - o Facility Quarantine – (၆၇) ဦး
  - o Community Based Facility Quarantine – (၃၃၆) ဦး
  - o Anosmia Center – (၃၈) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက် ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၉-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၂၈၈၄၈၀ | ၆၄၈၃၄၂၀ | ၂၄၃၇၆၈ |
| ၂။ | အိန္ဒိယ | ၈၅၅၅၁၀၉ | ၇၉၁၇၃၇၃ | ၁၂၆၆၇၁ |
| ၃။ | ဘရာဇီး | ၅၆၆၄၁၁၅ | ၅၀၆၄၃၄၄ | ၁၆၂၃၉၇ |
| ၄။ | ရုရှား | ၁၇၉၆၁၃၂ | ၁၃၃၅၁၄၁ | ၃၀၇၉၃ |
| ၅။ | ပြင်သစ် | ၁၇၈၇၃၂၄ | ၁၂၈၆၁၄ | ၄၀၄၃၉ |
| ၆။ | စပိန် | ၁၃၈၈၄၁၁ | စိစစ်ဆဲ | ၃၈၈၃၃ |
| ၇။ | အာဂျင်တီးနား | ၁၂၄၂၁၈၂ | ၁၀၆၂၉၁၁ | ၃၃၅၆၀ |
| ၈။ | ဗြိတိန် | ၁၁၉၂၀၁၃ | စိစစ်ဆဲ | ၄၉၀၄၄ |
| ၉။ | ကိုလံဘီယာ | ၁၁၄၃၈၈၇ | ၁၀၃၈၀၈၂ | ၃၂၇၉၁ |
| ၁၀။ | မက္ကဆီကို | ၉၆၇၈၂၅ | ၇၁၅၉၇၇ | ၉၅၀၂၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၉- ၁၁ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၄၀၅၆၉ | ၃၇၂၂၆၆ | ၁၄၆၈၉ |
| ဖိလစ်ပိုင် | ၃၉၈၄၄၉ | ၃၆၁၇၈၄ | ၇၆၄၇ |
| မြန်မာ | ၆၁၉၇၅ | ၄၆၆၆၁ | ၁၄၃၇ |
| စင်ကာပူ | ၅၈၀၆၄ | ၅၇၉၇၅ | ၂၈ |
| မလေးရှား | ၄၁၁၈၁ | ၂၉၅၇၉ | ၂၉၄ |
| ထိုင်း | ၃၈၄၀ | ၃၆၆၁ | ၆၀ |
| ဗီယက်နမ် | ၁၂၁၅ | ၁၀၈၇ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၇ | ၂၈၈ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၄ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |




အိမ်တွင်းအကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ။

**အမုန်းစကားမပြောရ။**

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ကျိုင်းလပ်မြို့တွင် ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေး

**ကျိုင်းလပ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ယမန်နေ့က ရပ်ကွက်နှင့် ကျေးရွာအုပ်စုမှ မဲရုံများ ဖွင့်လှစ်ပြီး ပြည်သူများ ဆန္ဒမဲပေးကြကြောင်း သိရသည်။

ဆန္ဒမဲ လာရောက်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မဲရုံအဝင်ဝ၌ ကိုယ်အပူချိန်တိုင်းပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးခြင်း၊ နှာခေါင်းစည်း တပ်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးဖြင့် တန်းစီစေခြင်း **(ယာပုံ)** နှင့် မဲဆန္ဒရှင်ပြည်သူများ စိတ်ချလုံခြုံစွာ စနစ်တကျဆန္ဒမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။



ကျိုင်းလပ်မြို့တွင် အထွေထွေရွေးကောက်ပွဲကို မဲရုံပေါင်း ငါးရုံဖြင့် ကျင်းပပြီး အမှတ် (၂၊ ၃) ရပ်ကွက်တွင် မဲဆန္ဒရှင်ပေါင်း ၂၄၅၈ ဦးရှိကြောင်း သက်ဆိုင်ရာမဲရုံမှူးထံမှ သိရသည်။

**ဖြူဖြူဝင်း (ပြန်/ဆက်)**

# သန်လျင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေး

**သန်လျင် နိုဝင်ဘာ ၉**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်က စတင် ကျင်းပရာ သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အသီးသီးရှိ မဲရုံများ၌ နံနက် ၆ နာရီမှစ၍ ဆန္ဒမဲပေးကြမည့် ပြည်သူများ စနစ်တကျ တန်းစီ၍ ဆန္ဒမဲပေးကြသည်။

သန်လျင်မြို့နယ်၏ ဆန္ဒမဲပေးနေမှု အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းလှိုင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်မင်းသန်းနှင့် အဖွဲ့ဝင်များက မဲရုံအသီးသီးသို့ လှည့်လည်ကြည့်ရှုပြီး လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးကြသည်။

သန်လျင်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၄၅ အုပ်စုတွင် မဲရုံပေါင်း ၂၂၉ ရုံ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၂၂၂၇၅ ဦးရှိပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကိုယ်ပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းများပေးခြင်း၊ လက်သန့်ဆေးရည်များ ထားရှိပေးခြင်း၊ သတ်မှတ်အကွာအဝေးအတိုင်း မဲပေးနိုင်ရန် စီစဉ်ပေးခြင်းတို့ကို မဲဆန္ဒရှင်များ အခက်အခဲမရှိစေရေးတို့အတွက် ဖွဲ့စည်းပေးထားသော တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြသည်။

သန်လျင်မြို့နယ် အုပ်ဖိုစု ရပ်ကွက် မဲရုံအမှတ်(၁)တွင် ဆန္ဒမဲလာရောက်ပေးသူ ဒေါ်သီတာက မဲလာပေးသည့်အခါ တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်က စနစ်တကျကူညီဆောင်ရွက်ပေးမှုကြောင့် မိမိနှစ်သက်သည့် ပါတီကို လွတ်လပ်စွာ ဆန္ဒမဲပေးခွင့်ရခဲ့ကြောင်း၊ တိုင်းပြည်ကို တကယ်စွမ်းဆောင်ပေးမည့် ကိုယ်စားလှယ်အား ရွေးချယ်ပေးကြောင်း ပြောသည်။

**သန်းဝင်း(သန်လျင်)**




မဲဆန္ဒရှင်တစ်ဦး ဆန္ဒမဲပေးနေစဉ်။

# ထားဝယ်မြို့နယ်အတွင်း ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲများလာရောက်ပေး

**ထားဝယ် နိုဝင်ဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံ ၁၀၄ ရုံ၌ ယမန်နေ့က တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ရာ ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲများ လာရောက်ပေးသည်။




ထားဝယ်မြို့နယ်အတွင်းမှ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် ဆန္ဒမဲပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာ၍ တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာဖြင့် တန်းစီစောင့်ဆိုင်းစေပြီး နှာခေါင်းစည်းများ တပ်ဆင်ခြင်းနှင့် မပါရှိသူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ မဲရုံအဝင်တွင်လည်း အပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထားဝယ်မြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စု ၄၃ အုပ်စု၌ မဲရုံပေါင်း ၁၀၄ ရုံ ဖွင့်လှစ်ထားရှိရာ တာဝန်ထမ်းဆောင်သည့် မဲရုံဝန်ထမ်း ၁၇၇၂ ဦး၊ တိုင်းရင်းသားမဲဆန္ဒရှင်အပါအဝင် မဲဆန္ဒရှင်ဦးရေ ၁၃၄၇၂၃ ဦးရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အင်းစိန်ရထားခုံးကျော် မင်းကြီးလမ်းဘက်ခြမ်းတံတားသစ် ဒီဇင်ဘာလအတွင်း ပြည်သူများ အသုံးပြုနိုင်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် လက်ရှိအသုံးပြုလျက်ရှိသော ရထားလမ်းခုံးကျော်တံတား အမှတ် (၂) အင်းစိန်နှင့် ဆက်သွယ်ကာ မြန်မာ့မီးရထား (မြို့ပြ) အင်ဂျင်နီယာဌာန တံတားပေါင်အလုပ်ရုံ (မလွကုန်း)မှ တာဝန်ယူဆောင်ရွက်နေသော ရထားလမ်းခုံးကျော် တံတားသစ် (မင်းကြီးလမ်းဘက်ခြမ်း) တည်ဆောက်ရေးစီမံကိန်းသည် လက်ရှိတွင်တံတားသံပေါင် တပ်ဆင်ခြင်းလုပ်ငန်းများနှင့် အချောသပ်လုပ်ငန်း ပြီးစီးမှု ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးလာပြီး ယခုလကုန်ပိုင်းအတွင်း အပြီးဆောင်ရွက်ကာ ဒီဇင်ဘာလပိုင်းတွင် အများပြည်သူများ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းတာဝန်ခံရုံးမှ သိရသည်။



လက်ရှိ ဆောက်လက်စအနေအထား အင်းစိန်ရထားခုံးကျော်တံတားကို ဝေဟင်မှ တွေ့ရစဉ်။

"ဒီခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းတွေက အခုအခြေအနေမှာ အလုံးစုံပြီးစီးမှုအနေနဲ့ဆိုရင် ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီ။ ဒီကြားထဲမှာ ကိုဗစ်-၁၉ ရောဂါကလည်းဖြစ်တော့ လုပ်ငန်းတွေက အနည်းငယ်တော့ နှောင့်နှေးကြန့်ကြာတာလေး တွေ့ရှိတယ်။ ဒါကို အခု အချောသပ်လုပ်ငန်းတွေဖြစ်တဲ့ လက်ရန်းတွေ လုပ်နေတယ်။ နောက် ဆေးသုတ်လုပ်ငန်းတွေ ဆောင်ရွက်တယ်။ အခြားအချောသပ်လုပ်ငန်းတွေလည်း အခု လုပ်နေကြတယ်။ ဒါကို နိုဝင်ဘာလကုန်ပိုင်း အပြီးဆောင်ရွက်နိုင်ဖို့ ကြိုးစားနေပါတယ်။ အများပြည်သူတွေအနေနဲ့တော့ ဒီဇင်ဘာလထဲမှာ အသုံးပြုနိုင်တော့မှာပါ" ဟု မြန်မာ့မီးရထား(မြို့ပြ) အင်ဂျင်နီယာဌာန တံတားပေါင်အလုပ်ရုံ (မလွကုန်း) အင်ဂျင်နီယာမှူး ဦးမောင်ချိုက ပြောသည်။

အဆိုပါ တံတားကို ပြီးခဲ့သည့် ဘဏ္ဍာနှစ် (၂၀၁၈-၂၀၁၉)မှစတင်ကာ ယခုအချိန်ထိ တည်ဆောက်နေခြင်း ဖြစ်သည်။ ထိုတံတားလက်တက်သည် ယခင် အင်းစိန်ရထားခုံးကျော်တံတားကြီးကို ဆက်သွယ်ကာ ခုံးကျော်တံတားအဖြစ် ဗဟိုလမ်းကို ဖြတ်သန်းပြီး မင်းကြီးလမ်းအတိုင်း ဆက်စပ်ဖွဲ့စည်းတည်ဆောက်ခြင်း ဖြစ်သည်။

စီမံကိန်းသည် အောက်ခံဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ကာ ကွန်ကရစ်ကြမ်းခင်းတံတားဖြစ်ကြောင်း သိရသည်။ တံတားသည် အရှည်၄၄၁ပေနှင့် ချဉ်းကပ်တံတားအရှည်သည် ၁၂၃ ပေ ရှိသည်။ အကျယ်သည် ဘေးတစ်ဖက်တစ်ချက် လူသွားလမ်းပလက်ဖောင်း ပါဝင်ကာ ကားအဆင်းတစ်လမ်းသွားအကျယ် ၁၆ ပေရှိပြီး တံတားအမြင့်သည် ကားလမ်းအလွတ်အမြင့်ဆုံးနေရာ၌ ၁၈ ပေမြင့်သည်။ စီမံကိန်းကို ငွေကျပ်သန်း ၁၉၁၀ အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ကြောင်း ထိုတံတား တည်ဆောက်ရေး စီမံကိန်းတာဝန်ခံရုံးမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# လှိုင်းဘွဲ့မြို့နယ်မှ အထွေထွေရွေးကောက်ပွဲရလဒ် ထုတ်ပြန်ကြေညာနိုင်ရေး နိုင်ငံရေးကိုယ်စားလှယ်များ အသိအမှတ်ပြု လက်မှတ်ရေးထိုး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကျင်းပခဲ့သော ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး၏ ရလဒ်များ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် နိုင်ငံရေးပါတီကိုယ်စားလှယ်များ အသိအမှတ်ပြု လက်မှတ်ရေးထိုးခြင်းကို ယနေ့ ညနေ ၅ နာရီခွဲကအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။**(အောက်ပုံ)**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး၏ ရလဒ်များ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် အသိအမှတ်ပြု လက်မှတ်ရေးထိုးပွဲသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ညွှန့်နှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်သူများ တက်ရောက်၍ အသိအမှတ်ပြု လက်မှတ်ရေးထိုးကြသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း နိုင်ငံရေးပါတီ ကိုးပါတီ၌ ကိုယ်စားလှယ်လောင်း ၃၆ ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၁၁ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၄၇ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ပြီး ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) နှင့် (၂) တွင် ကိုယ်စားလှယ် လေးဦး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)တွင် ကိုယ်စားလှယ် ငါးဦး၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) တွင် ကိုယ်စားလှယ် ငါးဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၈) တွင် ကိုယ်စားလှယ် ငါးဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၉) တွင် ကိုယ်စားလှယ် လေးဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့သည်။ တိုင်းရင်းသားမဲဆန္ဒနယ်များတွင် ဗမာကိုယ်စားလှယ် ကိုးဦး၊ မွန်ကိုယ်စားလှယ် ခုနစ်ဦး၊ ပအိုဝ်းကိုယ်စားလှယ် ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ခေါင်လန်ဖူးမြို့နယ်၌ ဆန္ဒမဲလက်မှတ်များ ရေတွက်

**ခေါင်လန်ဖူး နိုဝင်ဘာ ၉**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ဆန္ဒမဲပေးသည့်မဲရုံများကို နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီတွင် ပိတ်သိမ်းကြောင်း ကြေညာသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီမှာ ဖွင့်လှစ်ပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ ဆန္ဒမဲပေးခဲ့ကြသည်။ ခေါင်လန်ဖူးမြို့နယ်တွင် ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၃ အုပ်စုရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်ပြည်သူပေါင်း ၈၉၀၉ ဦးရှိရာ မဲဆန္ဒရှင်များ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ဆန္ဒမဲပေးခြင်းလုပ်ငန်းကို ညနေ ၄ နာရီတွင် ပိတ်သိမ်းပြီးနောက် မဲရုံမှူးများက ဆန္ဒမဲ လက်မှတ်များကို အများပြည်သူရှေ့တွင် ပွင့်လင်းမြင်သာစွာကြေညာရေတွက်ပေးလျက်ရှိကြောင်း သိရသည်။

**လုံခြုံအေးချမ်းစွာ ဆန္ဒမဲပေး**

အဆိုပါမဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် ဆန္ဒမဲများ ပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲများ လာရောက်ပေးကြကြောင်း သိရသည်။

ငြိမ်းအိအိဖြိုး(ပြန်/ဆက်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ – ၁၁ – ၂၀၂၀

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၇၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၄၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၅၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၄၉၅ | ကျပ် | ၅၂၅/၅၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၁၀ | ကျပ် | ၆၅၀/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၈ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၀ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၉ . ၄၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၅ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၄ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၈ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၉၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၃၉၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၈၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၃ . ၄၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၂၁၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀ | ၁၄၇ | ၁၄၅၈၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၂၁ | ၇၇၇၀၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁၄၆ | ၁၂၂၅၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂ | ၄၄၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၄၀ | ၁၀၈၀၀၀ |
| EFR | ၄၂၀၀ | ၄၂၀၀ | ၈၁ | ၃၄၀၂၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကော့ကရိတ်၊ ဖာပွန်နှင့် မြဝတီ ခရိုင်သို့

**မောင်သာ(ရွှေဟောင်းသုတေသန)**

**မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင်တည်ရှိသည့် ကရင်ပြည်နယ်ကို ခရိုင်လေးခု၊ မြို့နယ် ခုနစ်ခုဖြင့် ဖွဲ့စည်းထားပြီး ဘားအံခရိုင်တွင် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် သံတောင်ကြီးမြို့နယ်၊ ကော့ကရိတ်ခရိုင်တွင် ကော့ကရိတ် မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဖာပွန်ခရိုင်တွင် ဖာပွန်မြို့နယ်၊ မြဝတီခရိုင်တွင် မြဝတီမြို့နယ်တို့ပါဝင်သည်။**

## ကော့ကရိတ်ခရိုင်သို့

ကော့ကရိတ်မြို့သည် ရန်ကုန်မြို့မှ အရှေ့တောင် ဘက်ယွန်းယွန်းသို့ ၃၈၅ ကီလိုမီတာနှင့် ဘားအံမြို့မှ အရှေ့တောင်ဘက်သို့ ၈၉ မိုင်ကွာဝေး၍ ဘားအံမြို့နှင့် မြဝတီမြို့အကြားတွင် တည်ရှိသည်။

ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ ပြီးဆုံးပြီးနောက် ကော့ကရိတ်သည် အင်္ဂလိပ်လက်အောက်သို့ ရောက်ရှိခဲ့ပြီး ကျိုက္ခမီခရိုင်တွင် ပါဝင်ခဲ့သည်။ ယခင်က ကော့ကရိတ်မြို့နှင့် ကြာအင်းဆိပ်ကြီးမြို့ကို ဟောင်သရောမြို့နယ်ဟု ဖွဲ့စည်းခဲ့ကာ မြို့အုပ်တစ်ဦးစီက အုပ်ချုပ်ခဲ့ပြီးနောက် ၁၉၀၁ ခုနှစ်တွင် သီးခြားမြို့နယ်များဖြစ်လာခဲ့ကြသည်။

ကော့ကရိတ်ဟူသည့် အမည်သည် မွန်စကား ကအ်ကြိုက်(မွန် အသံထွက် ကော့ကရိတ်)မှ ဆင်းသက်လာကာ ကော့သည် ကုန်း၊ ကြိုက်သည် လက်ပံပင်ဟု အဓိပ္ပာယ် ရှိသဖြင့် လက်ပံပင်ကုန်းဟု ဆိုလိုသည်။

ကော့ကရိတ်မြို့နယ်သည် ၆၈၈ ဒသမ ၆၈၄ စတုရန်းမိုင် ကျယ်ဝန်းလျက် ပင်လယ်ရေမျက်နှာပြင် အထက် ၅၅ ပေမြင့်သည်။ မြို့နယ်၏ အမြင့်ဆုံးနေရာသည် ပေ ၃၇၀၀ မြင့်သည့် ဒေါနတောင်တန်းဖြစ်သည်။ အရှေ့ဘက်တွင် ဘားအံမြို့နယ်၊ အနောက်ဘက်တွင် ကျိုက်မရောမြို့နယ်၊ တောင်ဘက်တွင် ကြာအင်းဆိပ်ကြီး မြို့နယ်နှင့် မြောက်ဘက်တွင် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့ မြို့နယ်တို့နှင့် ထိစပ်နေသည်။

ကော့ကရိတ်မြို့နယ်၏ ၄၂ ဒသမ ၂၄ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းနေကာ ကျွန်းနှင့် ပျဉ်းကတိုး အပါအဝင် သဘာဝပေါက်ပင်များ ပေါက်ရောက်၍ တောရိုင်းတိရစ္ဆာန်များ ရှင်သန်နေထိုင်ကြသည်။

ကော့ကရိတ်မြို့နယ်ကို မြို့ နှစ်ခု(ကော့ကရိတ်နှင့် ကျုံဒိုး) ၊ရပ်ကွက် ၁၁ ခု၊ ကျေးရွာအုပ်စု ၅၃ ခု၊ ကျေးရွာ ၂၆၀ ဖြင့် ဖွဲ့စည်းထားသည်။ ၂၀၁၈ ခုနှစ် စက်တင် ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ ကော့ကရိတ် မြို့နယ်တွင် လူဦးရေ ၂၄၅၃၅၆ ဦးနေထိုင်၍ ကရင် လူမျိုး ၈၂၄၅၅ ဦး (၃၇ ဒသမ ၆၈ ရာခိုင်နှုန်း) နှင့် မွန် လူမျိုး ၅၉၈၉၁ ဦး (၂၄ ဒသမ ၄ ရာခိုင်နှုန်း) ပါဝင်သည်။ ပြည်သူအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်၍ ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာတို့ကို ကိုးကွယ် သူများလည်း ရှိသည်။

ကော့ကရိတ်မြို့နယ်သည် ဘားအံ - မြဝတီ ပြည်ထောင်စုလမ်းမပေါ်တွင်ရှိသဖြင့် လမ်းပန်းဆက် သွယ်ရေး အထူးကောင်းမွန်သည်။ မြို့နယ်၏ အဓိက ထွက်ကုန်သည် ဆန်စပါးဖြစ်၍ အသားတင်စိုက်ပျိုးမြေ ၁၉၃၇၄၄ ဧကတွင် စပါး၊ မြေပဲ၊နှမ်း၊မတ်ပဲ၊ ပဲတီစိမ်း၊ ကြံနှင့် အစေ့ထုတ်ပြောင်းကို စိုက်ပျိုးသည်။ ထို့အတူ ဒူးရင်း၊ ကျွဲကောသရက်၊ ရှောက်၊ သံပရာ၊ မန်ကျည်း၊ သီဟိုဠ် စသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးသည်။

မြို့နယ်အတွင်း၌ ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ သိုး၊ ကြက်၊ ဘဲ၊ ကြက်ဆင်၊ ငါး၊ ပုစွန်တို့ကို မွေးမြူသည်။ စက်မှု ကဏ္ဍတွင် စက်ရုံ၊ အလုပ်ရုံများမရှိဘဲ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်း ၁၄၆ ခုရှိသည်။ သစ်တောကဏ္ဍတွင် သစ်တောထွက်ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ဝါး၊ သစ်ခေါက်၊ ဖာလာစေ့၊ ပျားရည်၊ ဘုမ္မရာဇာနှင့် ဓနိတို့ကို ထုတ်လုပ်သည်။

ကော့ကရိတ်မြို့နယ်၌ ပေ ၁၈၀ အထက်တံတား ရှစ်စင်း နှင့် ပေ၁၈၀ အောက်တံတား အစင်း ၂၀ ရှိသည့် အနက် ပေ ၁၂၀၀ ရှည်သည့် ဂျိုင်း(ကော့ကရိတ်တံတား) ကို ၁၉၉၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

အခြေခံပညာကဏ္ဍတွင် အစိုးရအထက်တန်းကျောင်း ကိုးကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၅ ကျောင်း၊ အလယ်တန်းကျောင်း ၁၉ ကျောင်း၊ အလယ်တန်းကျောင်း ခွဲ ၂၈ ကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၂၈၆ ကျောင်းဖွင့်လှစ်ထားသည်။

ထို့အတူ ဒေသနေပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ခုတင် ၁၀၀ ဆံ့ မြို့နယ်ပြည်သူ့ ဆေးရုံ၊ ၂၅ ခုတင်ဆံ့ ကျုံဒိုးတိုက်နယ်ဆေးရုံ၊ ၁၆ ခုတင် ဆံ့ တိုက်နယ်ဆေးရုံ သုံးရုံ နှင့် ကျေးလက်ကျန်းမာရေးဌာန ရှစ်ခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ ၃၂ ခု ကို ဖွင့်လှစ် ထားသည်။

ကော့ကရိတ် မြို့နယ်၌ ဘုရားစေတီ ၆၈ ဆူ၊ ခရစ် ယာန်ဘာသာရေးအဆောက်အအုံ ၁၄ ခု၊ အစ္စလာမ်ဘာသာ ရေးဆိုင်ရာ အဆောက်အအုံ ၁၀ ခု၊ ဟိန္ဒူဘုရားကျောင်း ငါးခုနှင့် တရုတ်ဘုရားကျောင်း တစ်ခုရှိသည်။

## ကြာအင်းဆိပ်ကြီး

ရန်ကုန်မြို့မှ အရှေ့တောင်ဘက်သို့ ၃၉၄ ကီလို မီတာနှင့် ဘားအံမြို့မှ အရှေ့တောင်ဘက်သို့ ကီလိုမီတာ ၁၄၀ ကွာဝေးသည့် ကြာအင်းဆိပ်ကြီးမြို့နယ်သည် ၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ်လက်အောက်သို့ ရောက်ရှိခဲ့ကာ ကျိုက္ခမီ ခရိုင်တွင် ပါဝင်ခဲ့သည်။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် ၁၉၀၁ ခုနှစ်တွင် ဟောင်သရောမြို့နယ်မှ ခွဲထွက်ကာ သီးခြားမြို့နယ်ဖြစ်လာခဲ့ပြီး ၁၉၅၅ ခုနှစ် ဇူလိုင်လ ၁ ရက် နေ့တွင် ဘားအံခရိုင် အောက်သို့ ရောက်ရှိခဲ့သည်။ ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ ကော့ကရိတ်ခရိုင်တွင်ပါဝင် ခဲ့သည်။

ဇမိချောင်းကမ်းနဖူးတွင်ရှိသည့် သစ်ဆိပ်နှင့် ယခု အမှတ်(၂)ရပ်ကွက်ရှိ ပဒုမ္မာ ကြာအင်းကြီးကို ပေါင်းစပ်၍ ကြာအင်းဆိပ်ကြီးဟု ခေါ်ဝေါ်ခဲ့သည်။

ကြာအင်းဆိပ်ကြီးမြို့နယ်သည် ၃၀၃၁ စတုရန်းမိုင် ကျယ်ဝန်း၍ ပင်လယ်ရေမျက်နှာပြင်အထက် ၃၇ ပေမြင့် သည်။ မြို့နယ် ၏ အမြင့်ဆုံးနေရာသည် ပေ ၃၇၀၀ မြင့် သည့် ဒေါနတောင်တန်းဖြစ်သည်။

အရှေ့ဘက်တွင် မြဝတီမြို့နယ်၊ အနောက်ဘက်တွင် မုဒုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်၊ တောင်ဘက်တွင် ရေးမြို့ နယ်၊ မြောက်ဘက်တွင် ကော့ကရိတ်မြို့နယ်၊ ကျိုက်မရော မြို့နယ်တို့နှင့် ထိစပ်နေသည်။

မြို့နယ်၏ ၅၁ ဒသမ ၆၄ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းနေကာ ကျွန်းနှင့် ပျဉ်းကတိုးအပါအဝင် သစ်မာပင် များ ပေါက်ရောက်၍ တောရိုင်းတိရစ္ဆာန်များ ရှင်သန် နေထိုင်ကြသည်။

ယခုအခါ ကြာအင်းဆိပ်ကြီးမြို့နယ်ကို မြို့သုံးခု (ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံနှင့် ဘုရားသုံးဆူ)၊ ရပ်ကွက် ၁၆ ခု၊ ကျေးရွာ အုပ်စု ၅၁ ခု၊ ကျေးရွာ ၂၈၆ ရွာဖြင့် ဖွဲ့စည်း ထားသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန် သည့်စာရင်းများအရ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် လူဦးရေ ၂၅၂၀၃၄ ဦးရှိ၍ ကရင်လူမျိုးဦးရေ ၁၃၂၃၈၉ ဦး (၅၂ ဒသမ ၅၃ ရာခိုင်နှုန်း) အပါအဝင် တိုင်းရင်းသား လူမျိုးပေါင်းစုံနေထိုင်သည်။ မြို့နယ် ပြည်သူအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်၍ ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူ ဘာသာတို့ကို ကိုးကွယ်သူများလည်း ရှိသည်။

မြို့နယ်၏ အဓိကထွက်ကုန်သည် ဆန်စပါးဖြစ်သည်။ မြို့နယ်၏ အသားတင်စိုက်ပျိုးမြေ ၂၂၀၇၀၇ ဧကတွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ပဲစင်းငုံ၊ကြံ၊ အစေ့ထုတ်ပြောင်းနှင့် နှစ်ရှည်ပင်များဖြစ်သည့် ရော်ဘာ၊ ငရုတ်ကောင်း၊ ကော်ဖီ၊ ကွမ်းသီး၊ အုန်း၊ သစ်သီးပင်တို့ကို စိုက်ပျိုးသည်။ မွေးမြူရေးကဏ္ဍ၌ ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲနှင့်ငါးတို့ကို မွေးမြူကာ စက်မှုကဏ္ဍတွင် စက်ရုံ အလုပ်ရုံများမရှိဘဲ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၁၄၀ က လုပ်ငန်းများလည်းပတ်နေသည်။

သစ်တောကဏ္ဍတွင် သစ်တောထွက်ပစ္စည်းများ ဖြစ်သည့် ထင်း၊ မီးသွေး၊ ဝါး၊ ဖာလာစေ့၊ ပျားရည်နှင့် ဓနိတို့ ကို ထုတ်လုပ်၍ ဘုရားသုံးဆူတွင် ခနောက်စိမ်းကို ထုတ်လုပ်သည်။

ကော့ကရိတ်မြို့နယ်၌ ပေ ၁၈၀ အထက်တံတား ခုနစ်စင်းနှင့် ပေ ၁၈၀ အောက်တံတား ၂၇ စင်း ရှိသည့် အနက် ကျိုက်ဒုံမြို့ရှိ ဟောင်သရောတံတားသည် ပေ ၇၈၀ ရှည်လျားကာမြို့နယ်၏ အရှည်ဆုံး တံတား ဖြစ်သည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် အစိုးရအထက်တန်း ကျောင်း ရှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၀ ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အလယ် တန်းကျောင်းခွဲ ၂၇ ကျောင်း၊၊ မူလတန်းလွန်နှင့် မူလတန်း ကျောင်း ၁၉၆ ကျောင်းနှင့် ခုတင် ၅၀ ဆံ့ မြို့နယ် ဆေးရုံ၊ ၂၅ ခုတင်ဆံ့ ဘုရားသုံးဆူ တိုက်နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ သုံးရုံနှင့် ကျေးလက် ကျန်းမာရေးဌာန သုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၄ ခု ကို ဖွင့်လှစ်ထားသည်။

မြို့နယ်အတွင်း၌ ဘုရားစေတီ ၂၀၅ ဆူ၊ ခရစ်ယာန် ဘာသာရေးအဆောက်အအုံ ၄၉ ခု၊ အစ္စလာမ်ဘာသာ ရေးဆိုင်ရာ အဆောက်အအုံ သုံးခုရှိသည်။

## ဖာပွန်ခရိုင်

ရန်ကုန်မြို့မှ အရှေ့မြောက်ဘက်သို့ ၂၈၂ ကီလိုမီတာ နှင့် ဘားအံမြို့မှ မြောက်ဘက်သို့ ၁၉၆ ကီလိုမီတာ ကွာဝေးသည့် ဖာပွန်မြို့သည် အင်္ဂလိပ်အစိုးရလက်ထက် တွင် သံလွင်ခရိုင် ရုံးစိုက်သည့် မြို့ဖြစ်၍ ရဲအရေးပိုင်က အုပ်ချုပ်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးချိန်တွင် ၁၉၅၅ ခုနှစ်အထိ ဖာပွန်မြို့ကို KNDO များက အုပ်စိုးခဲ့ပြီး ၁၉၅၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အစိုးရက မြို့ပိုင် ရုံးနှင့် ရဲတပ်ဖွဲ့ကို ဖွဲ့စည်း၍ ဖာပွန်ကို ဘားအံနယ် ပိုင် ဝန်ထောက်လက်အောက်၌ ထားရှိခဲ့သည်။ ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် ဖာပွန်မြို့ဟု သတ်မှတ်၍ ဘားအံခရိုင်တွင်ထည့်သွင်းခဲ့သည်။ ၁၉၇၃ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ဖာပွန်မြို့နယ်ကို ဖွဲ့စည်းခဲ့သည်။

ဖာပွန်သည် ယွန်းဘာသာစကား ဖပွန်မှဆင်းသက် ခဲ့ကာ ဖ(ကျောက်)၊ ပွန်(မြို့)၊ ကျောက်မြို့ဟုလည်းကောင်း၊ ဖ(ဘုရား)၊ ပွန်(ထုံး)၊ ထုံးဘုရားမြို့ဟု လည်းကောင်း အဓိပ္ပာယ်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်း တွင် ဖော်ပြထားသည်။

ဖာပွန်မြို့နယ်သည် ၂၅၉၅ ဒသမ ၅၇ စတုရန်းမိုင် ကျယ်ဝန်း၍ ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၂၈၀ မြင့်သည်။ အရှေ့ဘက်တွင် သံလွင်မြစ်နှင့် လှိုင်းဘွဲ့မြို့ နယ်၊ အနောက်ဘက်တွင် ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်၊ တောင်ဘက်တွင် ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်၊ မြောက်ဘက်တွင် သံတောင်ကြီး မြို့နယ်၊ ဖားဆောင်းမြို့နယ်တို့နှင့် ထိစပ်နေသည်။

ဖာပွန်မြို့နယ်၏ ၂၉ ဒသမ ၀၆ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းနေကာ ကျွန်းနှင့် ပျဉ်းကတိုး အပါအဝင် သဘာဝပေါက်ပင်များ ပေါက်ရောက်၍ တောရိုင်းတိရစ္ဆာန်များ ရှင်သန်နေထိုင်ကြသည်။

ယခုအခါ ဖာပွန်မြို့နယ်ကို မြို့နှစ်မြို့ (ဖာပွန်နှင့် ကမမောင်း)၊ ရပ်ကွက်ရှစ်ခု၊ ကျေးရွာအုပ်စု ၃၃ ခု၊ ကျေးရွာ ၃၀၅ ရွာဖြင့် ဖွဲ့စည်းထားသည်။ ၂၀၁၈ ခုနှစ် စက်တင် ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ ဖာပွန်မြို့ နယ်တွင် လူဦးရေ ၁၁၇၉၆၅ ဦးရှိ၍ ကရင်လူမျိုး ၉၄၈၄၈ ဦး (၈၀ ဒသမ ၄၁ ရာခိုင်နှုန်း) အပါအဝင် တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်သည်။ မြို့နယ် ပြည်သူအများစု သည် ဗုဒ္ဓဘာသာကိုကိုးကွယ်၍ ခရစ်ယာန်နှင့် အစ္စလာမ် တို့ကို ကိုးကွယ်သူများလည်း ရှိသည်။

ဖာပွန်မြို့နယ်၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေး လုပ်ငန်းဖြစ်၍ မြို့နယ်၏ အဓိကထွက်ကုန်သည် သစ်မာ၊ ဖာလာစေ့နှင့် ဝဥဖြစ်သည်။ မြို့နယ်၏ အသားတင် စိုက်ပျိုးမြေ ၃၂၈၃၂ ဧကတွင် စပါး၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကြံ၊ အစေ့ထုတ်ပြောင်းနှင့် နှစ်ရှည်ပင်များဖြစ် သည့် ရော်ဘာ၊ ငှက်ပျော၊ လက်ဖက်၊ ပီလောပီနံ၊ ကွမ်းသီး၊ အုန်းနှင့် သစ်သီးပင်တို့ကို စိုက်ပျိုးသည်။ မွေးမြူရေးကဏ္ဍ၌ ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲတို့ကို မွေးမြူ၍ ငါးမွေးမြူခြင်း မရှိချေ။ မြို့နယ် အတွင်း၌ ပုဂ္ဂလိကပိုင်စက်ရုံ အလုပ်ရုံ ၄၉ ခုနှင့် အိမ်တွင်း စက်မှု လက်မှုလုပ်ငန်း ၄၁ ခုက လုပ်ငန်းများ လည်ပတ် လျက်ရှိသည်။

သစ်တောကဏ္ဍတွင် သစ်တောထွက်ပစ္စည်းများဖြစ် သည့် ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်၊ သစ်ခေါက်၊ ဖာလာစေ့၊ ပျားရည်နှင့် ဓနိတို့ကို ထုတ်လုပ်သည်။



မြဝတီမြို့နယ်နှင့် မဲဆောက်မြို့ နယ်စပ်ချောင်း။

**“မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား အကြီးဆုံး နယ်စပ်ကုန်သွယ်ရေးစခန်းရှိသည့် မြဝတီမြို့သည် ရန်ကုန်မြို့မှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ ၄၁၆ ကီလိုမီတာနှင့် ဘားအံမြို့မှ အရှေ့ဘက်သို့ ကီလိုမီတာ ၁၃၀ ကွာဝေးသည်။ မြဝတီကို မွန်တို့က ကွပ်ဖရဲ ဟုခေါ်၍ ကရင်တို့က ဒုံမေပတီဟု ခေါ်ဆိုခဲ့ကြသည်။ ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် မြဝတီကို မြို့အဖြစ် သတ်မှတ်၍ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် မြဝတီမြို့နယ်ကို မြဝတီခရိုင်အဖြစ် ဖွဲ့စည်းခဲ့”**

စာမျက်နှာ ၂၁ သို့

*စာမျက်နှာ ၂၀ မှ*

ဖာပွန်မြို့နယ်တွင် အစိုးရအထက်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၆၈ ကျောင်း၊ ခုတင် ၁၀၀ ဆံ့ ဖာပွန်မြို့နယ်ပြည်သူ့ဆေးရုံ၊ ၂၅ ခုတင်ဆံ့ ကမမောင်းတိုက်နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ ကတိုင်တိ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၈ ခုကို ဖွင့်လှစ်ထားသည်။

မြို့နယ်အတွင်း၌ ဘုရားစေတီ ၁၂၅ ဆူ၊ ခရစ်ယာန်ဘာသာရေးအဆောက်အအုံ ၂၈ ခု၊ အစ္စလာမ်ဘာသာရေးဆိုင်ရာ အဆောက်အအုံ သုံးခုရှိသည့်အနက် ဖာပွန်မြို့ရှိ ရွှေဆံတော်ရွှေအံတော်စေတီသည် ထင်ရှားသည်။

**မြဝတီခရိုင်သို့**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား အကြီးဆုံး နယ်စပ် ကုန်သွယ်ရေးစခန်းရှိသည့် မြဝတီမြို့သည် ရန်ကုန်မြို့မှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ ၄၁၆ ကီလိုမီတာနှင့် ဘားအံမြို့မှ အရှေ့ဘက်သို့ ကီလိုမီတာ ၁၃၀ ကွာဝေးသည်။ မြဝတီကို မွန်တို့က ကွပ်ဖရဲဟုခေါ်၍ ကရင်တို့က ဒုံမေပတီဟု ခေါ်ဆိုခဲ့ကြသည်။

၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် မြဝတီကို မြို့အဖြစ် သတ်မှတ်၍ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် မြဝတီမြို့နယ်ကို မြဝတီခရိုင်အဖြစ် ဖွဲ့စည်း ခဲ့သည်။

၁၉၉၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ထိုင်းမြန်မာနယ်စပ်ကုန်သွယ်ရေး စခန်း(မြဝတီ)ကို ဖွင့်လှစ်ခဲ့ပြီးနောက် မြဝတီမြို့သည် နယ်စပ်ကုန်သွယ်ရေးတိုးတက်လာမှုနှင့်အတူ များစွာစည်ပင် ဖွံ့ဖြိုးလာခဲ့သည်။ ကုန်သွယ်မှုတိုးတက်များပြားလာသဖြင့် ထိုင်းမြန်မာ ချစ်ကြည်ရေးတံတားအမှတ် (၂) ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

မြဝတီမြို့နယ်သည် ၁၂၁၀ ဒသမ ၈၅ စတုရန်းမိုင် ကျယ်ဝန်း၍ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၅၀ မြင့်သည်။ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၊ အနောက်ဘက်တွင် ကော့ကရိတ်မြို့နယ်၊ တောင်ဘက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြောက်ဘက်တွင် လှိုင်းဘွဲ့မြို့နယ်နှင့် ထိစပ်နေသည်။

မြဝတီမြို့နယ်၏ ၆၇ ဒသမ ၀၅ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းနေကာ ကျွန်းနှင့် ပျဉ်းကတိုး အပါအဝင် သဘာဝပေါက်ပင်များ ပေါက်ရောက်၍ တောရိုင်းတိရစ္ဆာန်များ ရှင်သန်နေထိုင်ကြသည်။

မြဝတီခရိုင်ကို မြို့နယ်တစ်ခု (မြဝတီ) မြို့နှစ်မြို့ (စုကလိ၊ ဝေါလေ)၊ ရပ်ကွက် ၁၀ ခု၊ ကျေးရွာအုပ်စု ၁၇ ခု၊ ကျေးရွာ ၅၇ ရွာဖြင့် ဖွဲ့စည်းထားသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ မြဝတီခရိုင်တွင် လူဦးရေ ၁၃၆၆၄၅ ဦး နေထိုင်၍ ကရင်နှင့် ဗမာလူမျိုးများက အများဆုံးဖြစ်သည်။ ပြည်သူအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်၍ ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာ ကိုးကွယ်သူများလည်း ရှိသည်။


မြို့နယ်၏အဓိကစီးပွားရေးသည် စိုက်ပျိုးရေးနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းဖြစ်၍ မြို့နယ်၏ အဓိကထွက်ကုန်သည် ဆန်စပါး၊ ပဲတီစိမ်းနှင့် အစေ့ထုတ်ပြောင်းဖြစ်သည်။ မြို့နယ်၏ အသားတင်စိုက်ပျိုးမြေ ၂၄၆၈၂ ဧကတွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကြံနှင့် အစေ့ထုတ်ပြောင်းကို စိုက်ပျိုးသည်။ ထို့အတူ နှစ်ရှည်ပင်များဖြစ်သည့် ရော်ဘာနှင့် ကော်ဖီကို စိုက်ပျိုးသည်။ မွေးမြူရေးကဏ္ဍ၌ ကျွဲ၊ နွား၊ ဝက်၊သိုး၊ဆိတ်၊ ကြက်၊ဘဲ၊ ဆိတ်နှင့် ငါးတို့ကို မွေးမြူ၍ စက်မှုဇုန်အပါအဝင် မြဝတီခရိုင်အတွင်း၌ စက်ရုံ အလုပ်ရုံ ၅၄ ခုနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ၁၁ ခု က လုပ်ငန်းများလည်းပတ်လျက်ရှိသည်။ သစ်တောကဏ္ဍတွင် သစ်တောထွက် ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ဝါး၊ ပျားရည်၊ ဝဥခြောက်နှင့် ဓနိတို့ကို ထုတ်လုပ်သည်။

မြဝတီခရိုင်၌ အစိုးရအထက်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း ရှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ ၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၅၈ ကျောင်း၊ ခုတင် ၁၀၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ၊ ၁၆ ခုတင်ဆံ့ ဆေးရုံသုံးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန လေးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၈ ခုကို ဖွင့်လှစ်ထားသည်။

မြဝတီခရိုင်တွင် ဘုရားစေတီ ၇၈ ဆူ၊ ခရစ်ယာန်ဘာသာရေးအဆောက်အအုံ ၃၀၊ အစ္စလာမ်ဘာသာရေးဆိုင်ရာ အဆောက်အအုံ၊ အစ္စလာမ်ဘာသာရေး အဆောက်အအုံနှင့် တရုတ်ဘုရားကျောင်း တစ်ခုစီ ရှိသည့်အနက် မြဝတီမြို့ပေါ်ရှိ ရွှေတိဂုံစေတီပုံတူ အပါအဝင် စေတီတော်များသည် ထင်ရှားကြသည်။

တစ်ချိန်က အေးချမ်းသာယာမှုမရှိခဲ့သည့် ကရင်ပြည်နယ်သည် ယခုအချိန်တွင် နယ်မြေ တည်ငြိမ်အေးချမ်းမှုနှင့်အတူ စီးပွားတိုးတက်ကောင်းမွန်လျက်ရှိရာ ဒေသနေပြည်သူများ၏ လူမှုဘဝများသည်လည်း တိုးတက်လျက်ရှိနေပေသည်။ ။

**ကိုးကား-မြန်မာ့စွယ်စုံကျမ်းအတွဲ(၁)၊(၂)၊(၇)၊(၉) ကရင်ပြည်နယ်ဒေသဆိုင်ရာ အချက်အလက်များ(ပြည်ထဲရေး ဝန်ကြီးဌာန)**





# ကန့်ကြီးထောင့်မြို့နယ်တွင် ရွေးကောက်ပွဲမဲရလဒ်များ ထုတ်ပြန်ကြေညာနိုင်ရေး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အသိအမှတ်ပြုလက်မှတ်ရေးထိုး

**ကန့်ကြီးထောင့် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်တွင် နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး၏ မဲရလဒ်များ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အသိအမှတ်ပြုလက်မှတ်ရေးထိုးခြင်းကို နိုဝင်ဘာ ၉ ရက် ညနေ ၄ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်ရွေးကော်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစံမင်းက အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီး၏ မဲရလဒ်များကို အသိပေးကြေညာခဲ့ပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၏ မဲရလဒ်များ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် ပြည်သူများက အသိသက်သေပြု လက်မှတ်ရေးထိုးကြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို ရပ်ကွက်/ကျေးရွာ အုပ်စုပေါင်း ၈၀ တွင် မဲရုံပေါင်း ၁၃၉ ရုံဖြင့် ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ငါးခုမှ ကိုယ်စားလှယ်လောင်း ၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

# ကရင်ပြည်နယ်၌ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးလျက်ရှိ

**ဘားအံ နိုဝင်ဘာ ၉**

နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးတို့အတွက် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို နွေစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဆောင်းသီးနှံများကို တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် လည်းကောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ နိုဝင်ဘာ ၉ ရက်မှစတင်၍ ထုတ်ပေးလျက်ရှိသည်။




မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဘားအံခရိုင်ဘဏ်ခွဲမှ ၂၀၂၀ ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို တောင်သူဦးကြီးများထံ ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်နှင့်အညီ ထုတ်ချေးပေးလျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုအား ပြည်နယ်မန်နေဂျာက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနိုင်းမြို့နယ်၌ အေးချမ်းစွာ ဆန္ဒမဲပေးခဲ့

**တနိုင်း နိုဝင်ဘာ ၉**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ဆာင်မ်ဆာ့ရပ်ကွက် အ.ထ.က(၂) ကျောင်းမဲရုံအမှတ်(၁၁)တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယမန်နေ့ နံနက် ၆ နာရီမှစတင်၍ ပြည်သူများ စီတန်းစောင့်ဆိုင်းကာ ဆန္ဒမဲများပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဆန္ဒမဲပုံးများစစ်ဆေးခြင်းနှင့် မဲပုံးချိပ်ပိတ်ခြင်းကို စောင့်ကြည့်သူ ပါတီအသီးသီးရှေ့တွင် ပြသဆောင်ရွက်ခဲ့သည်။ ဆန္ဒမဲလာရောက်ပေးသူများကို မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည် ဖျန်းပေးခြင်းနှင့် နှာခေါင်းစည်းများ ပေးဝေခဲ့ကြောင်း သိရသည်။ အဆိုပါ မဲရုံအမှတ်(၁၁)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၂၄၂၄ ဦး ရှိပြီး မြို့နယ်ချုပ်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၃၄၃၄၉ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

**စိုင်းထင်ကျော်(ပြန်/ဆက်)**

# သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ အမှတ် (၂) မဲဆန္ဒနယ်တွင် မဲဆန္ဒရှင်ပြည်သူများ ငြိမ်းချမ်းစွာ ဆန္ဒမဲပေး

**လိပ်သို နိုဝင်ဘာ ၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ အမှတ် (၂) မဲဆန္ဒနယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုရှိ မဲရုံအသီးသီး၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲများ ငြိမ်းချမ်းစွာ လာရောက်ပေးလျက်ရှိသည်။

ထိုသို့ ဆန္ဒမဲများပေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံအတွင်းစည်းနှင့် မဲရုံပြင်ပ တာဝန်ထမ်းဆောင်သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ အထူးရဲများ၊ ဌာနဆိုင်ရာဝန်ထမ်းများက မဲဆန္ဒရှင်ပြည်သူများကို တစ်ဦးနှင့်တစ်ဦး ခြောက်ပေခြားရှိစေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးပေးခြင်း၊ ကိုယ်ပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်ပေးခြင်း စသည်တို့ကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လိပ်သိုမြို့တွင် မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၁ အုပ်စုရှိပြီး မဲရုံ ၄၇ ရုံ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ ၃၀၅၄၅ ဦး ရှိကြောင်း သိရသည်။

**နွယ်နွယ်ခိုင် (ပြန်/ဆက်)**

## မြန်မာ ယူ – ၁၆ အမျိုးသားအသင်းကို လူရွေးပွဲကျင်းပကာ ပြန်လည်ဖွဲ့စည်းမည်

**ရန်ကုန် နိုဝင်ဘာ ၉**

လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရမည့် မြန်မာ ယူ–၁၆ အမျိုးသားအသင်းကို လူရွေးပွဲကျင်းပကာ ကစားသမားများ ပြန်လည်ရွေးချယ်မည်ဖြစ်သည်။

မြန်မာ ယူ–၁၆ အမျိုးသားအသင်းကို မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားသည့် မတ်လကတည်းက လေ့ကျင့်မှုရပ်နားထားခြင်းဖြစ်ပြီး လက်ရှိအနေအထားအရ လာမည့်နှစ်ဆန်းပိုင်းမှသာ အစောဆုံးလေ့ကျင့်နိုင်ဖွယ်ရှိနေသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်လယ်ပိုင်းတွင် မြန်မာ ယူ–၁၆ အသင်းကို နည်းပြချုပ်အပြောင်းအလဲပြုလုပ်ထားပြီး နည်းပြချုပ်အဖြစ် ဦးချစ်နိုင်ကို ပြောင်းလဲတာဝန်ပေးထားသည်။ မြန်မာ ယူ–၁၆ အသင်းသည် နည်းပြပြောင်းလဲထားသော်လည်း လက်ရှိအချိန်အထိ စခန်းဝင်လေ့ကျင့်နိုင်ခြင်း မရှိသေးဘဲ ကပ်ရောဂါအခြေအနေအပေါ် မူတည်၍ လေ့ကျင့်နိုင်မည်ဖြစ်သည်။ မြန်မာ ယူ–၁၆ အသင်းနည်းပြချုပ် ဦးချစ်နိုင်သည် ပဏာမကစားသမားများကို ပြန်လည်ရွေးချယ်မည်ဖြစ်ပြီး နှစ်ဆန်းပိုင်းက နောက်ဆုံးဖွဲ့စည်းခဲ့သည့်အသင်းကို အခြေခံကာ အကယ်ဒမီနှင့် ကလပ်အသင်းများမှ အသက်မီသည့်ကစားသမားများကို ပြန်လည်ရွေးချယ်ကာ လူရွေးပွဲကျင်းပပြီး အသင်းနှင့်သင့်လျော်သူများဖြင့် ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်သည်။

မြန်မာ ယူ–၁၆ အသင်းသည် ကစားသမားများ အတွေ့အကြုံရစေရန် MFF Youth အသင်းအမည်ဖြင့် ၂၀၂၀ ရာသီ MNL ယူ–၁၉ လူငယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ကပ်ရောဂါအခြေအနေကြောင့် ပထမအကျော့ ယှဉ်ပြိုင်နေသည့်ကာလမှာပင် ပြိုင်ပွဲကိုဖျက်သိမ်းခဲ့ရသည်။

**ညီမြတ်သော်တာ**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် မန္တလေး – မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃၁ စီး၊ သွင်းကုန် ၂၆၁ စီး၊ ရန်ကုန် – မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်သွင်းကုန် ၁၁၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်အမျိုးအစားစုံ၊ အခြေခံစားသောက်ကုန်နှင့် ပစ္စည်းတင်ဆောင်လာသောယာဉ်ကို တွေ့ရစဉ်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့သည် ပို့ကုန်စစ်ဆေးရေး (ယာဉ်ကြီး) စစ်ဆေးသည့်နေရာတွင် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ မူဆယ်မြို့ဘက်သို့ အခြေခံစားသောက်ကုန်များဖြင့် ဖုံးကွယ်၍ သို၀ှက်သယ်ဆောင် မောင်းနှင်လာသော MDY–6H/6108 (Mitsubishi Canter) (6 W) အားစစ်ဆေးခဲ့ရာ အခြေခံစားသောက်ကုန်များ၏ အောက်၌ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ် အမျိုးအစားစုံ ၄၈၆၃ ကီလိုဂရမ်၊ ပုပ်သိုးပျက်စီးလွယ်သော အခြေခံစားသောက်ကုန်များဖြစ်သည့် ကြက်သွန်နီ ၈၀၀ ကီလိုဂရမ်၊ အသားတု ၄၀၀ ကီလိုဂရမ်၊ ပလတ်စတစ်အိတ် ၁၄၆၀ ကီလိုဂရမ်နှင့် ပစ္စည်းတင်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၀ ဒသမ ၃၈၅ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြဝတီမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

ကရင်ပြည်နယ် မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ငွေကို ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မြဝတီမြို့မရဲစခန်းမှ ဒုရဲအုပ်မင်းမင်းထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီက မြဝတီမြို့ အမှတ် (၄) ရပ်ကွက် ဒေါနပန်းစားသောက်ဆိုင်အနီးတွင် ဘုရားသုံးဆူမြို့နေ ရဲထက်ဝင်းနှင့် မော်လမြိုင်မြို့နေ သက်ပိုင်စိုးတို့ကို စစ်ဆေးရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၉၆၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်းရှိ နေရပ်ပြန်ပြည်သူများအား လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးနေရာ၌ နေရပ်ပြန်ပြည်သူတစ်ဦးသေဆုံးလျက်တွေ့ရှိ

**မူဆယ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ပြည်ထောင်စု အားကစားကွင်း၌ တရုတ်နိုင်ငံဘက်မှ ပြန်လည်ရောက်ရှိလာကြသည့် နေရပ်ပြန်ပြည်သူများကို ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ပြန်လည်လက်ခံပြီး စနစ်တကျ နေရာချထားလျက်ရှိရာ တရုတ်နိုင်ငံဘက်မှ ယမန်နေ့ ည ၁၀ နာရီခွဲခန့်က မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်းသို့ ရောက်ရှိလာသူအမျိုးသားတစ်ဦးကို ယနေ့နံနက် ၇ နာရီခန့်က သေဆုံးလျက် တွေ့ရှိခဲ့ကြောင်း မူဆယ်မြို့ ကိုဗစ် – ၁၉ ရောဂါကြိုတင် ကာကွယ်ထိန်းချုပ်ကုသရေး ဆပ်ကော်မတီထံမှ သိရသည်။

"ပြည်ထောင်စုအားကစားကွင်းမှာရှိတဲ့ လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးနေရာမှာ တရုတ်နိုင်ငံဘက်က ပြန်လည်ရောက်ရှိလာကြတဲ့ နေရပ်ပြန် ပြည်သူတွေကို နံနက် ၇ နာရီမှာ ကိုဗစ် – ၁၉ ရောဂါကူးစက်မှုရှိ/မရှိ ကျန်းမာရေးစစ်ဆေးဖို့အတွက် သွားရောက်တဲ့အခါမှာ သေဆုံးလျက် တွေ့ရှိပါတယ်။ ကျွန်တော်တို့က စိုးရိမ်နေတဲ့အတွက် ရောဂါကာကွယ်ရေး ဝတ်စုံတွေဝတ်ပြီး မူဆယ်မြို့ ပြည်သူ့ဆေးရုံကို စနစ်တကျ ပို့ဆောင်ပေးတယ်။ ဆေးရုံမှာ ရောဂါပိုး ရှိ/မရှိ စစ်ဆေးတဲ့အခါမှာ ပိုးမရှိဘူးလို့ အဖြေထွက်ပါတယ်။ သေဆုံးသူ (အမျိုးသား) ကို သင်္ဂြိုဟ်ဖို့ စီစဉ်တဲ့အခါ သူ့ဆွေမျိုးသားချင်းတွေ ရောက်ရှိလာပြီး ဆွေမျိုးသားချင်းတွေနဲ့အတူ ကောင်းမွန်စွာ သင်္ဂြိုဟ်ခဲ့ပါတယ်" ဟု မူဆယ်မြို့လူမှုကရုဏာ ကူညီရေးအသင်းဥက္ကဋ္ဌ ဦးသောင်းထွန်းက ပြောသည်။

မူဆယ်မြို့ လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးနေရာ၌ သေဆုံးသူသည် ကလေးမြို့၌ နေထိုင်သူ ချင်းတိုင်းရင်းသားဖြစ်ပြီး နဂိုကျန်းမာရေး အခံမကောင်းကြောင်းနှင့် တရုတ်နိုင်ငံဘက်တွင် အလုပ်လုပ်ကိုင်၍ကလေးမြို့ ဇာတိပြန်ရန်ဆွေမျိုးများနှင့်အတူ မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိလာသူ ဖြစ်ကြောင်း သိရသည်။ **ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

အသင်းဘဏ္ဍာရေးထိခိုက်ခံစားရသည့်အသင်းများထဲမှ တစ်သင်းဖြစ်ပြီး ပေါင် ၈၈ သန်း အရှုံးပေါ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဘရိတ်ဝိတ်သည် လီဂါနက်စ်အသင်းမှ ဘာစီလိုနာအသင်းသို့ ရောက်ရှိပြီး ၁၂ လအကြာတွင် ယခုလို ဘာစီလိုနာအသင်းမှ ရောင်းထုတ်ရန် လျာထားသည့် ကစားသမားစာရင်းတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဘာစီလိုနာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၅ ပွဲသာ ပါဝင်ကစားထားရသေး၍ တစ်ဂိုးသာ သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

နည်းပြ ကိုးမန်းသည် ကစားသမားသစ်များကို ခေါ်ယူရန် ဆန္ဒရှိနေသည့်အတွက် ဘာစီလိုနာအသင်းအနေဖြင့် နည်းပြကိုးမန်း၏ ဆန္ဒကို ဖြည့်ဆည်းပေးရန်အလို့ငှာ အသင်းမှ ကစားသမားအချို့ကို ရောင်းထုတ်ကာ ရန်ပုံငွေမြှင့်တင်ရန် လိုအပ်နေခြင်းဖြစ်သည်။ နည်းပြ ကိုးမန်းသည် ၎င်းနှင့် တစ်နိုင်ငံတည်းသားဖြစ်သူ လိုင်ယွန်အသင်းမှ ဒီပေးကို ခေါ်ယူလိုနေပြီး မန်စီးတီးအသင်းမှ ခံစစ်ကစားသမားတစ်ဦးဖြစ်သူ အဲရစ်ဂါစီယာကိုလည်း ခေါ်ယူရန် ဆန္ဒရှိနေသည်။

ဘာစီလိုနာအသင်းက ရောင်းထုတ်လိုနေသည့်အခြားကစားသမားတစ်ဦးမှာ ကားလိစ်အလီနာဖြစ်ပြီး နူးကမ့်တွင် ပြိုင်ပွဲအရပ်ရပ် ပွဲ ၄၀ ကစားထားကာ သုံးဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ ဂျူနီယာ ဖာပိုသည်ကိုလည်း ဘာစီလိုနာအသင်းက ရောင်းထုတ်ရန် ဆန္ဒရှိနေသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ဘာစီလိုနာအသင်းအတွက် ပြိုင်ပွဲစုံ နှစ်ပွဲသာ ကစားထားရသေးကြောင်း သိရသည်။ ၎င်းသည် ၂၀၁၉ ခုနှစ်တွင် ရီးရဲဘက်တစ်အသင်းမှ ဘာစီလိုနာအသင်းသို့ ငါးနှစ်စာချုပ်ဖြင့် ရောက်ရှိလာသူဖြစ်ပြီး နူးကမ့်၌ ပြိုင်ပွဲအရပ်ရပ် ၂၅ ပွဲသာ ပါဝင်ကစားထားရသေးသည်။ ဘာစီလိုနာအသင်းက ရောင်းထုတ်ရန် ဆန္ဒရှိနေသည့် ငါးဦးမြောက် ကစားသမားမှာ ဆမ်မြူရယ်အမ်တီတီ ဖြစ်သည်။ ၎င်းသည် ၂၀၁၉–၂၀ ရာသီ ဘာစီလိုနာအသင်းတွင် ပြိုင်ပွဲစုံ ၁၈ ပွဲ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။ ၎င်းသည် ၂၀၁၆ ခုနှစ်တွင် လိုင်ယွန်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ပြိုင်ပွဲစုံ ၁၁၆ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။

ရော်နယ်ကိုးမန်း၏ ဘာစီလိုနာအသင်းသည် လာလီဂါပွဲစဉ် (၉) အဖြစ် စနေနေ့ညက ရီးရဲဘက်တစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဒမ်ဘီလီ၊ ဂရစ်ဇ်မန်း၊ မက်ဆီ၊ ပက်ဒရီတို့၏ သွင်းဂိုးများနှင့်အတူ ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ဘာစီလိုနာအသင်းသည် ယခုနှစ်ရာသီ လာလီဂါ ခုနစ်ပွဲကစားပြီးချိန်တွင် သုံးပွဲသာ အနိုင်ရရှိထားသေးပြီး နှစ်ပွဲ ရှုံးကာ နှစ်ပွဲသရေကျထားသည့်အတွက် ရမှတ် ၁၁ မှတ်သာ ရရှိထားသေးသည်။

**အောင်ဇော်**

## တောင်ဥက္ကလာပမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ် (၈) ရပ်ကွက် စက်မှုဇုန် ၂ လမ်း အမှတ် (၄၁) အဆောက်အအုံရှိ ထမင်းနှင့်စားဖွယ်စုံဆိုင်တွင် နိုဝင်ဘာ ၈ ရက်ည ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးငြှိမ်းသတ်ယာဉ် ၁၄ စီး၊ ရေသယ်ယာဉ်နှစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦးတို့ဖြင့် မီးငြှိမ်းသတ်ရာ ည ၈ နာရီ ၂၂ မိနစ်တွင် မီးငြိမ်းသွားသည် ။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ အနောက်စတိုခန်းဘေးရှိ သစ်သားစင်ပေါ်တွင် ရေနွေးအိုးတည်ထားခဲ့ရာမှ ရေနွေးအိုးအပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် အခန်းအကျယ် ၂၅ ပေပတ်လည်ခန့်အတွင်းရှိ အဆောက်အအုံအနည်းငယ် မီးလောင်ခဲ့သည်။ မီးလောင်မှုကြောင့် ပိုင်ရှင် ဦးဝင်းထိုက် (အသက် ၅၃ နှစ်) အား တောင်ဥက္ကလာပမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားသည်။

**အောင်သူရ**

## တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် – CMRS ဖြင့် သတင်းပေးပို့ချက်အရ နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စဉ့်ကူးမြို့နယ် အောက်မတ္တရာ တိုးချဲ့ကြိုးဝိုင်းအတွင်း တရားမဝင် ပျဉ်းကတိုး၊ သစ်ယာ၊ အင်၊ ထောက်ကြန့်သစ် ၅၇ ဒသမ ၆၆၀၀ တန်နှင့်အတူ သုံးပေ လွှဝိုင်း နှစ်ဝိုင်း၊ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့အနီးမှ တရားမဝင် ကညင်သစ် ၇ ဒသမ ၂၄၄၀ တန်၊ မင်းကင်းမြို့နယ် ပိတ်ချင်းတောကြိုးပြင် ကာကွယ်တောအတွင်း၊ စမြင်ရွာ အနီးတစ်ဝိုက်နေရာတို့မှ တရားမဝင် ကျွန်း၊ သစ်ယာ၊ ကညင်၊ အင်၊ သပြေ၊ စကားဝါ သစ်၊ ခွဲသား၊ ခွဲခြမ်း၊ ချောင်း၊ ခြမ်း ၇၅ ဒသမ ၇၆၃၄ တန်နှင့် တာယာဘီး တပ်လှည်း တစ်စီး၊ အင်ဂျင်နှစ်လုံး၊ သစ်စက် ဆက်စပ်ပစ္စည်း၊ ကျောက်တံခါးမြို့နယ်၊ ရန်ကုန် – နေပြည်တော် အမြန်လမ်း (၈၅/၀)မိုင်လမ်း အရှေ့ဘက် တစ်ဖာလုံခန့်အကွာတွင် တရားမဝင်ကျွန်းခွဲသား ၅ ဒသမ ၄၃၆၂ တန်တို့အားလည်းကောင်း ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။ ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# တောင်ကြီးမြို့ရှိ ရွှေဆိုင်မှ ရွှေထည်ပစ္စည်းများ ခိုးယူထွက်ပြေးသွားသူနှစ်ဦးကို ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၌ နိုဝင်ဘာ ၈ ရက်က ရွှေဆိုင်မှ ရွှေထည်ပစ္စည်းများ ခိုးယူထွက်ပြေးသွားသူနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက်နံနက် ၁၁ နာရီ ၅ မိနစ်ခန့်က တောင်ကြီးမြို့ကန်ရှေ့ရပ်ကွက်ရှိ"လုံဝမ်" ရွှေဆိုင်သို့ အေးသာယာမြို့ (၁၂) ရပ်ကွက်နေ ကျော်မင်းသိုက်(၃၆ နှစ်) နှင့် ဇနီးဖြစ်သူ ဒေါ်စန္ဒာ(ခ)မငယ်(၂၇ နှစ်) တို့ ရောက်ရှိလာပြီး ရွှေဝယ်ယူလိုကြောင်း ပြောဆိုသဖြင့် အရောင်းစာရေး ဝန်ထမ်း မတင်ဇာက ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေဆွဲသီးတစ်ခု၊ ပတ္တမြားနားဆွဲတစ်ရန်အားထုတ်၍ပြသစဉ်ကျော်မင်းသိုက်တို့နှစ်ဦး က အဆိုပါ ရွှေထည်ပစ္စည်းများကို ယူဆောင်ထွက်ပြေးသွားသဖြင့် ကန်ရှေ့ရပ်ကွက်ဈေးမီးပွိုင့်လမ်းဆုံ၌ လုံခြုံရေးတာဝန်ကျနေသော ရဲတပ်ဖွဲ့ဝင်များနှင့် အနီးရှိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ ကျော်မင်းသိုက်နှင့် ဒေါ်စန္ဒာ(ခ)မငယ် (ဝဲပုံ) တို့အား တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**ရဲပြန်ကြား**

# လှိုင်သာယာ အရှေ့ပိုင်းမြို့နယ်၌ ဆိုင်ကယ်ဖြင့် ရွှေဆွဲကြိုးဖြတ်သူ နှစ်ဦးကို ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ နိုဝင်ဘာ ၇ ရက်က ဆိုင်ကယ်ဖြင့် ရွှေဆွဲကြိုးဖြတ်ယူသူ နှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ ရက် ညနေ ၅ နာရီခန့်က ရွှေလင်ပန်းကျေးရွာနေ မအေးအေးအောင်(၂၁ နှစ်) သည် စက်ရုံမှနေအိမ်သို့ပြန်လာစဉ် နေအိမ်အနီး ကမ်းပတ်လမ်းပေါ်တွင် မျက်နှာချင်းဆိုင်မှ အမျိုးသားနှစ်ဦး စီးနင်းမောင်းနှင်လာသည့် ဆိုင်ကယ်မှာ မအေးအေးအောင်အား ဝင်ရောက်တိုက်မိခဲ့ရာ တောင်းပန်သဖြင့် ပြန်လှည့်ထွက်စဉ် ဆိုင်ကယ်မောင်းနှင်သူက မအေးအေးအောင်၏ ရွှေဆွဲကြိုးကို ဆွဲဖြတ်သဖြင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းခံခဲ့ရာ လှည့်ကင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များနှင့် အနီးရှိပြည်သူများ ရောက်ရှိလာပြီး ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူ(၂)ရပ်ကွက်နေ ငြိမ်းချမ်းအောင် (၂၃ နှစ်)နှင့် မိုးသန့်ဇင် (၂၉ နှစ်) တို့အား သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ နှစ်ဦးအား လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပခုက္ကူမြို့၌ ပိုက်ဆံအိတ် ဆွဲယူပြေးသွားသူများကို ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ နိုဝင်ဘာ ၈ ရက်က ဆိုင်ကယ်ဖြင့် လိုက်ပါပြီး ဖုန်းနှင့်ပိုက်ဆံအိတ်ထည့်ထားသည့် အိတ်ကို ဆွဲယူထွက်ပြေးသွားသူများကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ပခုက္ကူမြို့ အမှတ်(၂) ရပ်ကွက်နေ ဒေါ်သိန်းသိန်းမြင့်(၅၂ နှစ်)သည် နေအိမ်မှ မြို့နယ်ကော်မရှင်ရုံးသို့ မဲကိစ္စမေးမြန်းရန် ၎င်းပိုင်ဆိုင်ကယ်ဖြင့် သွားရောက်ခဲ့ရာ နောက်မှ အမည်မသိလူငယ် သုံးဦးမောင်းနှင်လာသော ဆိုင်ကယ်တစ်စီးကပ်လိုက်လာပြီး ဒေါ်သိန်းသိန်းမြင့်၏ ဆိုင်ကယ်ဘယ်ဘက်လက်ကိုင်တွင် ချိတ်ဆွဲထားသည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် ပိုက်ဆံအိတ်ထည့်ထားသည့် အိတ်ကို ဆွဲယူထွက်ပြေးသွားခဲ့သဖြင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းစဉ် လှည့်ကင်းဆောင်ရွက်နေသည့် ပခုက္ကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ပြီး စစ်မေးရာ အမှတ်(၁)ရပ်ကွက်နေ ပြည့်ဖြိုးလတ် (၁၇ နှစ်) သီဟမင်း(၁၆ နှစ်)နှင့် အမှတ်(၃)ရပ်ကွက်နေ လမင်း(၁၄ နှစ်)တို့ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများကို သိမ်းဆည်းကာ ၎င်းတို့သုံးဦးအား ပခုက္ကူ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အောက်တိုဘာလအတွင်း လူကုန်ကူးမှု လေးမှု ဖော်ထုတ်ဖမ်းဆီးနိုင်

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ကိုဗစ်-၁၉ ဖြစ်ပွားမှုကာလ၏ အောက်တိုဘာလအတွင်း လူကုန်ကူးမှုများကို ဖော်ထုတ်အရေးယူခဲ့ရာ လူကုန်ကူးမှုပေါင်း လေးမှု၊ လူကုန်ကူးခံရသူ အမျိုးသမီးလေးဦး တရားခံပေါင်း ၁၂ ဦး (အမျိုးသား သုံးဦး၊ အမျိုးသမီး ကိုးဦး) ကို ဖမ်းဆီးပြစ်ဒဏ်ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာလအတွင်း နေပြည်တော်မှ အမျိုးသမီးတစ်ဦး၊ ရန်ကုန်မြို့မှ အမျိုးသမီးတစ်ဦး၊ ရှမ်းပြည်နယ်မှ အမျိုးသမီးနှစ်ဦး စုစုပေါင်း မြန်မာအမျိုးသမီး လေးဦးကို လူကုန်ကူးသူ ၁၂ ဦးက အဓမ္မလက်ထပ်စေခိုင်းရန် လူကုန်ကူးသူများက တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ စာရင်းအရ သိရသည်။

"ဒီနှစ်မှာ အောက်တိုဘာလက လူကုန်ကူးမှုဖမ်းဆီးရရှိမှု အနည်းဆုံးပါ၊ လေးမှုပဲရှိပါတယ်" ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မှုခင်း/သုတေသနဌာနမှ ဒုရဲအုပ် စမ်းယဉ်အေးက အတည်ပြုပြောကြားသည်။

**သန့်ဇင်ဝင်း**

# နမ့်စန်မြို့နယ်၌ ဖခင်က တူမီးသေနတ်ဖြင့် ပစ်ခတ်၍ သားဖြစ်သူ သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာနေ ဦးထွန်းလင်း (၅၂ နှစ်)၏ နေအိမ်ခြံဝင်း၌ နိုဝင်ဘာ ၇ ရက် ည ၁၁ နာရီ ၄၅ မိနစ်က သားဖြစ်သူ အိုက်စိုင်း (၂၉ နှစ်) မှာ အရက်မူးပြီး ဖခင်ဖြစ်သူ ဦးထွန်းလင်းအား တူမီးသေနတ်ဖြင့် ပစ်ခတ်ရာ ကျည်မထွက်ဘဲဖြစ်နေစဉ် ဦးထွန်းလင်းက တူမီးသေနတ်ဖြင့် ပြန်လည်ပစ်ခတ်၍ အိုက်စိုင်းမှာ ဦးခေါင်းကျည်ထိမှန်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားသဖြင့် ဦးထွန်းလင်းအား နမ့်စန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပရီမီယာလိဂ် ပွဲစဉ်(၈) အာဆင်နယ်တို့ အက်စ်တွန်ဗီလာကို ဂိုးပြတ်ရှုံး

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၈)မှ နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သော အာဆင်နယ်နှင့် အက်စ်တွန်ဗီလာပွဲစဉ်ကို နိုဝင်ဘာ ၉ရက် တနင်္လာနေ့ နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-ဂိုးမရှိဖြင့် အက်စ်တွန်ဗီလာအသင်း အဝေးကွင်း နိုင်ပွဲရရှိခဲ့သည်။

ယင်းပွဲတွင် ပထမပိုင်း ပွဲချိန် ၂၅ မိနစ်၌ အာဆင်နယ်ကွင်းလယ်ကစားသမား ဆာကာ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် အက်စ်တွန်ဗီလာတို့ အဖွင့်ဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၇၂ မိနစ်နှင့် ၇၅မိနစ်တွင် အိုလီဝက်ကင်စ်က အက်စ်တွန်ဗီလာအတွက် အနိုင်ဂိုးများကို သွင်းယူပေးခဲ့သည်။ ပရီမီယာလိဂ်ပွဲစဉ်(၈) ယှဉ်ပြိုင်အပြီးတွင် ချယ်ဆီးနှင့် အက်စ်တွန်ဗီလာသည် ရမှတ် ၁၅မှတ်စီဖြင့် အဆင့် ၅ နှင့် ၆ တွင်ရပ်တည်နေကာ ရာသီအစတွင် ခြေစွမ်းပြပြီး ဇယားထိပ်တွင်ဦးဆောင်ခဲ့သည့် အဲဗာတန်အသင်းသည် ရမှတ် ၁၃ မှတ်ဖြင့် အဆင့်၇သို့ ဆင်းခဲ့ရသည်။ မန်စီးတီးနှင့် အာဆင်နယ်သည် ရမှတ် ၁၂ မှတ်စီဖြင့် အဆင့် ၁၀ နှင့် ၁၁ တွင် ရပ်တည်နေပြီး မန်ယူအသင်းသည် ရမှတ် ၁၀ မှတ်ဖြင့် အဆင့် ၁၄ တွင် ရပ်တည်နေသည်။ တန်းဆင်းဇုန်တွင် ဝက်စ်ဘရွန်း ရမှတ် သုံးမှတ်၊ ဘန်လေ နှစ်မှတ်နှင့် ရှက်ဖီးလ်ယူနိုက်တက်က တစ်မှတ်သာ ရရှိထားသည်။ တန်းစီဇယားထိပ်တွင် ရမှတ် ၁၈ မှတ်ဖြင့် လက်စတာက ဦးဆောင်နေပြီး စပါးနှင့် လီဗာပူးကရမှတ် ၁၇ မှတ်စီရရှိကာ ဆောက်သမ်တန်က ၁၆ မှတ်ဖြင့် အဆင့် ၄ တွင် ရပ်တည်နေသည်။ **သီဟ**





# ရီးရဲမက်ဒရစ်တို့ အဝေးကွင်းတွင် ဗလင်စီယာကို ဂိုးပြတ်ရှုံးနိမ့်

စပိန်လာလီဂါ ပွဲစဉ်(၉)မှ နိုဝင်ဘာ ၉ ရက် နံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် ဗလင်စီယာနှင့် ရီးရဲမက်ဒရစ်ပွဲတွင် လေးဂိုး-တစ်ဂိုးဖြင့် ဗလင်စီယာအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပထမပိုင်းပွဲချိန် ၂၃ မိနစ်၌ ဘင်ဇီမာက ရီးရဲမက်ဒရစ်အတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပြီး မိနစ် ၃၀ တွင် ဗလင်စီယာတို့ ပယ်နယ်တီကန်ခွင့်ရရှိရာ ကားလို့စ်ဆိုလာ ကန်သွင်းခဲ့သော်လည်း ချေပဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ပွဲချိန် ၃၅ မိနစ်တွင် ဗလင်စီယာအသင်း ပယ်နယ်တီထပ်မံရရှိကာ ကာလို့စ်ဆိုလာက ချေပဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ပွဲချိန် ၄၃ မိနစ်တွင် ရီးရဲမက်ဒရစ် နောက်တန်းကစားသမား ဗာရာနီ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် အိမ်ရှင်ဗလင်စီယာတို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ ဗလင်စီယာအတွက် အနိုင်ဂိုးများကို ပွဲချိန် ၅၄ မိနစ်နှင့် ၆၃ မိနစ်တွင် ပယ်နယ်တီအခွင့်အရေးနှစ်ကြိမ်ထပ်မံရရှိခဲ့ကာ ကားလို့စ်ဆိုလာက အနိုင်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ လာလီဂါပွဲစဉ်(၉)ယှဉ်ပြိုင်အပြီးတွင် ဆိုစီဒက်က ရမှတ် ၂၀ ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး အဆင့်၂ တွင် ဗီလာရီးရဲလ်က ရမှတ် ၁၈ မှတ်၊ အဆင့် ၃ တွင် အက်သလက်တီကိုက ရမှတ် ၁၇ မှတ်၊ ရီးရဲမက်ဒရစ်က ရမှတ် ၁၆ မှတ်ဖြင့် အဆင့် ၄ တွင် ရပ်တည်နေသည်။ ဘာစီလိုနာနှင့် ဗလင်စီယာအသင်းသည် ရမှတ် ၁၁ မှတ်စီဖြင့် အဆင့် ၈ နှင့် ၉ တွင် ရပ်တည်နေသည်။

**သီဟ**

# YPS ကတ်များကို တစ်ကတ်ဝယ် တစ်ကတ်လက်ဆောင်ရယူနိုင်မည့် အစီအစဉ်ဖြင့်ရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန် ငွေပေးချေခြင်းဝန်ဆောင်မှု (YPS) အရောင်းစင်တာများ ပြန်လည်ဖွင့်လှစ်သည့်အနေဖြင့် YPS ကတ်များကို တစ်ကတ်ဝယ် တစ်ကတ်လက်ဆောင်ရယူနိုင်မည့် အစီအစဉ်ဖြင့် ရောင်းချလျက်ရှိကြောင်း YPS ၏ ထုတ်ပြန်မှုများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် ရန်ကုန်ငွေပေးချေခြင်းဝန်ဆောင်မှုစင်တာများကို စက်တင်ဘာ ၂၂ ရက်မှစတင်ကာ ယာယီပိတ်ထားခဲ့ပြီးနောက် နိုဝင်ဘာ ၃ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် နိုဝင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ YPS ကတ်အရောင်းစင်တာများဖြစ်သော ရန်ကုန်မြို့တော်ခန်းမဘေး၊ မဟာဗန္ဓုလပန်းခြံရှေ့၊ မြန်မာပလာဇာ၊ ယုဇနပလာဇာ၊ လှည်းတန်းမှတ်တိုင်၊ YUPT ရုံးချုပ်ရှေ့၊ ဗန္ဓုလပါရမီကားဝင်းရှေ့တို့တွင် တစ်ကတ်ဝယ် တစ်ကတ်လက်ဆောင်ရယူနိုင်မည့် အစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် ငွေပေးချေခြင်းဝန်ဆောင်မှုကတ်များကို ဇူလိုင် ၂၀ ရက်မှ စတင်၍ YBS ခရီးသည်တင်ယာဉ်လိုင်း ၁၂ လိုင်းတွင် အသုံးပြုခဲ့ပြီး ဩဂုတ် ၈ ရက်တွင် ယာဉ်လိုင်းပေါင်း ၂၀ လိုင်းတွင် ထပ်မံအသုံးပြုလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်များအရ နိုဝင်ဘာ ၈ ရက်တွင် YBS ယာဉ်လိုင်းပေါင်း ၉၁ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၁၆၈၆ စီး ပြေးဆွဲလျက်ရှိပြီး ခရီးသည် နှစ်သိန်းကျော် သွားလာလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**




**ဓာတ်ပုံ – YPS**

# ရန်ကုန်စည်ပင် နယ်နိမိတ်မြို့နယ်များတွင် Mobile Market ဖြင့် စားသောက်ကုန်ပစ္စည်းများကို ဆက်လက်ရောင်းချပေးသွားမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ကိုဗစ်-၁၉ ရောဂါကာလတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ ရန်ကုန်မြို့ စည်ပင်နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ ပြည်သူများ လတ်ဆတ်သက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် Mobile Market ဖြင့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်တို့ကို ယနေ့တွင် ဆက်လက်ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

ရောင်းချသော စားသောက်ကုန်များမှာ ကြက်သား၊ ဆိတ်သား၊ အမဲသား ၊ ငါး၊ ပုစွန်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်ဥချောင်း၊ ဝက်ဥချောင်း၊ စားသောက်ကုန် ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်တို့ကို မြို့နယ်အလိုက်အလှည့်ကျ ရောင်းချပေးလျက်ရှိပြီး ကိုဗစ်-၁၉ ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လတ်ဆတ်သောစားသောက်ကုန်များ စားသုံးနိုင်ရန်နှင့် ဈေးများသို့ သွားရောက်ဝယ်ယူမှု လျှော့ချနိုင်စေရန် အောက်တိုဘာ ၂၆ ရက်မှ စတင်ရောင်းချပေးခြင်းဖြစ်ရာ နိုဝင်ဘာ ၁၀ ရက်၌ အရှေ့ပိုင်းခရိုင်တွင် မြောက်ဒဂုံမြို့နယ်ရှိ မဟာမြိုင်အိမ်ရာ၊ မြောက်ဥက္ကလာပမြို့နယ်တွင် (၈) ရပ်ကွက်ရှိ ဝဇီရာ ၄ လမ်းနှင့် ၅ လမ်းကြားတို့တွင် လည်းကောင်း၊ အနောက်ပိုင်းခရိုင်၌ ကျောက်တံတားမြို့နယ်ရှိ အနော်ရထာလမ်း တောင်ဘက်ခြမ်း၊ ၃၄ လမ်းနှင့် ၃၆ လမ်းကြား၊ စမ်းချောင်းမြို့နယ်ရှိ ဗဟိုလမ်း (အမှတ်-၄) အထက်တန်းကျောင်းရှေ့နှင့် (အမှတ်- ၃) အထက်တန် ကျောင်းရှေ့တွင် လည်းကောင်း၊ တောင်ပိုင်းခရိုင်၌ တာမွေမြို့နယ်တွင် မအူကုန်းလမ်းကျယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ အောင်မင်္ဂလာရပ်ကွက်ရှိ နှင်းဆီလမ်းနှင့် စပယ်လမ်းထောင့်၊ မေတ္တာညွန့်ရပ်ကွက်ရှိ ရာဇသင်္ကြန်လမ်းနှင့် မာလာနွယ်လမ်းထောင့်တွင် လည်းကောင်း၊ မြောက်ပိုင်းခရိုင်၌ ကမာရွတ်မြို့နယ် (၆) ရပ်ကွက်ရှိ ပြည်ရိပ်မွန်အိမ်ရာ၊ နာနတ်တောလမ်းနှင့် လှည်းတန်းလမ်းထောင့်တို့တွင် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။



**သန်းထိုက်**

# မူဆယ် ၁၀၅ မိုင်တွင် ရှာပေါင်း ကိုးရှာ စုပေါင်းကာ ပွဲဆောင်းဆာမ် ဘုရားပွဲ ကျင်းပ

**မူဆယ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကျေးရွာတွင် ယမန်နေ့က ရွာပေါင်းကိုးရွာ စုပေါင်းကာ ပွဲဆောင်းဆာမ်ဘုရားပွဲကို အောင်သီရိမင်္ဂလာ သုခဘုန်းကြီးကျောင်းအတွင်းရှိ တပ်မဆုံစည်းခြင်းအမှတ်တရ ငြိမ်းချမ်းရေးလွမ်းစေတီ(သို့) ကိုးနဝင်း ရန်ကင်းဆုတောင်းပြည့်ဘုရားပရဝုဏ်အတွင်း ၌ ကျင်းပသည်။ အဆိုပါပွဲတော်သည် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ရှမ်းတိုင်းရင်းသားများ၊ တအာင်း (ပလောင်) တိုင်းရင်းသားများ၏ ဘိုးဘွားအစဉ်အဆက် နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ပြုလုပ်ခဲ့သည့် ပွဲတော်တစ်ခုဖြစ်ပြီး ရှမ်းပြည်နယ်၏ အထွတ်အမြတ်ဆုံးပွဲတော်လည်း ဖြစ်ကြောင်း သိရသည်။

"အရင်တုန်းကတော့ ဒီပွဲတော်မရောက်ခင် ရပ်နီးရပ်ဝေးမှ ရှမ်းတိုင်းရင်းသားတွေ၊ တအာင်း (ပလောင်)တိုင်းရင်းသားတွေနဲ့ အခြားတိုင်းရင်းသားတွေကို ဖိတ်ခေါ်ပြီး ပွဲတော်ပြုလုပ်ဖို့ ကြိုတင်တိုင်ပင်ညှိနှိုင်းဆွေးနွေးခဲ့ပြီးမှ ပွဲတော်ကို စည်စည်ကားကား ပြုလုပ်ခဲ့ပါတယ်။ အခုကျတော့ ကိုဗစ်ရောဂါ ကြောင့် လူစုလူဝေးကို ရှောင်ရှားတဲ့အနေနဲ့ (၁၀၅) မိုင် ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ရွာပေါင်းကိုးရွာက ရပ်မိရပ်ဖတွေနဲ့ပဲ တိုင်ပင်ပြီး ပွဲတော်ကို အကျဉ်းချုံးလေး လုပ်လိုက်ရတာ ဖြစ်တယ်" ဟု (၁၀၅) မိုင် အောင်သီရိမင်္ဂလာ သုခဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကေသရက မိန့်ကြားသည်။

ပွဲဆောင်းဆာမ်ဆိုသည်မှာ မြန်မာဘာသာစကားအရ ၂၃ ပွဲဟု အဓိပ္ပာယ်ရပြီး ရှမ်း၊ တအာင်း(ပလောင်) မျိုးနွယ်စုများ၏ ဝေါဟာရစကားဖြစ်ပြီး ၂၃ ဆိုသည့် သီတင်းကျွတ်လဆန်း ၁ ရက်မှ လပြည့်ကျော် ၈ ရက်အထိ ရက်ပေါင်း ၂၃ ရက် ရှိကြောင်း၊ ၎င်း ၂၃ ရက်ကို အကြောင်းပြုကာ ၂၃ ပွဲ၊ ပွဲဆောင်းဆာမ်ဟု ရှေးအခါက သက်ကြီး အဘိုး အဘွားများ မှည့်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပွဲတော်ရက်တွင် ရှမ်းတိုင်းရင်းသားနှင့် တအာင်း(ပလောင်)တိုင်းရင်းသားများ အဓိကနေထိုင်သည့် မူဆယ်မြို့နယ် မိုင်းယု(၁၀၅) မိုင်ကျေးရွာအုပ်စုနှင့် တုန်ခံကျေးရွာအုပ်စုအတွင်းရှိ ရွာပေါင်းကိုးရွာဖြစ်သည့် မိုင်းယု၊ အထက်နမ့်ဟွယ်၊ အောက်နမ့်ဟွယ်၊ လုံခန်၊ ဟိုနား (ပန်ကြုံ) မန်မော်၊ အထက်တုန်ခန်၊ အောက်တုန်ခန် ကျေးရွာများနှင့် ဟိုနောင်ကျေးရွာတို့မှ သက်ကြီးအဘိုးအဘွားများ၊ အပျို လူပျိုများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကလေးလူကြီးများက ကျေးရွာအလိုက် ပန်းအလှပင်များ၊ ဘုရားပန်းများ၊ ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် ရိုးရာမုန့်များ သယ်ဆောင်ကာ ဘုန်းကြီးကျောင်းများနှင့် ဘုရားစေတီပုထိုးများရှိရာနေရာသို့ ဆက်ကပ်ကြပြီး ဆုတောင်းမေတ္တာများ ပို့သခဲ့ကြသည်။

**သန့်ဇင်(မူဆယ်)**

